# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ဝါခေါင်လဆန်း (၈) ရက် ၊ တနင်္လာနေ့ ၊ (12-8-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၀၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရန်ကုန်တိုင်းဒေသကြီး သန်လျင်-ကျောက်တန်းရှိ သီလဝါဆိပ်ကမ်းတံတားများနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများ၏လုပ်ငန်းများ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သန်လျင်-ကျောက်တန်းသီလဝါဆိပ်ကမ်းဧရိယာရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ကြီးကြပ်စီမံခန့်ခွဲလျက်ရှိသည့် သီလဝါဆိပ်ကမ်းတံတားများနှင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ရန်ကုန်မြို့ရှိ ဝန်ကြီးဌာနလက်အောက်မှ ဦးစီးဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သီလဝါဆိပ်ကမ်းဧရိယာရှိ မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း-သီလဝါ(Myanmar International Terminal Thilawa – MITT)သို့ ရောက်ရှိရာ အစည်းအဝေးခန်းမတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်ထွန်းလွင်က

စာမျက်နှာ ၁၆ ကော်လံ ၁ ☞


ဆဋ္ဌသင်္ဂါယနာမှု ပိဋကတ်သုံးပုံ ပါဠိတော်ကျမ်းများ ဆက်ကပ်လှူဒါန်း စာမျက်နှာ- ၁၈

ပဲခူးမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေကြီးရေလျှံ ဖြစ်ပေါ်ခဲ့သည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက် စာမျက်နှာ- ၁၉

ကိုဗစ်- ၁၉ ရန်ပုံငွေမှ ချေးငွေပေးဆပ်ရန် ကျန်ရှိနေသည့် ကုမ္ပဏီ၊ လုပ်ငန်းများ ချေးငွေအရင်းနှင့် အတိုးများ အမြန်ဆုံး ပြန်လည်ပေးဆပ်ရန် အသိပေးကြေညာ စာမျက်နှာ- ၂၁


**စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး လူငယ်များရဲ့ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဖြင့် ဖော်ဆောင်ပေး**

ဆောင်းပါး စာမျက်နှာ- ၁၀




ရတနာပုံ
၂၀၂၄ ခုနှစ် ဩဂုတ် ၁၂ ရက်
အယ်ဒီတာ့အာဘော်

# လူငယ်များ၏စွမ်းပကား တိုးတက်မြင့်မားစေရေး

"ယနေ့လူငယ်၊ နောင်ဝယ်လူကြီး"ဟုဆိုထားရာ လူငယ်များသည် နိုင်ငံ၏အနာဂတ်ခေါင်းဆောင်လောင်းများဖြစ်ကြပြီး နိုင်ငံ၏အခန်းကဏ္ဍအသီးသီးကိုပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်သည်။ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံအတွက်သားကောင်းရတနာများအဖြစ် ပေါ်ထွန်းရေးကို စနစ်တကျပြုစုပျိုးထောင်ပေးရန် အထူးလိုအပ်လှပေသည်။ ထို့ကြောင့် လူငယ်များ၏စွမ်းပကားများတိုးတက်မြင့်မားစေရန်အတွက် ၂၀၀၉ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချက်အရ နှစ်စဉ်နှစ်တိုင်း ဩဂုတ် ၁၂ ရက်ကို အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အဖြစ် သတ်မှတ်ခဲ့သည်။

လူငယ်များ၏ မျက်မှောက်ကာလတွင် ရင်ဆိုင်နေရသော အခက်အခဲများကို ဖြေရှင်းပေးရန်၊ ကမ္ဘာ့လူငယ်များအတွက် အစီအစဉ်များကို နိုင်ငံတကာမှအာရုံစိုက်လာစေရန်၊ လူငယ်တို့၏စွမ်းပကားတိုးတက်မြင့်မားစေရန် ဟူသောရည်ရွယ်ချက်များဖြင့် ကုလသမဂ္ဂက နှစ်စဉ်နှစ်တိုင်းအပြည်ပြည်ဆိုင်ရာလူငယ်များနေ့ဆောင်ပုဒ်ချမှတ်ပေးသည်။ ယခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ဆောင်ပုဒ်မှာ "စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး လူငယ်များရဲ့ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဖြင့် ဖော်ဆောင်ပေး"ဖြစ်သည်။

လူငယ်ဆိုသည့်အတိုင်း ငယ်ရွယ်နုပျိုခြင်း၊ သွက်လက်ဖျတ်လတ်ခြင်း၊ စူးစမ်းလေ့လာလိုစိတ်ရှိခြင်း၊ ကာယအားဉာဏအားဖြင့် အပင်ပန်းခံနိုင်ခြင်း စသည့်အရည်အချင်းများရှိကြသည်။ ကမ္ဘာ့နိုင်ငံတိုင်းလိုလိုတွင် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကြီးဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူမှုအရင်းအနှီးနှင့် ဉာဏအရင်းအနှီးတို့ အပြိုင်အဆိုင်မြှုပ်နှံကြရာတွင် မျိုးဆက်သစ်လူငယ်များကို ပိုမိုပြုစုပျိုးထောင်ပေးလျက်ရှိကြပေသည်။

လူငယ်တိုင်းတွင် ကိုယ်ခန္ဓာစွမ်းအားဖြစ်သည့် ကာယဗလ၊ ဉာဏ်၏စွမ်းအားဖြစ်သည့် ဉာဏဗလ၊ အကျင့်ကောင်းအကျင့်မြတ်၏စွမ်းအားဖြစ်သည့်စာရိတ္တဗလ၊ မိတ်ကောင်းရှိခြင်း၏စွမ်းအားဖြစ်သည့် မိတ္တဗလ၊ ဥစ္စာပေါများခြင်း၏စွမ်းအားဖြစ်သည့် ဘောဂဗလဟူသော ဗလငါးတန်ဖြင့်ပြည့်စုံနေရမည်ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် အလုပ်လုပ်နိုင်သူလူငယ်များစွာရှိသောနိုင်ငံဖြစ်သည်။ လူငယ်ထု၏ ကာယဉာဏစွမ်းပကားများကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုတိုက်ရိုက်အထောက်အကူပြုနိုင်မည်ဖြစ်ရာ မြန်မာနိုင်ငံသားလူငယ်များအနေဖြင့် မိမိတို့ရောက်ရှိနေထိုင်ရာ ရပ်ရွာဒေသတည်ငြိမ်အေးချမ်းဖွံ့ဖြိုးရေး၊ ဒေသခံများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးတို့ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

လူငယ်များသည် နိုင်ငံတော်၏စွမ်းအားသစ်များအဖြစ် ထွက်ပေါ်လာမည့် သားကောင်းရတနာလူငယ်များဖြစ်ကြသည်။ အနာဂတ်နိုင်ငံတော်၏တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ရမည့်သူများလည်းဖြစ်ကြပေသည်။ နိုင်ငံတွင်ဖြစ်ပေါ်လာသည့် ပဋိပက္ခများ၊ သဘာဝဘေးအန္တရာယ်များနှင့် ကပ်ရောဂါများ စသည့်ပြဿနာများကိုဖြေရှင်းဆောင်ရွက်ရာတွင် လူငယ်များ၏စွမ်းအားမှာ အရေးပါလျက်ရှိပေသည်။

သို့ဖြစ်ရာ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့သည် လူငယ်များအနေဖြင့် မိမိတို့၏ မိသားစုဝန်းကျင်၊ နိုင်ငံနှင့်လူမျိုး၊ ကမ္ဘာ့ရေးရာကိစ္စများတွင် အကျိုးရှိရှိပါဝင်ပတ်သက်ဆောင်ရွက်မှုများကို မြှင့်တင်နိုင်ရေးအတွက် အသိအမှတ်ပြုသည့်နေ့ဖြစ်သည်။ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍ၊ ကမ္ဘာ့အရေးကဏ္ဍအသီးသီးတွင် လူငယ်များပါဝင်လာခြင်းဖြင့် နိုင်ငံနှင့်လူမျိုးအကျိုး ပိုမိုဖြစ်ထွန်းလာမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပေသည်။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ၄၈၆ ဧက စိုက်ပျိုးပြီးစီး

**ယင်းမာပင် ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ၄၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ၄၈၆ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ၁၆၁ ဧက၊ ကနီမြို့နယ်တွင် ၁၁၅ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၄၇ ဧက၊ ပုလဲမြို့နယ်တွင် ၁၆၃ ဧက စုစုပေါင်း ၄၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ယင်းမာပင်ခရိုင်အတွင်း လျှော်ဖြူ ၄၈၆ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လက်ရှိမှာတော့ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျှော်ဖြူက ရေငတ်ဒဏ်ကိုခံနိုင်တယ်။ မြေအမျိုးအစားမရွေး ပေါက်ရောက်တယ်။ မိုးရေချိန်နည်းပါးတဲ့ ဒေသတွေမှာလဲ လျှော်ဖြူကိုစိုက်ပျိုးလို့ရပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူစိုက် တောင်သူများအနေဖြင့် လျှော်ဖြူစိုက်ပျိုးရာတွင် ခေတ်ကောင်းစင်သည့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးကြရန် စိုက်ပျိုးရေးဦးစီးဌာနက စည်းရုံးဆောင်ရွက်နေကြောင်း သိရသည်။

(၂၀၆)

# မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင် ဥပ္ပါတသန္တိကျမ်းမြတ်ရွတ်ဖတ်ပူဇော်ခြင်း ဖွင့်ပွဲကျင်းပ



**မန္တလေး ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ဥပ္ပါတသန္တိကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို အောင်မြေသာစံခရိုင် အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင် ဩဂုတ် ၁၀ ရက် ညနေ ၃ နာရီက ကျင်းပရာ အောင်မြေသာစံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အမှူးပြုသော ဆရာတော်၊ သံဃာတော် ၁၀ ပါး ကြွရောက်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး သာသနာရေးမှူးနှင့် ဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဝတ်အသင်းများ တက်ရောက်ကြည်ညိုကြသည်။

ရေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကာ အောင်မြေသာစံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တပညာသိရီဘိဝံသဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များက စိန်ရောင်ခြည်ဘုရားပင့်ဂါထာဖြင့် ဘုရားပင့်ဆောင်ခြင်း၊ နတ်ဖြဟ္မာများပင့်ဆောင်ခြင်းများကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌအမှူးပြုသော ဆရာတော်၊ သံဃာတော်များထံ နဝကမ္မဝတ္ထုငွေများ ကပ်လှူကြပြီးနောက် အလှည့်ကျဘာဏက ဆရာတော်များက ဥပ္ပါတသန္တိကျမ်းမြတ်ကို ရွတ်ဖတ်ပူဇော်ကြကြောင်းနှင့် ဥပ္ပါတသန္တိကျမ်းမြတ်ရွတ်ဖတ်ပူဇော်ခြင်းကို ဆရာတော်၊ သံဃာတော် ၁၀ ပါးက ၁၀ ရက်တိုင် အလှည့်ကျရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း အုန်းသီး အလုံးရေ ၆၇၀၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း အုန်းသီးအလုံးရေ ၆၇၀၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် အုန်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက အုန်းသီးအလုံးရေ ၄၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း အုန်းသီးအလုံးရေ ၆၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် အုန်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၈၀၀၀၀ ထိဈေးပေါက်နေကြောင်း သိရသည်။

''ပန်းတနော်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကော၊ ခြံထွက်သီးနှံတွေပါ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဇူလိုင်လအတွင်း အုန်းသီးအလုံးရေ ၆၇၀၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကနေ လက်ရှိ ဒေသထွက်ကုန် အုန်းသီးတွေ ဝယ်လိုအား ကောင်းနေပါတယ်။ ပြည်တွင်းမှာကို အုန်းသီးတွေ အဝယ်လိုက်နေပါတယ်။ လက်ရှိ အုန်းသီးဈေးကလဲ စိုက်ပျိုးသူတွေ အဆင်ပြေတဲ့ဈေးနှုန်းဖြစ်ပါတယ်"ဟု ပန်းတနော်မြို့နယ် အုန်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ထွက်ရှိသည့်အုန်းသီးများကို အုန်းသီးအခြောက်၊ အုန်းသီးအစိမ်း၊ အုန်းသီးအနု၊ အုန်းသီးအခွံခွာ၊ အုန်းသီးအခွံပါ စသည်ဖြင့်လုပ်ဆောင်ပြီး ကုန်တင်ယာဉ်များ၊ ကုန်တင်ရေယာဉ်များဖြင့် ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချနေကြောင်း၊ ပန်းတနော်ဒေသထွက် အုန်းသီးများ ဈေးကောင်းလာခြင်း၊ ဝယ်လိုအား ကောင်းလာခြင်းကြောင့် အုန်းစိုက်ပျိုး ရောင်းချသူများ၊ ကုန်ထမ်းလုပ်သားများ၊ အုန်းသီးရောင်းဝယ်ရေး လုပ်ငန်းရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀-၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် ကူခွဲကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေး

မလှိုင် ဩဂုတ် ၁၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဖက်ကုန်းကျေးရွာအုပ်စု ကူခွဲကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့် အတူ ကူခွဲကျေးရွာတွင် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းနှင့် ဆိုလာရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်စုစုသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းမှာကြားသည်။

ကူခွဲကျေးရွာ၌ အရှည် ၄၈၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ဆိုလာရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် နိုင်ငံတော်ပံ့ပိုးငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၄၂ ဒသမ ၆၉၅ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာ ပံ့ပိုးကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လ ဒုတိယပတ်မှစ၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအခြေခံပညာကျောင်းများအတွက် ပညာရေးလုပ်ငန်းစီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်



မန္တလေး ဩဂုတ် ၁၁

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက အခြေခံပညာကျောင်းများအတွက် ပညာရေးလုပ်ငန်းစီမံခန့်ခွဲမှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ အမှတ် (၁၆) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ပညာ) ဒေါက်တာစိုးမြင့်ထွန်းနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ မန္တလေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ကိုယ်ပိုင်ကျောင်းတည်ထောင်သူများနှင့် စီမံအုပ်ချုပ်သူများ၊ ကိုယ်ပိုင်ကျောင်းများအသင်းကိုယ်စားလှယ်များ၊ ဆရာ၊ ဆရာမများတက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်သည့် ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များပေါ်များစေရန်၊ အမှားနှင့်အမှန် ဝေဖန်ပိုင်းခြားနိုင်သောလူငယ်များဖြစ်စေရန်နှင့် အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ်တိုးတက်ဖြစ်ပေါ်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းနေရေးနှင့် အနည်းဆုံး KG+9 ပြီးဆုံးအောင် ပညာသင်ယူနိုင်ရေး၊ တန်းစဉ်လိုက်ကျောင်းအပ်လျော့နည်းမှုမရှိရေး၊ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ အရည်အသွေးပြည့်ဝသည့် ဆရာ၊ ဆရာမများဖြင့် ထိရောက်စွာ သင်ကြားရေးတို့ကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားပြီး တက်ရောက်လာသူများကို ရင်းနှီးစွာ နှုတ်ဆက်အားပေးပြီးသင်ထောက်ကူပစ္စည်းများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။ **မျိုးကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အမရပူရမြို့ မြေပဲတန်းရပ်နေ ဦးကျော်ရွှေ(ဝင်းဇော်ဦး-ကဖေး) မိသားစုက မိခင်ကြီး ဒေါ်ခင်ကြည်အားရည်စူး၍ ဆွမ်းအလှူ ငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးချွန်နှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# စဉ့်ကိုင်မြို့နယ် အိုးကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

စဉ့်ကိုင် ဩဂုတ် ၁၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အိုးကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေး ခြင်းကိုဩဂုတ် ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများကိုတွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးလိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းကမ်းချက်များနှင့် စီမံကိန်းအကျိုးကျေးဇူးများကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများကစီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များနှင့် ငွေစာရင်းပြုစုထိန်းသိမ်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သန်း ၃၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အိုးကျေးရွာရှိစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ ကို ငွေကျပ် ၁၂သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ်ရှစ်သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ ကိုငွေကျပ် ၁၀ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၁ ဦးကို ငွေကျပ်သန်း ၃၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ရွှေဘိုမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောနှမ်းစပါး ၅၄၄၃၆ ကေရိတ်သိမ်းပြီးစီး

ရွှေဘို ဩဂုတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေစပါး ၅၄၄၃၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသော နွေစပါးသီးနှံ စိုက်ခင်းများရိတ်သိမ်းမှုကို ယခုနှစ် ဇွန်လမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၅၄၄၃၆ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၈ ဒသမ ၂၁ တင်းထွက်ရှိကြောင်း သိရသည်။

"ရွှေဘိုမြို့နယ် နွေသီးနှံစိုက်ပျိုးရာသီက နွေစပါး ၅၄၄၃၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလက်ရှိအချိန်မှာလဲ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၅၄၄၃၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ဧပြီလထိ စိုက်ပျိုးခဲ့ရာ နွေစပါး ၅၄၄၃၆ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ရွှေဘိုမြို့နယ်တွင် နွေစပါးစိုက်ပျိုးတောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း လိုအပ်သည့်သွင်းအားစုများ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)



# ဘဝတက္ကသိုလ်

ချစ်နိုင်(စိတ်ပညာ)

ဘဝတက္ကသိုလ်ဆိုတဲ့စကားလုံးဟာ မမျှော်လင့်ဘဲ စာရေးသူရဲ့ခေါင်းထဲကို ခုန်ပေါက်ဝင်ရောက်လာခဲ့ပါတယ်။ မထင်မှတ်ဘဲ ဘဝတက္ကသိုလ်ကို ပြန်လည်သတိရမိတာကတော့ လွန်လေပြီးသော နှစ်ပေါင်းများစွာက စာရေးသူကို လက်ဝါးသာသာအရွယ် (Pocket Size) စာမျက်နှာ ၃၀၀ ကျော်ပါတဲ့ ခပ်ထူထူ စာအုပ်လေးတစ်အုပ်လက်ဆောင်ရခဲ့တယ်။ အဖုံးကတ်ထူအမာနဲ့ ကြက်သွေးရင့်ရောင်အဖုံးနဲ့။ မက္ကဇင်ဂေါ်ကီ(၁၈၆၈-၁၉၃၆)ရေးတဲ့ ဘဝတက္ကသိုလ် (Life University)အင်္ဂလိပ်လိုရေးထားတဲ့အတွဲ(၃)တဲ့။ ရှေ့ကနှစ်တွဲလည်း မဖတ်ဖူး။ ကြားလား၊ အဆုံးပိုင်းလားမသဲကွဲတဲ့ အင်္ဂလိပ်ဝတ္ထုရှည်သူ့ဘဝဇာတ်ကြောင်းကို အင်္ဂလိပ် မြန်မာအဘိဓာန်ဘေးချပြီး ကြိုးစားဖတ်ကြည့်ခဲ့တယ်။ ပြန်ပြောတတ်အောင်ဘာမှသေသေချာချာသဲသဲကွဲကွဲမမှတ်မိတော့ပါဘူး။ Life University ဘဝတက္ကသိုလ်ဆိုတဲ့စာအုပ်အမည်ကိုသာ စွဲစွဲလမ်းလမ်းမှတ်မိနေခဲ့ပါတော့တယ်။ ပေးသူကို ကျေးဇူးမမေ့ပါ။

**စာပေတိုက်**

မိမိလိုပဲ ဒီစာလုံးကိုသဘောကျနှစ်သက်ခဲ့သူတစ်ဦးလည်းပေါ်ပေါက်ခဲ့တယ်။ ဘဝတက္ကသိုလ်စာပေဆိုပြီး စာအုပ်ထုတ်ဝေရေးလုပ်ငန်းနဲ့ အောင်မြင်ခဲ့တဲ့ ဘဝတက္ကသိုလ်ကိုနေဝင်းဆိုတဲ့ စာသမားလူငယ်တစ်ယောက်ပါပဲ။

သူလည်း အခုချိန်လောက်ဆို အသက် ၆၀ ကျော်၊ ၇၀ ကျော်လောက်တော့ရှိရောပေ့ါ။ လူချင်းမဆုံဖူးမခင်မင်ဖူးပါဘူး။ ဘဝတက္ကသိုလ်စာပေထုတ်ဝေရေးဟာ ဆရာမြသန်းတင့်၊ မောင်ပေါ်ထွန်း၊ မောင်ထွန်းသူ၊ မောင်မိုးသူ၊ ဆန်းလွင် စတဲ့နိုင်ငံကျော်ဆင်ကလောင်ကြီးများရဲ့ ဘာသာပြန်၊ ပင်ကိုယ်ရေး စာအုပ်ကောင်းပေါင်းများစွာကို အောင်မြင်ထင်ရှားစွာထုတ်ဝေခဲ့သူတစ်ဦးပါ။ ကောင်းမွန်တဲ့ဂုဏ်သတင်းမွှေးတဲ့လုပ်ဆောင်ချက်နဲ့ စာပေနယ်မှာ မှတ်တိုင်စိုက်နိုင်သူပါ။ "ဘဝတက္ကသိုလ်"ဆိုတာကို ခံယူချက်အယူအဆအနေနဲ့လည်း စာရေးသူကပွေ့ပိုက်ပါတယ်။ မိမိကအခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်း ဆယ်နှစ်ကျော်တက်ခဲ့ပြီး တက္ကသိုလ်ပညာလေးနှစ်တာ ဆက်လက်ဆည်းပူးခဲ့ရပေမယ့် ကျေနပ်ရောင့်ရဲရပ်တန့်မနေခဲ့ပါ။

ပညာဆိုတာ ဘွဲ့လက်မှတ်အတန်းပညာနဲ့သာ ပတ်သက်တဲ့အရာမဟုတ်။ ဘဝတစ်သက်တာ လေ့လာဆည်းပူးလေ့ကျင့်မှတ်သားနေရမှာ၊ မိမိမသိသေးတာတွေဟာ စကြဝဠာအနန္တများပြားလှနေသော်ငြားလည်း အချိန်ရသမျှ အခြေအနေပေးသမျှ ဖတ်နေရမယ်၊ မှတ်နေရမယ်၊ တတ်မြောက်သင့်တာကို တတ်အောင်၊ ကျွမ်းကျင်အောင်ဆက်လက်လေ့ကျင့်နေရမှာပဲလို့ ခံယူထားပါတယ်။

**စာဖတ်ဝါသနာ**

စာဖတ်တာကို ဝါသနာပါတယ်။ စာဖတ်ခြင်း၌ မွေ့လျော်ပျော်ပိုက်တယ်။ တက္ကသိုလ်မရောက်ခင်ကလည်း စာအုပ်အငှားဆိုင်၊ စာကြည့်တိုက်တွေနဲ့ ရင်းနှီးနေတယ်။ တက္ကသိုလ်ရောက်တော့ တက္ကသိုလ်စာကြည့်တိုက်ကြီးမှာ ကိုယ်ဖတ်ချင်ပေမယ့် ဝယ်မဖတ်နိုင်တာတွေ ရှာဖွေငှားရမ်းပြီး ဖတ်နေတာပေ့ါ။ မိမိသင်ယူနေတဲ့ စိတ်ပညာဆိုတာ နယ်ပယ်တော်တော်ကျယ်တာ။ ကလေးစိတ်ပညာ၊ ဖွံ့ဖြိုးမှုစိတ်ပညာ၊ စမ်းသပ်မှုစိတ်ပညာ၊ စိတ်ပိုင်းဆိုင်ရာစစ်ဆေးခြင်းပညာ၊ ကုန်ထုတ်လုပ်မှုစိတ်ပညာ၊ စံလွဲစိတ်ပညာ၊ ပညာရေးစိတ်ပညာ၊ ဆက်ဆံရေးစိတ်ပညာ၊ စာသင်ခန်းမှာဆရာကြီး၊ ဆရာမကြီးတွေ လေးနှစ်ကြာသင်ကြားတာနဲ့ မလုံလောက်နိုင်ပါဘူး။

**စာကြည့်တိုက်**

❖ ဘဝတက္ကသိုလ်စာအုပ်ရေးခဲ့တဲ့ မက္ကဇင်ဂေါ်ကီဆိုတဲ့ ကမ္ဘာကျော်ရုရှားစာရေးဆရာကြီးဟာ ဘယ်တက္ကသိုလ်မှတော့မတက်ခဲ့ဖူးဘူးဗျ။ အလုပ်ကြမ်းမျိုးစုံလုပ်ခဲ့ရဖူးတဲ့ သာမန်အောက်ခြေဆင်းရဲသားအလုပ်သမားဘဝကနေတက်လာခဲ့တဲ့ ဆိုရှယ်လစ်သရုပ်မှန်စာရေးဆရာပဲ။ ဖိနပ်ချုပ်သမားလည်း လုပ်ခဲ့ရဖူးပါတယ်။ အသက် ၆၈ နှစ်မှာ ကွယ်လွန်တယ်။ ရုရှားနိုင်ငံမှာသာမက လီယိုတော်စတွိုင်းတို့ ဂေါ်ကီတို့ဆိုတာ ခေတ်တိုင်းမှာစံထားရလောက်တဲ့ စာပေများကို ရေးသားသူများလို့ ယူဆကြတယ်။ ❖

မန္တလေးတက္ကသိုလ် ရာဇဝင်ခန်းမကြီးမြေညီထပ်ရှိ စာကြည့်တိုက်ကြီးကလည်း မိမိရဲ့ဘဝတက္ကသိုလ်ပဲ။ အဲဒီအချိန်က ထိုင်း၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ တရုတ်၊ စင်ကာပူ စတဲ့နိုင်ငံတွေက ထုတ်ဝေကြတဲ့ စာပေဂျာနယ်၊ သတင်းဂျာနယ်(အင်္ဂလိပ်လိုကော၊ သူတို့ဘာသာကောယှဉ်တွဲလျက်) အချိန် တစ်လ၊ နှစ်လအတွင်း တက္ကသိုလ်စာကြည့်တိုက်ကြီးမှာ တွေ့ရတယ်ဗျာ။ တရုတ်စာပေ(Chinese Literature) လေးလတစ်ကြိမ်ထုတ် ဂျာနယ်ဆို ပန်းချီ၊ ကဗျာ၊ ဝတ္ထု၊ ဓာတ်ပုံတွေ အတော်ကောင်းမွန်ပေတာပဲ။ အဲဒါတွေက တက္ကသိုလ်ကျောင်းသားဘဝမို့ တက္ကသိုလ်စာကြည့်တိုက်မှာ ရှာဖွေလေ့လာခွင့်ရလို့ သိရ၊ မြင်ရတာတွေလေ။ မိမိစာပေနယ်ထဲရောက်လာရတဲ့အခါ နိုင်ငံတကာစာနယ်ဇင်းတွေအကြောင်း လေးနှစ်ကြာမျှ မပြတ်တမ်းလေ့လာသုံးသပ်ဖူးနေပြီ။ အကျိုးအများကြီးရှိတာပေ့ါ။ ဆောင်ရွက်နိုင်စွမ်း ကွာခြားစေတယ်။

စာကြည့်တိုက်ရဲ့ကျေးဇူးပြုပုံတွေ၊ စာဖတ်ခြင်းကြောင့် မိမိရဲ့အသိဉာဏ်ဗဟုသုတတိုးတက်ဖွံ့ဖြိုးခဲ့ပုံတွေရေးရရင် ကိုယ့်အကြောင်းကိုယ်မှတ်တမ်းတင်ရာ ဖော်ပြတာမျိုးဖြစ်မှာမို့ မတင်ပြတော့ပါ။ အပ်ဖျားရေစက်အနက်ပင်လယ်။ အကျယ်ကို စာဖတ်သူများနားလည်ကြပြီးသားမို့ပါ။

**စုတုပြု**

စာဖတ်သူနဲ့ စာမဖတ်သူ၊

စာကြည့်တိုက်အသုံးချတတ်သူနဲ့ မသုံးတတ်သူ၊

အဆပေါင်းများစွာအမြော်အမြင်ကွာပေလိမ့်မယ်။

ဘဝဆိုတာ လေ့လာသင်ယူစရာများ မရေမတွက်နိုင်အောင် ပေါများတဲ့အရာပဲ။ မိမိဘာကို စိတ်ဝင်စားသလဲ။ မိမိဘာကို ဝါသနာပါသလဲ။ ဘယ်အတတ်ပညာမှာ ဝါသနာထုံသလဲ။ လေ့လာဆန်းစစ်ပါ။ မိမိကတော့ စာရေးစာဖတ်ဝါသနာပါတယ်။ ဆရာကြီးမင်းသုဝဏ်လမ်းညွှန်တဲ့ အဆီအနှစ်စကားသုံးခွန်းအတိုင်း လိုက်နာကျင့်သုံးပါတယ်။ ပျော်စရာကြည်နူးစရာဘဝခရီးပါပဲ။

**စုပါ။ ။** စုဆောင်းမှတ်သားလေ့လာရမယ်။

**တုပါ။ ။** အတုယူရေးသားလေ့ကျင့်ပါ။ ကူးရေးပါ။ တူအောင် ရေးစမ်းပါ။ နီးစပ်အောင် ရေးကြည့်ပါ။

**ပြုပါ။ ။** အသစ်တီထွင်ဖန်တီးပါ။ ကူးရေးနေတာအပြင် မိမိကိုယ်ပိုင်စိတ်ကူးနဲ့ စာစီစာကုံးတွေရေးရမယ်။ ကဗျာလင်္ကာတွေဖွဲ့ရမယ်။ ဆောင်းပါးတွေ၊ ဝတ္ထုတို၊ ဝတ္ထုရှည်တွေ စမ်းသပ်ပြီး ကိုယ်ပိုင်စိတ်ကူးနဲ့ရေးရမယ်လို့ မိန့်ကြားပါတယ်။

**ခံယူချက်**

**ဘဝတက္ကသိုလ်**ဆိုတဲ့စကားလုံးကို စာဖတ်သူလည်းကြားဖူးမှာပါပဲ။ Life University ဆိုတဲ့မက္ကဇင်ဂေါ်ကီရဲ့ ကမ္ဘာကျော်စာအုပ်အမည်ကို ကျော်လွန်ပြီး အဆက်မပြတ်သင်ယူမှတ်သားလေ့ကျင့်နေရမယ်လို့ သဘောထားခံယူချက်ရှိစေချင်တာပါ။ ဘဝတက္ကသိုလ်ကိုအသုံးချပြီး အောင်မြင်တဲ့စာပေထုတ်ဝေသူတစ်ဦးဖြစ်လာခဲ့သူကတော့ ဘဝတက္ကသိုလ်ဦးနေဝင်းပေ့ါ။ ဆရာဆန်းလွင်ရေးတဲ့ သူ့ဘဝအကြောင်း "ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သူတစ်ယောက်အကြောင်း"ဆိုတဲ့ ဆိုက်ကြီးစာမျက်နှာအထူကြီးစာအုပ်ဆိုရင် အကြိမ်ကြိမ်ရိုက်သမျှ အံ့သြရလောက်အောင် ရောင်းချခဲ့ရဖူးတာပေ့ါ။ မြသန်းတင့်၊ မောင်ထွန်းသူ၊ မောင်မိုးသူ၊ မောင်ပေါ်ထွန်း စတဲ့နိုင်ငံကျော်စာရေးဆရာကြီးတွေရဲ့ ဘာသာပြန်လက်ရာကောင်းများစွာကို ဘဝတက္ကသိုလ်စာပေကထုတ်ဝေခဲ့လို့ စာရေးသူများ၊ စာဖတ်သူများ ဖတ်ခဲ့ရပေတယ်။

တက္ကသိုလ်ဆိုတာ **တက္က**=နည်းဗေဒ၊ အတတ်(Technique)ဆိုတဲ့ မူရင်းပါဠိဝေါဟာရနဲ့ **သိုလ်**=သီလံ=သီလ(ပါဠိ)မှဆင်းသက်လာတဲ့အလေ့အကျင့်၊ ကျင့်သုံးမှု၊ စောင့်စည်းမှုရှိခြင်း၊ စည်းစနစ်ကျနခြင်း(Ethics and Morality)သဘော။

တက္ကဆိုတာ တတ်အပ်တဲ့အတတ်ပညာပေ့ါ။

သီလဆိုတာ စောင့်စည်းထိန်းသိမ်းရတဲ့ အကျင့်လေ။ ဒီတော့ တက္က၊ တော်အောင်၊ တတ်အောင်လေ့ကျင့်ပေးတဲ့ သီလအကျင့်၊ ကိုယ်ကျင့်တရားကောင်းစေတဲ့ ကျောင်းတော်ကြီး။ ရာသက်ပန်ကျောင်းသူ၊ ကျောင်းသားနေ၁်။

အကြောင်းသင့်လို့ကြွားရရင် စာရေးသူက မန္တလေးတက္ကသိုလ်နဲ့ ရန်ကုန်တက္ကသိုလ်ကျောင်းပညာအတွက် သင်ယူခဲ့ဖူးတယ်။ အသက်မွေးဝမ်းကျောင်း အတတ်ပညာဆိုင်ရာ သုံးလ၊ ခြောက်လသင်တန်းတွေအပြင် စစ်ဦးစီးတက္ကသိုလ်နှစ်ခု(တစ်ခုက နိုင်ငံခြား)နဲ့ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်(ထိုအချိန်က ဆယ်မိုင်ကုန်းမှာ) သင်ယူဆည်းပူးခဲ့ဖူးပါတယ်။ တက္ကသိုလ် ငါးကျောင်းမှာတက်ခဲ့ရတဲ့ကုသိုလ်ကံအကျိုးပေးကို ဂုဏ်ယူပါတယ်။

**ဘွဲ့မလိုပါ**

တက္ကသိုလ်ဘွဲ့နှင်းသဘင်တက်ပြီး ဘွဲ့လက်မှတ်ယူပြီးတာမှန်ပေမဲ့ ဘဝတက္ကသိုလ်စာအုပ်ရေးခဲ့တဲ့ မက္ကဇင်ဂေါ်ကီဆိုတဲ့ ကမ္ဘာကျော်ရုရှားစာရေးဆရာကြီးဟာ ဘယ်တက္ကသိုလ်မှတော့မတက်ခဲ့ဖူးဘူးဗျ။ အလုပ်ကြမ်းမျိုးစုံလုပ်ခဲ့ရဖူးတဲ့ သာမန်အောက်ခြေဆင်းရဲသားအလုပ်သမားဘဝကနေတက်လာခဲ့တဲ့ ဆိုရှယ်လစ်သရုပ်မှန်စာရေးဆရာပဲ။ ဖိနပ်ချုပ်သမားလည်း လုပ်ခဲ့ရဖူးပါတယ်။ အသက် ၆၈ နှစ်မှာကွယ်လွန်တယ်။ ရုရှားနိုင်ငံမှာသာမက လီယိုတော်စတွိုင်းတို့ ဂေါ်ကီတို့ဆိုတာ ခေတ်တိုင်းမှာစံထားရလောက်တဲ့ စာပေများကို ရေးသားသူများလို့ ယူဆကြတယ်။ မက္ကဇင်ဂေါ်ကီက ခရီးတွေအများကြီးသွားတယ်။ အခြေခံလူတန်းစားတွေရဲ့ ဘဝအခြေအနေနဲ့ ခံစားချက်တွေကို နားလည်အောင်လေ့လာတယ်။ စာကိုကြိုးစားပမ်းစားရေးပါတယ်။ သူ့ကိုယ်သူ အတွေးအမြင်မြင့်တင်သလို အလုပ်သမားနဲ့ဆင်းရဲသားလူတန်းစားတွေကိုလည်း ဆိုရှယ်လစ်အတွေးအခေါ်နဲ့ အမြင်ရှိအောင် ထူးချွန်ပြောင်မြောက်တဲ့ အနုပညာစာပေနဲ့ရေးသားခဲ့တယ်။ **"အမေ"(MOTHER)**ဆိုတဲ့ဝတ္ထုဟာ ဘဝသရုပ်ဖော်ကောင်းလို့ ကမ္ဘာကျော်တာပဲ။ ရုရှားတော်လှန်ရေးနောက်ခံကားလည်း ပါတယ်လေ။

ကိုလံဘီယာတက္ကသိုလ်က ဂျွန်ဒူဝီ၊ အမေရိကန်စာရေးဆရာကြီး မတ်တွိန်းတို့ကတောင် စာရေးအထူးကောင်းကြောင်း ဂေါ်ကီကိုချီးကျူးလေးစားကြရတယ်။ အမေရိကန်စာရေးဆရာ အကျော်အမော်တွေကတောင် လှမ်းပြီးချီးကျူးရတဲ့ ဆိုရှယ်လစ်သရုပ်မှန်စာပေရေးသူ မက္ကဇင်ဂေါ်ကီနော်။ တက္ကသိုလ်မဆိုထားနဲ့ ကျောင်းတောင်ကောင်းကောင်းမနေခဲ့ရဖူးပါဘူး။

အမေရိကန်သမ္မတ အေဘရာဟမ်လင်ကွန်း၊ ပထမအမေရိကန်သမ္မတဂျော့ဝါရှင်တန်၊ စာရေးဆရာမတ်တွိန်း၊ စာရေးဆရာအားနက်စ်ဟယ်မင်ဝေး စတဲ့ပုဂ္ဂိုလ်တွေဟာလည်း ဘယ်တက္ကသိုလ်ကမှ ဘွဲ့မရခဲ့ဖူးပါဘူး။ ဘဝတက္ကသိုလ်မှာ စာပေလေ့လာမှုတော့ အထူးကြိုးစားခဲ့ကြသူတွေပေ့ါ။ စာဖတ်သူဟာလည်း ဒီလိုလူစားပါပဲ။ ဒီဆောင်းပါးကိုဖတ်နေမိတာပဲကြည့်လေ။

မြန်မာပြည်မှာ အတန်းပညာ ခုနစ်တန်းလောက်အောင်ပေမယ့် ဆည်းပူးလေ့လာကြိုးစားမှုနဲ့ နန်းရင်းဝန်တောင်လုပ်ခဲ့ရသူ ဦးစောဆိုတာ အကောင်းရောအဆိုးရော သူ့ခေတ်အခါမှာ သမိုင်းစာမျက်နှာထက်က လူတစ်ယောက်ပဲ။ အမျိုးသားရေးထက် မိမိပါတီအာဏာရရေး၊ မိမိကိုယ်ကိုကောင်းစားရေးသာဦးစားပေးလွဲချော်သွားလို့ ရာဇဝတ်ဘေးသင့်ပြီး ကြိုးပေးသေဒဏ်ကျခံခဲ့ရတာ။ တော်သော်လည်း မကောင်းရင်တော့မဖြစ်ဘူး။

**နိဂုံး**

မကြာသေးပါဘူး။ ၂၀၂၄ ခုနှစ် ဩဂုတ် ၅ ရက်နေ့ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ ၂၉ မှာ ဆရာမောင်သင်းထုံရေးတဲ့ "တစ်ပါးသွားအကကောင်းတဲ့စိန်ကတုံး"ဆိုတဲ့ အတ္ထုပ္ပတ္တိဆောင်းပါးကို ဖတ်မိတယ်။ လူထုဒေါ်အမာရေးတဲ့ "အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံးစာအုပ်"ထဲမှာပါတာ ဖတ်ဖူးခဲ့ပေမယ့် ဆရာမောင်သင်းထုံရေးတာ ဖတ်ရတော့မှ ဇာတ်ဆရာမင်းသားစိန်ကတုံး(၁၈၇၅-၁၉၃၀)ဟာ ငယ်စဉ်ဘဝမှ ကွယ်လွန်ချိန် အသက် ၅၅ နှစ်အရွယ်ထိ သူ့ဘဝရဲ့ အသက်မွေးဝမ်းကျောင်းသဘင်အနုပညာကို အဆို၊ အက၊ အရေး၊ အတီး ပညာရပ်ကြီး လေးခုစလုံးကို မရပ်မနားကြိုးစားပမ်းစားဆည်းပူးလေ့လာမှတ်သားလေ့ကျင့်ခဲ့ပါလားလို့ လေးစားဦးညွှတ်မိပါတယ်။ သူ့နှုတ်က ဖွင့်ဟထုတ်ခြင်းမပြုသော်လည်း ဆိုင်းဆရာတစ်ယောက်ရဲ့သားလေး မောင်စိန်ကတုံးဟာ ဘဝတစ်လျှောက်လုံးကို **"ဘဝတက္ကသိုလ်ကျောင်းသား"**အဖြစ် ခံယူချက်ထားသွားပုံရတယ်။ ဒါကြောင့်လည်း သဘင်ဂီတသမိုင်းမှာ မော်ကွန်းတင်ရတဲ့ ပညာရှင်မင်းသားလို့ အောင်မြင်ကျော်ကြားပေတာပေ့ါ။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၇၄၉၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**တမူး ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၇၄၉၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ဧက ၄၉၅၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၇၄၉၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ မိုးစပါးဧက ၄၀၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးတွေကို သတ်မှတ်လျာထားချက်ပြည့်မီအောင် လိုအပ်တဲ့ နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေ မိုးစပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့အတွက် ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု တမူးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

ယခုနှစ် တမူးခရိုင်တွင် မြို့နယ်အလိုက် မိုးစပါးစိုက်ပျိုးပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၉၅၅၃ ဧက၊ တမူးမြို့နယ်တွင် ၇၅၉၁ ဧကနှင့် ခါမ်းပါတ်မြို့တွင် ဧက ၂၀၃၅၀ စုစုပေါင်း ၃၇၄၉၄ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ တမူးခရိုင်တွင် မိုးစပါးစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ဧက ၁၂၈၈၀၊ တမူးမြို့နယ်တွင် ဧက ၁၅၅၈၀ နှင့် ခါမ်းပါတ်မြို့တွင် ဧက ၂၁၀၄၀ စုစုပေါင်း ဧက ၄၉၅၀၀ တို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာမှာအခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တမူးခရိုင်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေးနှင့် ဓာတ်မြေဩဇာစနစ်တကျသုံးစွဲတတ်စေရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ရေနံချောင်းမြို့နယ် ချိုင်းကျေးရွာ၌ ပဉ္စမအကြိမ် VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေနံချောင်း ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ချိုင်းကျေးရွာအုပ်စု ချိုင်းကျေးရွာ၌ ပဉ္စမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၃၈ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ချိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၉ ဦးကို ငွေကျပ် သိန်း ၃၅၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၄၈ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ်သိန်း ၄၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၉ ဦးကို VRFP ရန်ပုံငွေကျပ် ၄၃၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နော်လူး

## လူငယ့်အားမာန်

- လူငယ့်အားမာန် ခြသေ့်စံသို့
မူဟန်အပြည့် ရှိရဘိ၏
တတ်သိနားလည် ပညာကြွယ်၍
စိတ်ဝယ်တက်ကြွ နှလုံးလှပြီး
ကြွရွပျံ့တက် လင်းယုန်ငှက်သို့
ထလျက်အဟုန် ပြင်းသည့်ပုံဖြင့်
လုံးစုံပြည့်ဝ လူရွယ်လှကို
သိပ္ပမကျန် နာခံယူလျက်
ထက်မြက်လုံ့လ ရှိကြရအောင်
ကြံဆောင်ကြိုးပမ်း သွက်သွက်လှမ်းလော့။

- တိုင်းရေးပြည်ရာ အဖြာဖြာကို
ညီညာဖြဖြ နားလည်ရအောင်
လုံ့လတစိုက် လိုက်နာဆွေးနွေး
အရေးအဖတ် မှတ်မှတ်သားသား
ထားထားသိုသို စိတ်လိုမလိုက်
သည်းခံထိုက်သား စကားအရာ
လိမ္မာပါးနပ် ဆိုရေးအပ်က
ဆိုကြဝံ့ဝံ့ မရွံ့မကြောက်
ထွင်းဖောက်အလား မိုးကြိုးသွားသို့
ပြတ်သားတိတိ ဆိုကြဘိလော့။

- နုနယ်ပျိုမျစ် သွေးသစ်လောင်းလောင်း
ပန်းကောင်းတစ်ပွင့် ချစ်ဖွယ်တင့်သို့
လူငယ်တို့မှာ နာဆာကင်းစွ
လှပလန်းဆန်း ဖူးငုံပန်းသို့
ရွှင်လန်းကျက်သရေ တိုးစေထင်လင်း
ကောင်းခြင်းဖြိုးကြွယ် လွန်တင့်တယ်သည်
လူငယ့်အားမာန်ပါတကား။ ။

**ဘိုမျိုး(ရွှေဘို)**

(ဩဂုတ် ၁၂ ရက်တွင်ကျရောက်သော အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ကို ဂုဏ်ပြုလျက်)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်း ပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## အီရန်သမ္မတသစ် ပါဇက်ရှ်ကီရမ် ဝါရင့်သံတမန်တစ်ဦးကို နိုင်ငံခြားရေးဝန်ကြီးအဖြစ် ရွေးချယ်

**တီဟီရန် ဩဂုတ် ၁၁**

အီရန်သမ္မတ ပါဇက်ရှ်ကီရမ်သည် အဘတ်ခ် အာရက်ချီအမည်ရှိ ဝါရင့်သံတမန်တစ်ဦးကို နိုင်ငံခြားရေးဝန်ကြီးသစ်အဖြစ် အမည်စာရင်း ပေးသွင်းထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အာရက်ချီသည် အီရန်နှင့် ကမ္ဘာ့အင်အားကြီး နိုင်ငံများအကြား ၂၀၁၃ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အကြား ကျင်းပခဲ့သော နျူကလီးယားဆွေးနွေးပွဲများတွင် အီရန်ကိုယ်စားလှယ်အဖွဲ့ အကြီးအကဲအဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။

ထို့ပြင် အာရက်ချီသည် ဂျပန်နှင့် ဖင်လန်နိုင်ငံတို့တွင်လည်း အီရန်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးကြောင်း သိရသည်။

အီရန်သမ္မတသစ် ပါဇက်ရှ်ကီရမ်သည် အစိုးရအဖွဲ့သစ်ဝန်ကြီးများစာရင်းကို လွှတ်တော်သို့ တင်သွင်းထားရာ အာရက်ချီကို နိုင်ငံခြားရေးဝန်ကြီးအဖြစ် အမည်စာရင်း ပေးသွင်းထားခြင်းဖြစ်သည်။

သမ္မတ ပါဇက်ရှ်ကီရမ် ရွေးချယ်ထားသော ဝန်ကြီးများအနေဖြင့် အီရန်လွှတ်တော်၏ အတည်ပြုချက်များ တရားဝင်ရရှိရန်လိုအပ်သည်။

အာရက်ချီသည် အီရန်နိုင်ငံခြားရေးဝန်ကြီး ဂျာဗက်ဇာရစ်ဖ် လက်ထက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဒုတိယဩဇာအကြီးဆုံးသူဖြစ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ကမ်ပါလာမြို့၌ အမှိုက်ပုံမြေပြိုမှုကြောင့် လူရှစ်ဦး သေဆုံးခဲ့ပြီး ၁၄ ဦးကို ကယ်တင်နိုင်ခဲ့

**ကမ်ပါလာ ဩဂုတ် ၁၁**

ယူဂန္ဒာနိုင်ငံ ကမ်ပါလာမြို့ရှိ အမှိုက်ပုံတစ်ပုံတွင် မြေပြိုမှုဖြစ်ပွားခဲ့ရာ လူရှစ်ဦး သေဆုံးခဲ့ရကြောင်း ယူဂန္ဒာတာဝန်ရှိသူများက ဩဂုတ် ၁၀ ရက်တွင် ပြောကြားခဲ့သည်။

ကီတီဇီအမည်ရှိ အဆိုပါ အမှိုက်ပုံ မြေပြိုကျမှုသည် ဩဂုတ် ၉ ရက် ညပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ရှာဖွေကယ်ဆယ်ရေးသမားများက ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆက်လက် ပြုလုပ်နေဆဲဖြစ်ကြောင်း သိရသည်။

ကမ်ပါလာမြို့၌ နေ့စဉ်ရက်ဆက် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် ကီတီဇီ အမှိုက်ပုံ၏ တစ်စိတ်တစ်ဒေသ ပြိုကျခဲ့ရခြင်းဖြစ်ကြောင်း ကမ်ပါလာမြို့ တာဝန်ရှိသူများက ပြောကြားထားသည်။

ကီတီဇီအမှိုက်ပုံသည် ကမ်ပါလာမြို့က နှစ်ပေါင်းများစွာအသုံးပြုခဲ့သည့် တစ်ခုတည်းသော အမှိုက်ပုံဖြစ်သည်။

အဆိုပါ ကီတီဇီအမှိုက်ပုံ ပြိုကျခဲ့ပြီးနောက် ရှာဖွေကယ်ဆယ်ရေးသမားများက လူ ၁၄ ဦးကို ရှာဖွေကယ်ဆယ်နိုင်ခဲ့ကြောင်း ယူဂန္ဒာမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ကီတီဇီအမှိုက်ပုံဝန်းကျင်တွင် ၎င်းအမှိုက်ပုံကိုအမှီပြု၍ အသက်မွေးဝမ်းကျောင်းနေသူ အများအပြားနေထိုင်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## ဂျာမနီတာဝန်ရှိသူများက နျူကလီးယားစက်ရုံ အအေးပေးစနစ် မျှော်စင်ခေါင်းတိုင်နှစ်ခုကို ထိန်းချုပ်ဖောက်ခွဲ၍ ဖြိုချရန်စီစဉ်



**ဘာလင် ဩဂုတ် ၁၁**

ဂျာမနီနိုင်ငံ အလယ်ပိုင်း ဂရာဖင်ဟိန်းဖဲလ် နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဟောင်း၏ ရေအေးပေးစနစ် မျှော်စင်ခေါင်းတိုင် နှစ်ခုကို ထိန်းချုပ်ဖောက်ခွဲ၍ ဖြိုချရန် ဂျာမနီတာဝန်ရှိသူများက စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ နျူကလီးယားဓာတ်ပေါင်းဖို အအေးပေးစနစ် မျှော်စင်နှစ်ခုကို ဩဂုတ် ၁၆ ရက်တွင် ဖောက်ခွဲဖြိုချရန် ဂျာမနီတာဝန်ရှိသူများက ပြောကြားထားသည်။

၎င်းနျူကလီးယားဓာတ်ပေါင်းဖို အအေးပေးစနစ် မျှော်စင်ခေါင်းတိုင်များသည် အောက်ခြေအချင်း ၁၀၅ မီတာ၊ ထိပ်ဝအချင်း ၆၄ မီတာရှိပြီး အမြင့် ၁၄၃ မီတာအထိရှိသော မျှော်စင်ခေါင်းတိုင်ကြီးများဖြစ်ကြသည်။

ဩဂုတ် ၁၆ ရက်တွင်ပြုလုပ်မည့် အအေးပေးစနစ် မျှော်စင်ခေါင်းတိုင်များ ဖောက်ခွဲဖြိုချမှုသည် ဂရာဟိန်းဖဲလ်နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဟောင်း၌ ဒုတိယအကြိမ်ပြုလုပ်မည့် ဖောက်ခွဲဖြိုချမှုလည်းဖြစ်သည်။

ဂျာမနီ တာဝန်ရှိသူများသည် အဆိုပါ နျူကလီးယားစက်ရုံ၌ ၂၀၂၀ ပြည့်နှစ်တွင် အအေးပေး မျှော်စင် ခေါင်းတိုင်နှစ်ခုကို ဖောက်ခွဲဖြိုချခဲ့ပြီးဖြစ်သည်။

ဂရာဖင်ဟိန်းဖဲလ် နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ၂၀၁၅ ခုနှစ်တွင် စက်လည်ပတ်မှုရပ်ဆိုင်းခဲ့ကြောင်းသိရသည်။

Ref : RT

Trs : KKO

## အီရန်တော်လှန်ရေးအစောင့်တပ်မှ လက်နက်ကိုင်တပ်များ နိုင်ငံအနောက်ပိုင်း၌ စစ်ရေးလေ့ကျင့်မှုများပြုလုပ်

**တီဟီရန် ဩဂုတ် ၁၁**



အီရန် တော်လှန်ရေးအစောင့်တပ်မှ လက်နက်ကိုင်တပ်များသည် အီရန်နိုင်ငံအနောက်ပိုင်း၌ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နေကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုများကို ဩဂုတ် ၉ ရက်တွင် စတင်ခဲ့ပြီး ဩဂုတ် ၁၃ ရက်ထိ ဆက်လက် ပြုလုပ်မည်ဖြစ်ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်က သတင်းထုတ်ပြန်ထားသည်။

အီရန်တော်လှန်ရေးအစောင့်တပ်သည် အီရန်အနောက်ပိုင်း ကာမင်ရှားပြည်နယ် အီရတ်နယ်စပ်အနီး ပြုလုပ်နေခြင်းဖြစ်ကြောင်းသိရသည်။

အီရန်နိုင်ငံ တီဟီရန်မြို့၌ ဟားမတ်စ်ခေါင်းဆောင် အစ္စမေးလ်ဟာနီယာ လုပ်ကြံခံခဲ့ရပြီးနောက်ပိုင်း အရှေ့အလယ်ပိုင်းဒေသ၌ စစ်ရေးတင်းမာမှုများ မြင့်တက်နေချိန်တွင် အီရန်တော်လှန်ရေး အစောင့်တပ်က စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နေခြင်းဖြစ်သည်။

ဇူလိုင် ၃၁ ရက်ကဖြစ်ပွားခဲ့သည့် ဟာနီယာ လုပ်ကြံခံခဲ့ရမှုအတွက် အစ္စရေးတွင်တာဝန်ရှိကြောင်း အီရန်နှင့် ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုတို့က စွပ်စွဲထားသည်။

ထို့ပြင် ဟာနီယာသေဆုံးမှုအတွက် ပြင်းပြင်းထန်ထန် အပြစ်ပေးမည်ဖြစ်ကြောင်း အီရန်နှင့် ဟားမတ်စ်အုပ်စုတို့က ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## ယူကရိန်းမောင်းသူမဲ့လေယာဉ်များ ဝေဟင်ပိုင်နက်ချိုးဖောက်မှု ဘီလာရုစ်နိုင်ငံကန့်ကွက်

**မင့်စ် ဩဂုတ် ၁၁**

ယူကရိန်း မောင်းသူမဲ့လေယာဉ်များ နယ်စပ်ဒေသ၌ ဝေဟင်ပိုင်နက် ချိုးဖောက်ခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် ဘီလာရုစ်နိုင်ငံခြားရေး ဝန်ကြီးဌာနက ဩဂုတ် ၁၀ ရက်တွင် ယူကရိန်းသံရုံး ယာယီတာဝန်ခံကို ဆင့်ခေါ်ကန့်ကွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဘီလာရုစ်နိုင်ငံသည် ယူကရိန်းနှင့်ထိစပ်နေသည့် နယ်စပ်တစ်လျှောက်သို့ လက်နက်ကိုင်တပ်များ ထပ်မံစေလွှတ်၍ အင်အားဖြည့်တင်းထားသည်။

ဘီလာရုစ်သမ္မတ လူကာရှန်ကို၏ အဆိုအရ ဩဂုတ် ၉ ရက်တွင် ဘီလာရုစ်လေကြောင်းရန်ကာကွယ်ရေးတပ်များက နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသော ယူကရိန်း မောင်းသူမဲ့လေယာဉ်များကို ပစ်ချခဲ့ကြောင်း သိရသည်။

ယူကရိန်း၏ ရန်စမှုမှန်သမျှကို မိမိတို့အနေဖြင့် တုံ့ပြန်မည်ဖြစ်ကြောင်း ဘီလာရုစ်သမ္မတ လူကာရှန်ကိုက ထုတ်ဖော်ပြောကြားထားသည်။

ဘီလာရုစ်နိုင်ငံသည် နှစ်နှစ်ကျော် ကြာမြင့်နေပြီဖြစ်သည့် ယူကရိန်းစစ်ပွဲအတွင်း စစ်ရေးအရ ပါဝင်တိုက်ခိုက်ခြင်းမရှိသော်လည်း ရုရှားသမ္မတပူတင်၏ အဓိက နိုင်ငံရေးမဟာမိတ်အဖြစ် ရပ်တည်နေသော နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၁ စင်းကို Space-X အာကာသနည်းပညာကုမ္ပဏီ အောင်မြင်စွာ လွှတ်တင်ခဲ့



**ဝါရှင်တန် ဩဂုတ် ၁၁**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၁ စင်းကို ဩဂုတ် ၁၀ ရက်က အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ်ဂြိုဟ်တုများ သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ လွှတ်တင်ခဲ့သည့် စတားလင့်ခ်ဂြိုဟ်တုများထဲတွင် မိုဘိုင်းဖုန်းများနှင့် တိုက်ရိုက်ချိတ်ဆက်ထားနိုင်သော စတားလင့်ခ်ဂြိုဟ်တု အမျိုးအစားသစ် ၁၃ စင်း ပါဝင်သည်။

လွှတ်တင်ပြီး ၆၅ မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် အဆိုပါစတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်နိုင်ခဲ့သည်။

ဩဂုတ် ၁၀ ရက်မစ်ရှင်သည် Space-X ကုမ္ပဏီက လွှတ်တင်ခဲ့သော ၁၈၇ ကြိမ်မြောက် စတားလင့်ခ်မစ်ရှင်ဖြစ်သည်။

လက်ရှိအချိန်တွင် Space-X ကုမ္ပဏီသည်၎င်းတည်ဆောက်နေသည့် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၆၈၀၀ ကျော် လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## ပြင်းထန်သည့်သွေးရောဂါတစ်မျိုးအတွက် မျိုးဗီဇကုထုံးသစ်တစ်ရပ်ပေါ်ထွက်လာ

**လန်ဒန် ဩဂုတ် ၁၁**

ပြင်းထန်သည့် သွေးရောဂါတစ်မျိုးခံစားနေရသည့်လူနာများအတွက် မျိုးဗီဇကုထုံးသစ်တစ်ရပ်ပေါ်ထွက်လာကြောင်း ဩဂုတ် ၁၀ ရက် သတင်းများအရ သိရသည်။

လက်တွေ့စမ်းသပ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ မျိုးဗီဇ ကုထုံးသစ်တစ်ရပ်သည် Transfusion-Dependent Beta Thalassemia(TDT) ခေါ် သွေးရောဂါတစ်မျိုးကို ကုသရေးအတွက် အလားအလာကောင်းကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

TDT သွေးရောဂါခံစားရပါက ဘဝတစ်လျှောက်လုံး ဆက်လက်အသက်ရှင်ရေးအတွက် သွေးနီဆဲလ်များအစားထိုးထည့်သွင်းရန် လူနာများအနေဖြင့် လိုအပ်သည်။

သို့ရာတွင် Casgevy အမည်ရှိ မျိုးဗီဇကုထုံးသည် TDT လူနာများအတွက် သွေးနီဆဲလ်များ ပုံမှန်အစားထိုးရန်လိုအပ်မှုကို တားဆီးပေးနိုင်ကြောင်း သိရသည်။

Casgevy ဆေးသည် TDT လူနာများ၏ ရိုးတွင်းခြင်ဆီဆဲလ်များအတွင်းရှိ ဖောက်ပြန်နေသောဆဲလ်များကို ပြုပြင်ပေးခြင်းဖြင့် လူနာများသွေးနီဆဲလ်ပုံမှန်အစားထိုးထည့်သွင်းရန် လိုအပ်မှုကို တားဆီးပေးကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အဆိုပါကုထုံးသည် ကုန်ကျစရိတ်ကြီးမားပြီး ကုထုံးတစ်ကြိမ်ရယူမှုအတွက် ပေါင်စတာလင် ၁ ဒသမ ၆၅ သန်း ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## Space-X ကုမ္ပဏီက ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ ခရီးသည်များ ပို့ဆောင်ပေးမည့် Polaris Dawn မစ်ရှင်ကို လွှတ်တင်ရန် စီစဉ်ထား

**ဝါရှင်တန် ဩဂုတ် ၁၁**

အမေရိကန်နိုင်ငံအခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ပုဂ္ဂလိကအာကာသခရီးသည်များကို ပို့ဆောင်ပေးမည့် Polaris Dawn အမည်ရှိ မစ်ရှင်ကို ဩဂုတ် ၂၆ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း ဩဂုတ် ၁၀ ရက်သတင်းများအရ သိရသည်။

Polaris Dawn မစ်ရှင်အရ Space-X အာကာသနည်းပညာကုမ္ပဏီသည် အာကာသခရီးသည်လေးဦးလိုက်ပါမည့် Crew Dragon အာကာသလူသယ်ယာဉ်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန် စီစဉ်ထားသည်။

Polaris Dawn မစ်ရှင်တွင် Crew Dragon အာကာသလူသယ်ယာဉ်သည် အာကာသခရီးသည်လေးဦးကိုကမ္ဘာပတ်လမ်းကြောင်းပေါ်သို့သာ ပို့ဆောင်ပေးမည်ဖြစ်ပြီး နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်ရန်အစီအစဉ်မရှိကြောင်း သိရသည်။



Polaris Dawn မစ်ရှင်အတွင်း Crew Dragon အာကာသလူသယ်ယာဉ်သည် ကမ္ဘာမြေအထက် ၄၃၅ မိုင်အကွာတွင် နေရာယူ၍ ကမ္ဘာကို လှည့်ပတ်မည်ဖြစ်သည်။

Space-X ကုမ္ပဏီသည် Polaris Dawn မစ်ရှင်ကို မူလက ၂၀၂၂ ခုနှစ်အတွင်း လွှတ်တင်ရန် စီစဉ်ထားသော်လည်း နောက်ပိုင်းတွင် လွှတ်တင်ရေးအစီအစဉ်ကို အကြိမ်ကြိမ် နောက်ဆုတ်ခဲ့ရကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## ကမ္ဘာတစ်ဝန်း ကလေးများနှင့် ဆယ်ကျော်သက်များကြား သကြားဓာတ်ပါ အချိုရည်သောက်သုံးမှုမြင့်တက်လာ

**နယူးယောက် ဩဂုတ် ၁၁**

ကမ္ဘာတစ်ဝန်း ကလေးများနှင့် ဆယ်ကျော်သက်များကြား သကြားဓာတ်ပါအချိုရည်သောက်သုံးမှု ပို၍မြင့်တက်လာကြောင်း သုတေသနပညာရှင်များက ဩဂုတ် ၁၀ ရက်တွင် ပြောကြားသည်။

ထိုကဲ့သို့ သကြားဓာတ်ပါအချိုရည်သောက်သုံးမှုနှုန်း မြင့်တက်လာမှုကြောင့် ကလေးများ၏ အနာဂတ် နှလုံးကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှု ရှိလာနိုင်ကြောင်း အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကလေးနှင့် ဆယ်ကျော်သက်များကြား သကြားဓာတ်ပါအချိုရည် သောက်သုံးမှုအတိုင်းအဆကို တစ်ကမ္ဘာလုံးအတိုင်းအတာအရ ပထမဆုံးအကြိမ် လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်သည်။

အမေရိကန် သုတေသနပညာရှင်များသည် ပြီးခဲ့သည့်နှစ် ၃၀ အတွင်း ပြုလုပ်ထားသော နိုင်ငံတကာလေ့လာချက်ပေါင်း ၁၂၀၀ တို့ကို ဆန်းစစ်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ကမ္ဘာတစ်ဝန်း ကလေးများကြား အချိုရည်သောက်သုံးမှုမှာ တစ်ဦးချင်းပျမ်းမျှသီတင်းတစ်ပတ်လျှင် ၃ ဒသမ ၆ ကြိမ်ထိရှိကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Xinhua News
Trs : KKO



## နေအဖွဲ့အစည်းအနီးအနားရှိ ကြယ်နှစ်စင်းကိုဗဟိုပြုလှည့်ပတ်နေသော ကျောက်သားဂြိုဟ်နှစ်စင်းကို နိုင်ငံတကာ သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**ဘာရပ်ဆဲလ် ဩဂုတ် ၁၁**

နေအဖွဲ့အစည်းအနီးအနားရှိ ကြယ်နှစ်စင်းကိုဗဟိုပြုလှည့်ပတ်နေသော ကျောက်သားဂြိုဟ်နှစ်စင်းကို နိုင်ငံတကာ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဩဂုတ် ၁၀ ရက်သတင်းများအရ သိရသည်။

TOI-6002 b နှင့် TOI-5713b ဟူ၍ အမည်များ အသီးသီးပေးထားသည့် အဆိုပါဂြိုဟ်နှစ်စင်းကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က လွှတ်တင်ထားသော တက်စ်ဂြိုဟ်တုအကူအညီဖြင့် နိုင်ငံတကာ သိပ္ပံပညာရှင်များက ရှာဖွေ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တက်စ်ဂြိုဟ်တုမှ ရရှိထားသော အချက်အလက်များအရ TOI-6002b ဂြိုဟ်သည် အရွယ်အစားအားဖြင့် အချင်းဝက်အရ ကမ္ဘာဂြိုဟ်အချင်းဝက်ထက် ၁ ဒသမ ၆၅ ဆထိရှိပြီး TOI-5713b ဂြိုဟ်မှာ ကမ္ဘာဂြိုဟ်ထက် ၇၇ ရာခိုင်နှုန်း ပိုကြီးမားကြောင်း ဘယ်လ်ဂျီယံ သိပ္ပံပညာရှင်များက ပြောကြားသည်။

သိပ္ပံပညာရှင်များ၏အဆိုအရ ၎င်းဂြိုဟ်နှစ်စင်းသည် မိခင်ကြယ်များကို မနီးလွန်း၊ မဝေးလွန်းသည့် ပတ်လမ်းများမှတစ်ဆင့် လှည့်ပတ်နေကြောင်း သိရသည်။

နာဆာ၏ တက်စ်ဂြိုဟ်တုသည် နေအဖွဲ့အစည်းရှိ ကြယ်ပေါင်း ၂၀၀၀၀၀ ကျော်တို့ကို စောင့်ကြည့်၍ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်များကို ရှာဖွေနေသည့်ဂြိုဟ်တုဖြစ်သည်။

တက်စ်ဂြိုဟ်တုသည် လက်ရှိအချိန်ထိ နေအဖွဲ့အစည်းပြင်ပဂြိုဟ်များအဖြစ် ယူဆနိုင်သောဂြိုဟ်ပေါင်း ၇၂၀၀ ကို ရှာဖွေတွေ့ရှိထားပြီးဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO




# အီဂျစ်နိုင်ငံအတွက် ပထမဆုံးအိုလံပစ် ရွှေတံဆိပ်ဆုကို Pentathlon ကစားသမား အယ်ဂျန်ဒီက ဆွတ်ခူးရရှိ

ပဲရစ် ဩဂုတ် ၁၁

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပလျက်ရှိသည့် ပဲရစ်အိုလံပစ် အားကစားပွဲတော် ငါးမျိုးစုံ အားကစားဖြစ်သည့် Pentathlon ပြိုင်ပွဲတွင် အီဂျစ်ကစားသမား အယ်ဂျန်ဒီက ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျပန်ကစားသမား တိုင်ရှု ဆာတိုက ငွေတံဆိပ်ဆုကို ဆွတ်ခူး ရရှိခဲ့ပြီး အီတလီကစားသမား မာလန်က ကြေးတံဆိပ်ဆု ဆွတ်ခူး ရရှိခဲ့သည်။

အီဂျစ်အိုလံပစ်အသင်း အနေဖြင့် အိုလံပစ်အားကစားပွဲတော်များတွင် ပါဝင်ယှဉ်ပြိုင်လာသည့် ကာလတစ်လျှောက် တစ်ဦးချင်း ဖြစ်စေ၊ အသင်းလိုက်ဖြစ်စေ ရွှေတံဆိပ်ဆု တစ်ကြိမ်မျှ ရယူနိုင်ဖူးခြင်း မရှိခဲ့သော်လည်း ယခုအခါ အယ်ဂျန်ဒီက ပထမဆုံး ရွှေတံဆိပ်ဆုကို ဆွတ်ခူးပေးနိုင်ခဲ့သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အယ်ဂျန်ဒီသည် ငါးမျိုးစုံ အားကစားတွင် ရမှတ်စုစုပေါင်း ၁၅၅၅ မှတ်ရရှိခဲ့ကာ ကမ္ဘာ့စံချိန်သစ်တစ်ရပ်ဖြင့် ရွှေတံဆိပ်ဆုအား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အယ်ဂျန်ဒီသည် တိုကျိုအိုလံပစ်အားကစားပွဲတော်တွင် Pentathlon ပြိုင်ပွဲ၌ ငွေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့သူဖြစ်ပြီး စွမ်းဆောင်ရည်များ တိုးတက်လာကာ ယခုအိုလံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

အယ်ဂျန်ဒီက "တိုကျိုအိုလံပစ် အားကစားပွဲတော် အပြီးမှာ ကျွန်တော့်အနေနဲ့ ရွှေတံဆိပ်ဆု ရယူနိုင်ဖို့ ရည်မှန်းချက်ထားပြီး လေ့ကျင့်မှုတွေမှာ ပိုပြီးတော့ အချိန်ပေးဖြစ်ခဲ့တယ်။ အပြင်းအထန် လေ့ကျင့်မှုတွေပြုလုပ်ခဲ့တဲ့ အတွက်ကြောင့် ဒဏ်ရာပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ အခုတော့ အီဂျစ်နိုင်ငံအတွက် ကျွန်တော် ရယူပေးချင်တဲ့ အောင်မြင်မှုကိုရယူနိုင်ခဲ့ပါပြီ။ အီဂျစ်နိုင်ငံအတွက် အခုလို သမိုင်းဝင် အောင်မြင်မှုကို ရယူနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်းသိရသည်။

Ref : Xinhua
Trs : AZL



## အားကစားသတင်းအတိုအထွာများ

- နွေရာသီ အပြောင်းအရွှေ့ကာလမပိတ်သိမ်းမီ ချဲလ်ဆီးအသင်းက ကစားသမားရှစ်ဦးထိ ရောင်းချမည်ဖြစ်ကြောင်း အသင်းပိုင်ရှင် တော့ဘိုလီက ထုတ်ဖော်ပြောကြားခဲ့သည်။
- မန်ယူအသင်းက ကက်စမဲရိုးကို အရောင်းစာရင်းတင်သွင်းထားသော်လည်း နည်းပြတန်ဟတ်က ကစားသမားအနေဖြင့် အသင်းတွင် ဆက်ရှိနေမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ဝုဗ်အသင်း ကွင်းလယ်ကစားသမား နက်တိုကိုခေါ်ယူရန် ချဲလ်ဆီးအသင်း သဘောတူညီမှုရရှိခဲ့ပြီးနောက် ဆေးစစ်မှု ပြုလုပ်နေကြောင်း သိရသည်။

ML

# ပဲရစ်အိုလံပစ်အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် အမေရိကန်အသင်း ရွှေတံဆိပ်ဆုဆွတ်ခူး



ပဲရစ် ဩဂုတ် ၁၁

ပဲရစ်အိုလံပစ် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ဘရာဇီး အမျိုးသမီးအသင်းနှင့် အမေရိကန် အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အမေရိကန် အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့ပြီး ငါးကြိမ်မြောက် အိုလံပစ်ရွှေတံဆိပ်ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဘရာဇီး အသင်းသည် ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ကစားနိုင်ခဲ့သည့်အပြင် ထိရောက်သည့် ဂိုးပေါက်ကန်သွင်းမှုများ ပြုလုပ်နိုင်ခဲ့သော်လည်း အမေရိကန်အသင်းမှ ဂိုးသမားနှင့် ခံစစ်ကစားသမားများ ခြေစွမ်းပြသနိုင်မှုကြောင့် ဦးဆောင်ဂိုးမရခဲ့ဘဲ ပထမပိုင်းတွင် သရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းတွင် ဘရာဇီးအသင်းက လူစားလဲမှုပြုလုပ်၍ကွင်းလယ်ကစားအား မြှင့်တင်လာခဲ့သော်လည်း ပွဲကစားချိန် ၅၇ မိနစ်တွင် တိုက်စစ်မှူး ဆွမ်ဆွန်က အယ်ဘာ့၏ ဖန်တီးပေးမှုမှ ဘရာဇီးခံစစ်ကြောင်းကိုကျော်ဖြတ်၍ အမေရိကန်အသင်းအတွက် အနိုင်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်ပြိုင်ပွဲနောက်ပိုင်း ပထမဆုံးအကြိမ် ရွှေတံဆိပ်ဆု ပြန်လည်ရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ဘရာဇီးအသင်းအနေဖြင့် အိုလံပစ်ပြိုင်ပွဲသမိုင်းတွင် ဗိုလ်လုပွဲသုံးကြိမ်ထိ တက်ရောက်ခဲ့သော်လည်း သုံးကြိမ်စလုံးတွင် အမေရိကန်အသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် ဒုတိယဆုနှင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

အမျိုးသမီး အိုလံပစ်ဘောလုံး ပြိုင်ပွဲပြီးဆုံးချိန်တွင် အမေရိကန်အသင်းက ရွှေတံဆိပ်ဆု၊ ဘရာဇီးအသင်းက ငွေတံဆိပ်ဆုနှင့် ဂျာမနီအသင်းက ကြေးတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

Ref : RT
Trs : ML

# ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲ နိုင်ငံအလိုက်ဆုတံဆိပ်ရရှိမှုတွင် တရုတ်နိုင်ငံ ထိပ်ဆုံးကဦးဆောင်

ပဲရစ် ဩဂုတ် ၁၁

ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပလျက်ရှိသည့် ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲတွင် ယနေ့ကစားခဲ့သည့် ပြိုင်ပွဲများအပြီး၌ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုစာရင်းတွင် တရုတ်နိုင်ငံက ထိပ်ဆုံးမှရပ်တည်လျက်ရှိကြောင်း သိရသည်။

ယနေ့ကျင်းပခဲ့သည့် ပြိုင်ပွဲများအပြီးတွင် တရုတ်နိုင်ငံက ရွှေတံဆိပ် အခု ၄၀၊ ငွေတံဆိပ် ၂၇ ခု၊ ကြေးတံဆိပ် ၂၄ ခု စုစုပေါင်း ဆုတံဆိပ် ၉၁ ခုဖြင့် နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုစာရင်းတွင် ထိပ်ဆုံးက ဦးဆောင်နေခြင်းဖြစ်သည်။

နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုစာရင်း၌ တရုတ်နိုင်ငံ၏နောက်တွင် အမေရိကန်နိုင်ငံက ရွှေတံဆိပ် ၃၈ ခု၊ ငွေ တံဆိပ် ၄၂ ခု၊ ကြေးတံဆိပ် ၄၃ ခုဖြင့် ဒုတိယနေရာတွင် ရပ်တည်လျက်ရှိပြီး ဂျပန်နိုင်ငံက ရွှေတံဆိပ် ၁၉ ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ၁၃ ခုဖြင့် အဆင့်(၃)နေရာတွင်လည်းကောင်း၊ ဩစတြေးလျနိုင်ငံက ရွှေတံဆိပ် ၁၈ ခု၊ ငွေတံဆိပ် ၁၉ ခု၊ ကြေးတံဆိပ် ၁၆ ခုဖြင့် အဆင့်(၄)နေရာတွင်လည်းကောင်း၊ အိမ်ရှင်ပြင်သစ်နိုင်ငံက ရွှေတံဆိပ် ၁၆ ခု၊ ငွေတံဆိပ် ၂၅ ခု၊ ကြေးတံဆိပ် ၂၂ ခုဖြင့် အဆင့်(၅)နေရာတွင်လည်းကောင်း အသီးသီး ရပ်တည်လျက်ရှိသည်။

ဆက်လက်ပြီး နယ်သာလန်နိုင်ငံက ရွှေတံဆိပ် ၁၅ ခု၊ ငွေတံဆိပ် ခုနစ်ခု၊ ကြေးတံဆိပ် ၁၂ ခုဖြင့် အဆင့်(၆)၊ ဂရိတ်ဗြိတိန်က ရွှေတံဆိပ် ၁၄ခု၊ ငွေ တံဆိပ် ၂၂ခု၊ ကြေးတံဆိပ် ၂၉ခုဖြင့် အဆင့်(၇)၊ တောင်ကိုရီးယားနိုင်ငံက ရွှေတံဆိပ် ၁၃ခု၊ ငွေတံဆိပ် ကိုးခု၊ ကြေးတံဆိပ် ၁၀ ခုဖြင့် အဆင့်(၈)၊ ဂျာမနီနိုင်ငံက ရွှေတံဆိပ် ၁၂ ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ရှစ်ခုဖြင့် အဆင့်(၉)နှင့် အီတလီနိုင်ငံက ရွှေတံဆိပ် ၁၁ ခု၊ ငွေတံဆိပ် ၁၃ ခု၊ ကြေးတံဆိပ် ၁၅ ခုဖြင့် အဆင့်(၁၀)တို့တွင် အသီးသီး ရပ်တည်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : STA

# ဘာစီလိုနာကစားသမား ဂျူလီယန်အာရူဂျိုကို ခေါ်ယူရန် ဘုန်းမောက်အသင်း သဘောတူညီမှုရရှိ

လန်ဒန် ဩဂုတ် ၁၁

ဘုန်းမောက် အသင်းသည် ဘာစီလိုနာအသင်း ခံစစ်ကစားသမား ဂျူလီယန်အာရူဂျိုကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၈ ဒသမ ၄ သန်းဖြင့် ခေါ်ယူရန် ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှုရရှိခဲ့သည်။

လက်ရှိတွင် ဂျူလီယန်အာရူဂျိုသည် ဆေးစစ်မှုပြုလုပ်ရန် ဘုန်းမောက်အသင်းသို့ ရောက်ရှိနေပြီး ဆေးစစ်မှုအောင်မြင်ပါက လာမည့် ၂၀၂၉ ခုနှစ်ထိ ငါးနှစ်စာချုပ် ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၂ နှစ်ရှိ ခံစစ်ကစားသမားသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ အပြောင်းအရွှေ့ကာလက မေဂျာလိဂ်ကလပ် အယ်အေဂလက်ဆီအသင်းမှ ဘာစီလိုနာအသင်းသို့ ရောက်ရှိခဲ့ပြီးနောက် လာလီဂါပြိုင်ဘက် လက်ပါးမက်အသင်းတွင် အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရာ ဒဏ်ရာပြဿနာနှင့် ပွဲပယ်ပြစ်ဒဏ်များကြောင့် ပြိုင်ပွဲစုံ ၂၈ ပွဲသာ ပါဝင်ကစားခဲ့ရပြီး ဘောလုံးရာသီကုန်ဆုံးတွင် ဘာစီလိုနာအသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့သည်။

နည်းပြသစ် ဖလစ်သည် ရာသီကြိုခြေစမ်းပွဲတွင် အာရူဂျိုကို ပွဲကစားချိန် ကန့်သတ်ချက်ဖြင့်သာ ကစားခွင့်ပေးနိုင်ခဲ့ပြီး ဘာစီလိုနာအသင်းတွင် အနာဂတ်ရေရာမှုမရှိခဲ့သောကြောင့် ၎င်းအနေဖြင့် အသင်းမှထွက်ခွာရန် ဆန္ဒရှိခဲ့ပြီး ပရီးမီးယားလိဂ်ကလပ် ဘုန်းမောက်အသင်းက ကမ်းလှမ်းလာချိန်တွင် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ဘုန်းမောက် အသင်းသည် ပြီးခဲ့သည့်ရက်ပိုင်းက တိုက်စစ်မှူး ဆိုလန်ကီကို စပါးအသင်းသို့ ယူရို ၆၄ သန်းဖြင့် ရောင်းချခဲ့ပြီးနောက် ကစားသမားဖြည့်တင်းမှု ပြုလုပ်ရန် ကြိုးပမ်းလာခဲ့ပြီး ခံစစ်ကစားသမား ဂျူလီယန်အာရူဂျိုကို ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : Sputnik
Trs : ML

# မြန်မာနေရှင်နယ်လိဂ် ပွဲစဉ် (၆)တွင် ရန်ကုန်ယူနိုက်တက်အသင်းက ရတနာပုံအက်ဖ်စီအသင်းကို ဂိုးပြတ်အနိုင်ရရှိ



ရန်ကုန် ဩဂုတ် ၁၁

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်(၆) အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ ကစားခဲ့ရာ နောက်ကျသွင်းဂိုးများဖြင့် ရန်ကုန်ယူနိုက်တက်အသင်းက ငါးဂိုး နှစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၁၃ မိနစ်တွင် တည်ငြိမ်မင်းက ရတနာပုံအက်ဖ်စီအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၂၅ မိနစ်တွင် ရန်ကျော်ထွေးက ရန်ကုန်ယူနိုက်တက်အသင်းအတွက် ချေပဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်း ပြန်လည် စတင်ချိန်တွင်လည်း နှစ်သင်းစလုံး အပြန်အလှန် တိုက်စစ်ဆင် ဖိအားပေးကစားခဲ့ကြပြီး ပွဲချိန် ၅၅ မိနစ်တွင်အာကာက ရတနာပုံအက်ဖ်စီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၅၈ မိနစ်တွင် လှိုင်းဘိုဘို၊ ပွဲချိန် ၇၆ မိနစ်နှင့် ပွဲချိန် ၈၆ မိနစ်တွင် ဇော်ဝင်းသိန်းနှင့် ပွဲချိန် ၉၄ မိနစ်တွင် အောင်မျိုးခန့်တို့က ရန်ကုန်ယူနိုက်တက် အသင်းအတွက်ချေပဂိုးနှင့် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ရတနာပုံအက်ဖ်စီအသင်းကို ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# မန်ယူအသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရခဲ့သည့် မန်စီးတီးအသင်း ကွန်မြူနတီဒိုင်းဆွတ်ခူး

မန်ချက်စတာ ဩဂုတ် ၁၁

ပရီးမီးယားလိဂ် ဘောလုံးရာသီမစတင်မီ အဖွင့်ပွဲစဉ်အဖြစ် ကစားခဲ့သည့် ကွန်မြူနတီဒိုင်းပြိုင်ပွဲတွင် မန်စီးတီးအသင်းက မန်ယူအသင်းကို ပင်နယ်တီအဆုံးအဖြတ်တွင် အနိုင်ရခဲ့ပြီး ဒိုင်းဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

မန်စီးတီးအသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်တွင် တစ်ဖက်နှင့်တစ်ဖက် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး မန်စီးတီးအသင်းက တိုက်စစ်ဆင်မှုနှင့် ဖိအားပေးမှုများ ပိုမိုပြုလုပ်နိုင်ခဲ့သော်လည်း ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှု မရှိခဲ့ဘဲ မန်ယူအသင်းကသာ တန်ပြန်တိုက်စစ်မှ ထိရောက်သည့် ခြိမ်းခြောက်မှုများပြုလုပ်၍ မန်စီးတီးအသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်။

သို့သော် တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်း မရှိသဖြင့် ဒုတိယပိုင်းတွင် လူစားလဲမှုများ ပြုလုပ်ခဲ့ရာ ကစားပုံတိုးတက်လာသည့် မန်ယူအသင်းက ပွဲကစားချိန် ၈၂ မိနစ်အရောက်တွင် တိုက်စစ်မှူး ဂါနာချို၏ သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သဖြင့် မန်စီးတီးအသင်းက ချေပဂိုးရရှိရေး အစွမ်းကုန်ကြိုးပမ်းခဲ့ရာ ပွဲကစားချိန် ၈၉ မိနစ်အရောက်တွင် အော်စကာဘော့၏ ဖန်တီးပေးမှုမှာ ဘာနာဒိုဆေးဗားက ချေပဂိုး သွင်းယူခဲ့သောကြောင့် တစ်ဖက် တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ပြီး ပင်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရသည်။

ပင်နယ်တီတွင် တစ်ဖက် ရှစ်ကြိမ်စီ ကန်သွင်းခဲ့ရပြီး မန်စီးတီးအသင်းက တစ်ကြိမ်သာ လွဲချော်ခဲ့သော်လည်း မန်ယူအသင်းက နှစ်ကြိမ်ထိ လွဲချော်ခဲ့သောကြောင့် ခုနစ်ဂိုး ခြောက်ဂိုးဖြင့် မန်စီးတီးအသင်းက အနိုင်ရခဲ့ပြီး ခုနစ်ကြိမ်မြောက် ကွန်မြူနတီဒိုင်းကို ရယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : ML

# ပဲရစ်အိုလံပစ်အားကစားပွဲတော် ၅၇ ကီလိုတန်း အမျိုးသမီးလက်ဝှေ့ပြိုင်ပွဲတွင် တရုတ်(တိုင်ပေ)လက်ဝှေ့မယ် လင်ယူတင် ရွှေတံဆိပ်ဆုဆွတ်ခူး



ပဲရစ် ဩဂုတ် ၁၁

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပလျက်ရှိသည့် အိုလံပစ်အားကစားပွဲတော် ၅၇ ကီလိုတန်း အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲတွင် တရုတ်(တိုင်ပေ) လက်ဝှေ့မယ် လင်ယူတင်က ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

လင်ယူတင်သည် ဗိုလ်လုပွဲတွင် ပိုလန်လက်ဝှေ့မယ် ဇီရီမီတာနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ခြင်းဖြစ်ပြီး (၅-၀)ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည့်အပြင် ပဲရစ်အိုလံပစ် အားကစားပွဲတော် အမျိုးသမီးလက်ဝှေ့ အားကစားပြိုင်ပွဲတွင် စွမ်းဆောင်ရည်အမြင့်ဆုံး ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ပထမအဆင့်မှ ဗိုလ်လုပွဲအဆင့်အထိ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ပြိုင်ဘက်များအားလုံးကို (၅-၀) ရလဒ်များဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ပရော်ဖက်ရှင်နယ် လောကတွင် အောင်မြင်မှုများစွာရယူနိုင်မည့် လက်ဝှေ့မယ်အဖြစ်လည်း ထင်ကြေးပေးခံထားရသူဖြစ်သည်။

၎င်းသည် လက်ဝှေ့လောကသို့ ဝင်ရောက်ရန်အတွက် ငယ်စဉ်ကလေးဘဝကတည်းက ခက်ခက်ခဲခဲ ကြိုးစားရုန်းကန်လာခဲ့ရသူဖြစ်ပြီး ဖိုင်နယ်ပွဲစဉ်အပြီး ငယ်ဘဝပုံရိပ်များဖြင့် ရုပ်သံဖိုင် ပြန်လည်ထုတ်လွှင့် ပြသပေးခဲ့ရာတွင် ယင်းပုံရိပ်များအား ကြည့်ရှုရင်း လင်ယူတင်ငိုကြွေးခဲ့ရသည်။

လင်ယူတင်က “ကျွန်မငိုကြွေးခဲ့ရတာဟာ ငယ်ဘဝကပုံရိပ်တွေကို ပြန်တွေ့လိုက်ရလို့ပါ။ လက်ဝှေ့လောကထဲ ဝင်ရောက်လာဖို့အတွက် ငယ်စဉ်ကလေးဘဝကဘယ်လောက်အထိ ခက်ခဲခဲ့လဲဆိုတာ ကျွန်မကိုယ်ကျွန်မ အသိဆုံးပဲဖြစ်ပါတယ်။ နာကျင်မှုတွေ ပျော်ရွှင်မှုတွေအမျိုးမျိုးနဲ့ ရင်ဆိုင်ခဲ့ရပြီးတဲ့နောက် အခုလို ဘဝရည်မှန်းချက်ဖြစ်တဲ့ အိုလံပစ်ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# ချဲလ်ဆီးအသင်းခေါင်းဆောင် ရီစီဂျိမ်း ဒဏ်ရာကြောင့် ထပ်မံအနားယူရမည်



လန်ဒန် ဩဂုတ် ၁၁

ချဲလ်ဆီးအသင်းခေါင်းဆောင် ရီစီဂျိမ်းသည် အသင်းလေ့ကျင့်ရေး အစီအစဉ်တွင် တံကောက်ကြော ဒဏ်ရာရရှိခဲ့သည့်အတွက် ထပ်မံ အနားယူရမည်ဖြစ်ပြီး အသင်းနှင့် ရာသီအစပိုင်းပွဲစဉ်များကို လွဲချော်သွားမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၄ နှစ်ရှိ ရီစီဂျိမ်းသည် ချဲလ်ဆီးအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့ပြီးနောက် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းခေါင်းဆောင်အဖြစ် ခန့်အပ်ခံခဲ့ရသော်လည်း ဒဏ်ရာကြောင့် မကြာခဏ အနားယူခဲ့ရပြီး ပြိုင်ပွဲစုံ ၁၁ ပွဲသာ ပါဝင်ကစားခွင့်ရရှိခဲ့သည်။

ယခုအခါ ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့သည့် အတွက် အသင်းနှင့်အတူ ရာသီကြိုခြေစမ်းပွဲခရီးစဉ်ကို လိုက်ပါခဲ့သော်လည်း လေ့ကျင့်ရေးအစီအစဉ်တွင် တံကောက်ကြောဒဏ်ရာ ထပ်မံရရှိခဲ့သည့်အတွက် အနားယူရမည်ဖြစ်သောကြောင့် ရာသီအစပိုင်းပွဲစဉ်များကို လွဲချော်မည်ဖြစ်သည်။

ရီစီဂျိမ်းအနေဖြင့် ဒဏ်ရာပြင်းထန်မှု မရှိခဲ့သော်လည်း ကြံ့ခိုင်မှု ပြန်လည်ပြည့်ဝရန်အတွက် လနှင့်ချီ၍ အနားယူရမည်ဖြစ်ပြီး လာမည့် စက်တင်ဘာ ၁၄ ရက်တွင် ဘုန်းမောက်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်မှသာ ပြန်လည်ပါဝင်နိုင်ဖွယ်ရှိသည်ဟု ချဲလ်ဆီးအသင်းက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : RT

Trs : STA

# လီဗာပူးအသင်းက ရာဘီယို့စ်ကို ခေါ်ယူရန်ပြင်ဆင်လျက်ရှိ



လန်ဒန် ဩဂုတ် ၁၁

လီဗာပူးအသင်းက လက်ရှိ ကစားသမား အပြောင်းအရွှေ့ကာလတွင် ဂျူဗင်တပ်အသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်း လက်မဲ့ဖြစ်နေသည့် ဝါရင့်ကွင်းလယ်ကစားသမား ရာဘီယို့စ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အသက် ၂၉ နှစ်ရှိ ရာဘီယို့စ်သည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က ပီအက်စ်ဂျီအသင်းမှ ဂျူဗင်တပ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီး ယခုနှစ် ဇွန်လအကုန်က အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲခဲ့ပြီးနောက် လက်ရှိတွင် ကလပ်အသင်း လက်မဲ့ဖြစ်နေသူဖြစ်သည်။

အစောပိုင်းက ဂျူဗင်တပ်အသင်းက ရာဘီယို့စ်ကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုသော်လည်း လုပ်ခလစာညှိနှိုင်းမှုအဆင်မပြေဖြစ်ခဲ့သည့်အတွက် ဂျူဗင်တပ်အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည့်အစီအစဉ်ကို ရပ်ဆိုင်းခဲ့ပြီး အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်း နည်းပြသစ်စလော့ကလည်း လူငယ်ကစားသမားအများစုနှင့် ဖွဲ့စည်းထားသည့် အသင်းကွင်းလယ်ပိုင်းတွင် ရာဘီယို့စ်ကဲ့သို့ ဝါရင့် ကစားသမားတစ်ဦးနှင့် တွဲဖက်လိုသည့်အတွက် လီဗာပူး အသင်းထံခေါ်ယူရန် တောင်းဆိုထားရာ လီဗာပူးအသင်းက မကြာမီ ကမ်းလှမ်းမှုများ လုပ်ဆောင်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : STA

# စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး လူငယ်များရဲ့ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဖြင့် ဖော်ဆောင်ပေး

လူဆိုတာ မျှော်လင့်ချက်နဲ့အသက်ရှင်နေကြတာလို့ဆိုပါတယ်။ လူတိုင်းမှာ ကိုယ်စီမျှော်လင့်ချက်နဲ့ကြိုးစားနေကြရတာမို့ မျှော်လင့်ချက်ကင်းမဲ့ရင် ဘဝရဲ့တန်ဖိုးဆိုတာလဲ လျော့နည်းသွားမှာဖြစ်ပါတယ်။ လူသားတွေကို အရွယ်သုံးပါးနဲ့ပိုင်းခြားထားရာမှာ လူငယ်ဘဝဟာမျှော်လင့်ချက်ကို အောင်မြင်အောင်လုပ်ဆောင်နိုင်စွမ်းရာနှုန်းပြည့်ရှိတဲ့ အရွယ်ဖြစ်ပါတယ်။ လူကြီး၊ လူလတ်၊ လူငယ်ဆိုတဲ့အရွယ်သုံးပါးမှာ လူငယ်ဆိုတာ ပညာပြည့်ဝရမယ်။ ပြည့်ဝအောင်ဖြည့်ဆည်းနိုင်ရမယ်။ ဒါမှ လူငယ်အရွယ်ရောက်လာတဲ့အခါမှာ နိုင်ငံ့ဝန်ထမ်းဆိုရင်လဲ ရာထူးရာခံနဲ့၊ စီးပွားရေးသမားဆိုရင်လဲ အတွက်အချက်ကောင်းကောင်း၊ အတွေးခေါ်ကောင်းကောင်းနဲ့ အောင်မြင်မှုရရှိစေမှာဖြစ်ပါတယ်။ တတိယအရွယ်ကတော့ ပညာပြည့်ဝခြင်း၊ စီးပွားဥစ္စာပြည့်ဝခြင်းတွေနဲ့အတူ စိတ်အေးချမ်းသာစွာနေထိုင်နိုင်ကြရမှာဖြစ်ပါတယ်။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဟာ လူငယ်ဘဝမှာ အရေးအကြီးဆုံးပဲလို့ဆိုချင်တာပါ။ လူငယ်ဘဝမှာ ပေ့ါပေ့ါနေ၊ ပေ့ါပေ့ါစားဖြစ်ခဲ့ရင် ဘဝတိုးတက်ရေးဆိုတာ ရေပေါ်မှာ အရုပ်ရေးသလိုပဲ ဘာမှထင်ရှားလာမှာမဟုတ်ပါဘူး။ နိုင်ငံတော်ကိုတည်ဆောက်တဲ့နေရာမှာ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုတာမရှိမဖြစ်ပါ။ လူသားအရင်းအမြစ်ဆိုတာနဲ့ ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်တွေကို ပြေး မြင်မိကြမှာပါ။ မိဘတွေ၊ ဆရာတွေ၊ ကျောင်းသား၊ ကျောင်းသူတွေအားလုံးက ညီညီညွတ်ညွတ် ကျရာတာဝန်ဝတ္တရားတွေကို ကျေပွန်စွာဆောင်ရွက်ကြမှသာ လူငယ်တွေရဲ့အနာဂတ်ဟာ လှပနေမှာဖြစ်ပါတယ်။

ကျောင်းသားဆိုတာ နောက်ဘဝဖြစ်မယ်ဆိုတာ ဘယ်သူမှမပြောနိုင်ပါဘူး။ အလားအလာသိပ်ရှိပါတယ်။ အငြိမ့်ပွဲ၊ ဇာတ်ပွဲတွေမှာ လူရွှင်တော်တွေပြက်လုံးထုတ်သလို ပြောသလိုပါပဲ။ လူရွှင်တော်တစ်ဦးက "ယနေ့ကြွလာတဲ့ ပရိသတ်တွေအကုန်လုံးထဲမှာ လူကြီးတွေဘေးဖယ်ပြီး လူငယ်တွေကို ကန်တော့လိုက်ပါတယ်"လို့ပြောပြီး ကန်တော့ပါတယ်။ အခြားလူရွှင်တော်တစ်ဦးက "ဟေ့ကောင်၊ လူငယ်တွေကိုဘေးဖယ်ပြီး လူကြီးတွေကို ကန်တော့ပါတယ်လို့ပြောရမှာ၊ မင်းက လူကြီးတွေကို ဘေးဖယ်ပြီး လူငယ်တွေကိုကန်တော့တာ အဓိပ္ပာယ်မရှိဘူး"လို့ပြောပါတယ်။ အဲဒီတော့ ပထမလူရွှင်တော်က "ဟ ရှိတယ်ကွ၊ လူကြီးတွေက မင်းတို့ငါတို့လိုဟာမျိုးတွေ၊ ဘာမှဖြစ်မှာမဟုတ်တော့ဘူး။ လူငယ်တွေက နောက်တော့ရဟန္တာဖြစ်လာမလား၊ ဘုန်းကြီးဖြစ်လာမလား၊ ဆရာတော်ဖြစ်လာမလားမသိဘူး။ ဒါ့ကြောင့်မို့ သူတို့ကို ကြိုပြီးကန်တော့ထားရတာကွ"လို့ပြောပါတယ်။

အဲဒီတော့ ပြောချင်တဲ့အဓိပ္ပာယ်က ကျောင်းသားလူငယ်ဆိုတာဂုဏ်ရှိတယ်။ ကြိုးစားရင် ကြိုးစားသလောက်အောင်မြင်မယ်။ အရာရာမှာတိုးတက်နေတဲ့ ဒီကနေ့ခေတ်ကာလကြီးမှာ ဒစ်ဂျစ်တယ်နည်းပညာကနေ မိမိတို့အတွက် ရယူနိုင်တဲ့အရာတွေအများကြီးရှိပါတယ်။ ကောင်းတာကို အတုယူ၊ မကောင်းတာကို အတုမယူဘဲနဲ့ ကြိုးစားကြဖို့သာလိုအပ်ပါတယ်။ တိုးတက်ချင်စိတ်ပေါ်လာရင် တိုးတက်အောင်ကြိုးစားဖို့ မခဲယဉ်းလှပါဘူး။ အဓိကကတော့ ကိုယ့်အကြောင်းကိုယ် သိနေဖို့လိုပါတယ်။ ကိုယ့်ကိုယ်ကိုယ်ညှံ့နေသလား။ တော်နေသလားဆိုတာ မိမိကိုယ်တိုင်အသိဆုံးပါပဲ။

ဆုံးမစာတစ်ခုမှာတော့ "အကြင်သူသည် မသိ၊ မိမိမသိကြောင်းကိုလဲမသိ။ ထိုသူသည် လူမိုက်တည်း။(ရှောင်ပါ)။ အကြင်သူသည်မသိ၊ မိမိမသိကြောင်းတော့သိ၏။ ထိုသူကား လူရိုး။(ကူညီလိုက်ပါ)။ အကြင်သူသည် သိ၏။ သို့သော် မိမိသိကြောင်းကိုတော့မသိ။ ထိုသူသည် အိပ်ပျော်နေသူ။ (နှိုးလိုက်ပါ)။ အကြင်သူသည် သိ၏။ မိမိသိကြောင်းကိုလည်းသိ၏။ ထိုသူကား ပညာရှိ။(ဆည်းကပ်ပါ)လို့ဆိုထားပါတယ်။ လူငယ်ဘဝမှာရည်မှန်းချက်၊ တိုးတက်ချင်တဲ့စိတ်မရှိသေးရင် ကိုယ့်ထက်မြင့်တဲ့သူကို ပတ်ဝန်းကျင်မှာ ရှာကြည့်လိုက်ပါ။ သူ့လိုမျိုး ကိုယ်လဲဖြစ်အောင်ကြိုးစားရင် ရမှာပါလားဆိုတဲ့စိတ်ကို မွေးမြူလိုက်ပါ။ ဆရာဦးအောင်သင်းက "အမွှေ"ဆိုတဲ့စာအုပ်ရဲ့တစ်နေရာမှာ "ကိုယ့်စိတ်ထဲမှာ ဘဝမှာတိုးတက်ရမယ်ဆိုတဲ့အဓိဋ္ဌာန်မရှိသမျှ ကာလပတ်လုံး၊ တိုးတက်ချင်စိတ် ပြင်းပြင်းထန်ထန်မရှိသမျှကာလပတ်လုံး မင်းဘယ်တော့မှာ မတိုးတက်ဘူး။ ဒါပုံသေ

**❖ လူငယ်တွေကိုယ်တိုင်က မိမိတို့အနာဂတ်ကို မိမိတို့ကောင်းမွန်အောင် လုပ်ဆောင်နိုင်ကြမှသာ မိမိအတွက်၊ မိမိတို့မိသားစုအတွက်၊ နိုင်ငံတော်အတွက် သားကောင်းသမီးမွန်တွေ ဖြစ်လာကြမှာဖြစ်ပါတယ်။ သားကောင်းသမီးမွန်တွေများလာမှ မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံကနေ ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ်ကို ရောက်ရှိမှာဖြစ်ပါတယ်။ လူငယ်တွေအနေနဲ့စဉ်ဆက်မပြတ်ကြိုးစားသွားကြမယ်ဆိုရင် ဖွံ့ဖြိုးပြီးနိုင်ငံကနေ အဖွံ့ဖြိုးဆုံးနိုင်ငံအဖြစ်ကို ရောက်ရှိလာမှာ မလွဲပါဘူး။ လူသာပဓာနမို့ ကြိုးစားကြစေချင်ပါတယ်။ ❖**

ယုံပါ။ ပုံသေယုံပါ"ဆိုပြောထားပါတယ်။

ဆရာကပြောပါသေးတယ်။ "ကျောင်းသားဖြစ်ရင် လက်ငင်းကိစ္စက စာမေးပွဲကိစ္စ၊ နောက်ကိစ္စက နောက်ကိစ္စ။ လက်ငင်းဖြစ်တဲ့စာမေးပွဲကိစ္စ၊ လုပ်လား၊ ပြန်တွက်ကြည့်။ အဲဒီလိုမလုပ်လို့ရှိရင် မင်းဟာကိုယ့်ကိုယ်ကိုယ်လိမ်နေတာပဲ။ ဒါ ကျောင်းသားတွေအတွက်ပြောတာနော်။ ကျောင်းသားအယောင်ဆောင်ပြီး ထမင်းအချောင်စားနေတာ။ ဟုတ်တယ်။ မြန်မာနိုင်ငံမှာ ကျောင်းသားယောင်ဆောင်ပြီး ထမင်းအချောင်စားနေတဲ့လူငယ်တွေဟာ သိန်းချီရှိတယ်" တဲ့။ ဆရာက သူကိုယ်တိုင် ဘဝမှာကြိုးစားခဲ့ရသလို လူငယ်တွေကိုလဲ ကြိုးစားချင်စိတ်ရှိအောင်ဟောပြောလေ့ရှိပါတယ်။ (လူငယ်တွေစာဖတ်မယ်ဆိုရင် ဆရာဦးအောင်သင်းရေးခဲ့တဲ့ စာပေတွေကိုလဲ မဖြစ်မနေဖတ်စေချင်ပါတယ်)။

ကျွန်တော်တို့ငယ်ငယ်က နိုင်ငံတော်အဆင့်မှာ တွင်တွင်ကျယ်ကျယ်ရှိခဲ့တဲ့ ဆောင်ပုဒ်လေးတစ်ခုရှိပါတယ်။ အဲဒါကတော့ "ရိုးသားကြိုးစားလုပ်အားဖြင့်နိုင်ငံတည်" ဆိုတဲ့ဆောင်ပုဒ်ပါ။ လုပ်အားဖြင့် နိုင်ငံတည်ဆိုတဲ့အဓိပ္ပာယ်က ကျယ်ဝန်းပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေရဲ့လုပ်အားဟာ ပညာတတ်မြောက်မှုပါပဲ။ ဆရာဝန်တစ်ယောက်ရဲ့လုပ်အားဟာလဲ လူနာကို အောင်မြင်စွာကုသခြင်းပါပဲ။ ဆိုလိုချင်တာက လုပ်အားဆိုတာ ကာယအား၊ ဉာဏအား နှစ်မျိုးစလုံးကို ပြောလိုရင်းဖြစ်ပါတယ်။ လူငယ်တွေအတွက်တော့ ဗလငါးတန်ကို ညွှန်းဆိုလိုခြင်းဖြစ်ပါတယ်။ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလ ဆိုတဲ့ ဗလငါးတန်နဲ့ပြည့်ဝအောင် ဖြည့်ဆည်းကြရမှာဖြစ်ပါတယ်။

ဗလငါးတန်မှာ အရေးကြီးဆုံးကတော့ စာရိတ္တဗလပဲဖြစ်ပါတယ်။ အကျင့်စာရိတ္တကောင်းမှသာ အောင်မြင်တဲ့သူဖြစ်လာမှာပါ။ အကျင့်စာရိတ္တမကောင်းတဲ့သူဟာ အောင်မြင်ခဲ့ရင်သော်မှ ကောက်ရိုးမီးလို တစ်ခဏပဲဖြစ်မှာပါ။ စာရိတ္တကောင်းဖို့ဆိုရင်တော့ "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား"ဆိုတဲ့အတိုင်း လက်တွေ့လိုက်နာကျင့်သုံးကြည့်ရင် သိသာထင်ရှားလာပါလိမ့်မယ်။ စာရိတ္တဗလဆိုတာကတော့ နေရာတိုင်းမှာ တိုင်းတာတဲ့ပေတံပါပဲ။ အလုပ်အကိုင် အခွင့်အလမ်းမှာလဲ စာရိတ္တကောင်းသူပဲ နေရာရမှာပါပဲ။ နေရာတိုင်းမှာ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်ဆိုတာ တောင်းခံနေတာရှိပါတယ်။ တကယ်တော့ အကျင့်စာရိတ္တကောင်းမွန်ကြောင်းဆိုတာ မိမိကိုယ်တိုင်တည်ဆောက်မှရတဲ့အရာမျိုးဖြစ်ပါတယ်။

လူတော်ဖြစ်ပေမဲ့ လူကောင်းမဟုတ်ရင် အားမကိုးထိုက်ပါဘူး။ တော်တာက အတတ်ပညာနဲ့ဆိုင်တယ်။ အသိပညာနဲ့ဆိုင်တယ်။ ကျွမ်းကျင်မှုနဲ့ဆိုင်ပါတယ်။ ကောင်းတာက စိတ်ပိုင်းဆိုင်ရာကိုယ်ကျင့်သီလဖြစ်ပါတယ်။ တော်ပြီး မကောင်းရင် ပိုကြောက်စရာကောင်းပါတယ်။ မတော်ချင်နေ လူကောင်းဖြစ်ရင် ယုံကြည် ရတယ်။ တော်လဲတော် ကောင်းလဲကောင်းတဲ့လူတော်လူကောင်းဆိုရင်တော့ အတိုင်းထက်အလွန်ပါပဲ။ လူတော်လူကောင်းကို နေရာတိုင်းက လိုချင်ကြပါတယ်။ လူတော်လူကောင်းဖြစ်ရင် ဘဝမှာအောင်မြင်ဖို့ အခြေခံကောင်းရှိနေပါပြီ။

လူငယ်တွေ ပညာတတ်မြောက်ဖို့ ဘာလိုအပ်သလဲလို့မေးခဲ့ရင် အခြေခံအကျဆုံးအဖြေကတော့ ကျန်းမာရေးကောင်းမွန်နေဖို့လိုပါတယ်လို့ ဖြေပါမယ်။ ကျန်းမာရေးကောင်းမွန်မှသာ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာနဲ့ ပညာကိုသင်ယူနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဘက်စုံပညာရေးစနစ်မှာ ဘက်စုံထူးချွန်ဖို့ဆိုရင် ကျန်းမာရေးနဲ့ အားကစားကိုလဲ အထူးပြုလိုက်ပါဆောင်ရွက်ကြရပါလိမ့်မယ်။ ဒါဟာ မဖြစ်မနေလုပ်သင့်တဲ့အရာပါပဲ။

မြန်မာနိုင်ငံမှာ အတတ်ပညာတတ်မြောက်သူတွေ၊ အသိပညာပြည့်စုံတဲ့ပညာတတ်တွေ ပေါများနေမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ အတန်းပညာရှိမှ အသိပညာနဲ့ အတတ်ပညာရရှိဖို့လွယ်ကူမှာဖြစ်တဲ့အတွက် လူငယ်တွေ မိမိခြေထောက်ပေါ်တွင် ရပ်တည်နိုင်ဖို့အတွက် အသိပညာ၊ အတတ်ပညာတွေ အမှန်တကယ်ရရှိအောင် သင်ကြားလေ့ကျင့်ပေးလျက်ရှိပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) မှာလဲ နိုင်ငံသားတိုင်း ပညာသင်ကြားပိုင်ခွင့်ရှိပြီး မသင်မနေရ အခြေခံပညာသင်ကြားခွင့်ကို အာမခံထားပါတယ်။ ကျောင်းနေအရွယ်ကလေးအားလုံး၊ ပညာသင်ယူရမဲ့အရွယ်အားလုံး ပညာသင်ယူခွင့်ရရှိစေရန်နဲ့ အခြေခံပညာအလယ်တန်းKG+9 အဆင့်ပြီးမြောက်မှသာ သက်မွေးပညာ သင်ကြားနိုင်မှာဖြစ်ပြီး အဲဒီကတစ်ဆင့် သတ်မှတ်ချက်ပြည့်မီရင် အထက်တန်းပညာ၊ အဆင့်မြင့်ပညာတွေကို ဆက်လက်ကူးပြောင်းသင်ယူနိုင်မှာဖြစ်ပါတယ်။

လူငယ်တွေရဲ့အနာဂတ် လှပကောင်းမွန်နေဖို့ လက်ရှိလူကြီးတွေက တာဝန်ရှိသူတွေကဆောင်ရွက်ပေးလျက်ရှိရာ လူငယ်တွေအနေနဲ့လဲ လိုက်ပါလုပ်ဆောင်ကြဖို့အရေးကြီးလှပါတယ်။ ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုစကားအတိုင်းနောင်တစ်ချိန်မှာ နိုင်ငံတော်ရဲ့တာဝန်အရပ်ရပ်၊ ကဏ္ဍအသီးသီးမှာ တာဝန်ယူကြရမှာဖြစ်လို့ လူငယ်တွေကို တန်ဖိုးထားနေခြင်းလဲဖြစ်ပါတယ်။ လူငယ်ရေးရာမူဝါဒပါ လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ အဓိကကဏ္ဍ(၁၆)ရပ်ဖြစ်သည့်ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ မူးယစ်ဆေးဝါး နှင့်အခြားဘေးဖြစ်စေတတ်သည့်အန္တရာယ်များကဏ္ဍ၊ အားကစားနှင့် အပန်းဖြေခြင်းကဏ္ဍ၊ အလုပ်အကိုင်အခွင့်အလမ်းကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နိုင်ငံရေးကဏ္ဍ၊ စာပေအနုပညာနှင့်ယဉ်ကျေးမှုကဏ္ဍ၊ သုတေသနကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ပြည်သူ့နီတိနှင့် နိုင်ငံ့သားကောင်းဖြစ်မှုကဏ္ဍ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ ငြိမ်းချမ်းရေးနှင့် ဘဝလုံခြုံရေးကဏ္ဍ၊ ကျား၊ မ ညီမျှမှုကဏ္ဍ၊ လူ့အခွင့်အရေးကဏ္ဍနှင့်နိုင်ငံတကာဆက်ဆံရေးကဏ္ဍများတွင် လူငယ်များ ကိုယ်တိုင်ကိုယ်ကျပါဝင်မှုဖြင့် ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို အလေးထားပြုစုပျိုးထောင်ပေးလျက်ရှိပါတယ်။

လူငယ်တွေကိုယ်တိုင်က မိမိတို့အနာဂတ်ကို မိမိတို့ကောင်းမွန်အောင် လုပ်ဆောင်နိုင်ကြမှသာ မိမိအတွက်၊ မိမိတို့မိသားစုအတွက်၊ နိုင်ငံတော်အတွက် သားကောင်းသမီးမွန်တွေဖြစ်လာကြမှာဖြစ်ပါတယ်။ သားကောင်းသမီးမွန်တွေများလာမှ မြန်မာနိုင်ငံဟာဖွံ့ဖြိုးဆဲနိုင်ငံကနေ ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ်ကို ရောက်ရှိမှာဖြစ်ပါတယ်။ လူငယ်တွေအနေနဲ့စဉ်ဆက်မပြတ်ကြိုးစားသွားကြမယ်ဆိုရင် ဖွံ့ဖြိုးပြီးနိုင်ငံကနေ အဖွံ့ဖြိုးဆုံးနိုင်ငံအဖြစ်ကို ရောက်ရှိလာမှာ မလွဲပါဘူး။ လူသာပဓာနမို့ ကြိုးစားကြစေချင်ပါတယ်။

လူငယ်တွေတစ်ဦးချင်းအနေနဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ဆန္ဒရှိနေပြီး တိုးတက်အောင်လဲ ကြိုးစားနေကြရမှာဖြစ်ပါတယ်။ ဒီကနေ့ခေတ်ကာလဟာဆိုရင် ခေတ်မီနည်းပညာတွေ တစ်နေ့တခြား တိုးတက်နေတဲ့ကာလဖြစ်လို့ ခ ေတ်မီနည်းပညာဖြစ်တဲ့ ဒစ်ဂျစ်တယ်နည်းပညာတွေကျွမ်းကျင်အောင်လဲ သင်ယူတတ်မြောက်ထားကြရမှာဖြစ်ပါတယ်။ ဒစ်ဂျစ်တယ်နည်းပညာ တတ်မြောက်ထားခြင်းဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးတို့ရဲ့ဂုဏ်ကို ပိုမိုတောက်ပြောင်စေမှာဖြစ်လို့ ဩဂုတ် ၁၂ ရက်မှာကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ရဲ့ဆောင်ပုဒ်ဖြစ်တဲ့ "စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး လူငယ်များရဲ့ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဖြင့် ဖော်ဆောင်ပေး" "From Clicks To Progress: Youth Digital Pathways For Sustainable Development" ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ကြိုးစားကြရန်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါတယ်ခင်ဗျာ။ ။

**ကိုးကား**

- **အောင်သင်း....အမွှေ**
- **နေ့စဉ်ထုတ်သတင်းစာများ**

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

# Channel 8 Myanmar Film Production မှ ရိုက်ကူးမည့် မြူနဲ့ရေးတဲ့တိမ် ဇာတ်လမ်းတွဲ စာနယ်ဇင်းမိတ်ဆက်ပွဲ ကျင်းပ



ရန်ကုန် ဩဂုတ် ၁၁

Channel 8 Myanmar Film Production မှ ရိုက်ကူးထုတ်လုပ်မည့် မြူနဲ့ရေးတဲ့တိမ် ဇာတ်လမ်းတွဲ စာနယ်ဇင်းမိတ်ဆက်ပွဲကို ဩဂုတ် ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ Myanmar Plaza Promotion Area တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် အဓိက သရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင် ပန်းရောင်ခြယ်က ပြောပြ၍ သိရသည်။

မြူနဲ့ရေးတဲ့တိမ် ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ရွှေပြည့်က ရေးသားထားကာ ဒါရိုက်တာ EMMA နှင့် တွဲဖက်ဒါရိုက်တာ Zee တို့က Channel 8 Myanmar film Production အတွက် တာဝန်ယူပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဇာတ်လမ်းတွဲသည် ၁၉၇၀ ပြည့်နှစ် ဝန်းကျင်ကာလကို အခြေခံထားသည့် ၂၅ မိနစ်စာ အပိုင်း ၁၂ ပိုင်း ပါဝင်မည့် ရိုမန့်ဒရာမာဇာတ် လမ်းပုံစံဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲက ပုံစံလေးတစ်မျိုးလေးပါ။ ဒီထဲမှာ ဆိုရင် ပန်းရောင်က မြလဲ့ဆိုတဲ့ ကောင်မလေး ကာရိုက်တာနေရာကနေ ပါဝင်ရမှာပါ။ အရင်ခေတ်ပုံစံလေးတွေ၊ အဝတ်အစားလေးတွေနဲ့ မြင်ရမှာပါ။ သေချာတာတော့ ဇာတ်လမ်းပုံစံက ဒီခေတ်ကာလ ဇာတ်လမ်းပုံစံမျိုး မဟုတ်ပါဘူး။ ဒီမှာပါဝင်တဲ့ သရုပ်ဆောင်တွေက အစ Team တစ်ခုလုံးကလဲ ပြင်ဆင်မှုအပိုင်းမှာ သေချာကြိုးစားပြီး ပြင်ဆင်ထားကြတယ်"ဟု သရုပ်ဆောင် ပန်းရောင်ခြယ်က ပြောပြသည်။

မြူနဲ့ရေးတဲ့တိမ် ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အုပ်စိုးခန့်၊ မင်းခန့်သူရိန်၊ ဂူဂူး၊ ရဲမွန်၊ ပန်းရောင်ခြယ်၊ Ashley Bay Bay၊ အိမ့်ဆု၊ ဂွမ်းပုံကြီး၊ ဆုထက်ကုဋေ စသည့်အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ ASH

# Avatar-3 ဇာတ်ကားနာမည် ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ ထုတ်ပြန်ကြေညာ

နယူးယောက် ဩဂုတ် ၁၁

Avatar-3 ဇာတ်ကား၏တရားဝင်ဇာတ်ကားနာမည်ကို ဒစ္စနီးရုပ်ရှင်ကုမ္ပဏီက ထုတ်ပြန်ကြေညာထားကြောင်း ဩဂုတ် ၁၀ ရက် သတင်းများအရ သိရသည်။

ဒစ္စနီးရုပ်ရှင် ကုမ္ပဏီ၏ ကြေညာချက်အရ Avatar-3 ဇာတ်ကား၏ တရားဝင်ဇာတ်ကားနာမည်မှာ Avatar:Fire and Ash ဖြစ်ကြောင်း သိရသည်။

Avatar:Fire and Ash ဇာတ်ကားကို ကမ္ဘာကျော် ဒါရိုက်တာကြီး ဂျိမ်းကင်မရွန်က တာဝန်ယူရိုက်ကူးလျက်ရှိသည်။

Avatar: Fire and Ash ဇာတ်ကားတွင် ယခင် Avatar ဇာတ်ကားများမှ မင်းသား ဆမ်ဝါ့သင်တန်နှင့် ဇိုးဆယ်ဒါနာတို့ပါဝင်ထားကြောင်း သိရသည်။


Avatar:Fire and Ash ဇာတ်ကားကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

ဒစ္စနီးကုမ္ပဏီသည် မူလ Avatar ဇာတ်ကားကို ၂၀၀၉ ခုနှစ် တွင် ရုံတင်ခဲ့ပြီး ဒုတိယမြောက် Avatar ဇာတ်ကားကို ၂၀၂၂ ခုနှစ်တွင် ရုံတင်ပြသခဲ့သည်။

အဆိုပါ Avatar ဇာတ်ကားနှစ်ကားစလုံးသည် ကမ္ဘာ့ရုပ်ရှင်သမိုင်းတစ်လျှောက် ဝင်ငွေအမြင့်ဆုံးဇာတ်ကားများအဖြစ် စာရင်းဝင်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




# နိုင်ငံတကာအလှမယ်ပြိုင်ပွဲများသို့ မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် စေလွှတ်ယှဉ်ပြိုင်သွားမည့် အလှမယ် သုံးဦးကို မိတ်ဆက်ပွဲ ပြုလုပ်

ရန်ကုန် ဩဂုတ် ၁၁

Miss Universe Myanmar Organization က နိုင်ငံတကာ အလှမယ်ပြိုင်ပွဲများသို့ မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် စေလွှတ်ယှဉ်ပြိုင်သွားမည့် အလှမယ် သုံးဦးအား မိတ်ဆက်ပွဲကို ဩဂုတ် ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Wyndham Grand Yangon Hotel တွင် ပြုလုပ်ခဲ့ကြောင်း Face Of Beauty 2024 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် အလှမယ် ယဉ်မေနှင်းက ပြောပြ၍ သိရသည်။

Miss Universe Myanmar Organization က နိုင်ငံတကာ အလှမယ်ပြိုင်ပွဲများသို့ မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် စေလွှတ်ယှဉ်ပြိုင်သွားမည့် Miss Supranational Myanmar 2024 အလှမယ် ချယ်ရီမိုး၊ Miss Earth Myanmar 2024 အလှမယ် သော်တာစန်းနှင့် Face Of Beauty Myanmar 2024 အလှမယ် ယဉ်မေနှင်းတို့ကို ရွေးချယ်ထားကြောင်း သိရသည်။



"ခုလို ညီမကို Face Of Beauty 2024 ပြိုင်ပွဲကို နိုင်ငံကိုယ်စားပြုအနေနဲ့ စေလွှတ်တာမို့ အများကြီး တာဝန်ကြီးပါတယ်။ Body၊ Beauty၊ Brain စတာတွေ အစစအရာရာကြိုးစားနေပါတယ်။ တကယ်တော့ ကိုယ့်ကိုရွေးချယ်မယ်လို့ ထင်မထားပါဘူး။ ကိုယ့်ကိုရွေးချယ်တော့လဲ ဝမ်းသာပါတယ်။ ပထမဦးဆုံး ပြိုင်ပွဲအတွေ့အကြုံက စက်တင်ဘာ ၈ ရက်မှာ တရုတ် (တိုင်ပေ)မှာ သွားပြိုင်ရမှာမို့ အများကြီး ကြိုးစားသွားပါမယ်"ဟု အလှမယ် ယဉ်မေနှင်းက ပြောပြသည်။

မြန်မာနိုင်ငံကိုယ့်စားပြု အလှမယ်များအဖြစ် Miss Supranational 2025 ပြိုင်ပွဲသို့ အလှမယ် ချယ်ရီမိုး၊ Miss Earth 2024 ပြိုင်ပွဲကြီးသို့ အလှမယ် သော်တာစန်း၊ Face Of Beauty 2024 ပြိုင်ပွဲသို့ အလှမယ် ယဉ်မေနှင်းတို့က သွားရောက်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း သိရသည်။ ASH

# Boxman ဇာတ်ကားကို ဒါရိုက်တာ ရူးပတ်ယက် ရိုက်ကူးမည်

နယူးယောက် ဩဂုတ် ၁၁

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ Boxman ဇာတ်ကားကို ဒါရိုက်တာ ရူးပတ်ယက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဩဂုတ် ၁၀ ရက် သတင်းများအရ သိရသည်။

Boxman ဇာတ်ကားသည် ဘဏ်ဖောက်မှုတစ်ခု၌နည်းပညာအဆင့်မြင့်ငွေတိုက်အတွင်း ပိတ်မိနေခဲ့ရသော ဖောက်ထွင်းသမားများကို ကမ္ဘာ့အတော်ဆုံး သော့ဝိဇ္ဇာတစ်ဦးက ကယ်ထုတ်ရန်ကြိုးပမ်းခဲ့ရပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် လျှို့ဝှက်သည်းဖိုဇာတ်ကားဖြစ်သည်။

Boxman ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အဒမ်ယော့က တာဝန်ယူရိုက်ကူးပေးမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Boxman ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင်များကို Lionsgate ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

ထို့ပြင် Boxman ဇာတ်ကား ရုံတင်ပြသမည့်ရက်ကိုလည်း Lionsgate ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO




# ချောက်မြို့နယ် ပန်းဘဲ(တ)ကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှု စစ်ဆေး

ချောက် ဩဂုတ် ၁၁

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် ပန်းဘဲကျေးရွာအုပ်စု ပန်းဘဲ(တ)ကျေးရွာ၌ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ချောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပြည့်ဖူးငုံနှင့် ဝန်ထမ်းများက ကျေးရွာ ရေရရှိရေး ကော်မတီဝင်များနှင့်အတူ ပန်းဘဲ(တ) ကျေးရွာ၌ စက် ရေတွင်း တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ရပ်မိ ရပ်ဖများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ပန်းဘဲ(တ)ကျေးရွာ၌ အကျယ်လေးလက်မ၊ အနက်ပေ ၈၄၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရရန် ပုံငွေ ကျပ် ၄၆ ဒသမ ၃၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် ဇူလိုင် ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၇၂ အိမ်၊ လူဦးရေ ၃၄၃ ဦးတို့အတွက် ရာသီမရွေး သောက်သုံးရေ ဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း သိရသည်။ **နော်လူး**

# Kawlin District completes cultivation of 420 acres of pigeon pea this monsoon


A pigeon pea plantation.

**Kawlin August 11**

Statistics of Kawlin District Agriculture Department of Sagaing Region stated that local farmers planted 420 acres of pigeon pea this monsoon.

The district earmarked 475 acres of pigeon pea this monsoon but local farmers have grown 420 acres including 343 acres in Kawlin Township and 77 acres in Wuntho Township.

"This monsoon, the township has planted 420 acres of pigeon pea out of 475 acres. Our department helps local farmers boost per-acre yield of crops. Farmers grow pigeon pea separately but some of them cultivate such bean as a mixed crop," said U Win Thein, Head of Kawlin District Agriculture Department.

In 2024-25 monsoon, the district earmarked 475 acres of pigeon pea for cultivation including 394 acres in Kawlin Township and 81 acres in Wuntho Township.

This year, members of relevant township agriculture departments gave assistance to local farmers in selection of quality strains of crops, use of agricultural technologies, prevention of pests and boosting per-acre yield of crops.

Township Agriculture Departments in Kawlin District shares knowledge about making pesticides to reduce cost of folio fertilizer to local farmers.

206

# Sugar trading resurges in Mandalay market starting from first week of August

**Mandalay August 11**

Sugar market is high in Mandalay starting from the first week of August, said U Win Htay Vice Chair of Myanmar Sugar and Cane Industries Association.

Sugar trading was in normal till the last week of July, and it resurged in Mandalay market starting from the first week of August.

He explained, "Shortage of sugar stock does not happen in Mandalay market. At present, high demand causes shortage of stock in Mandalay market."

In the last week of July, sugar was traded at K4,300 per viss in Mandalay market, compared with K4,800 per viss on 4 August.

Mandalay, Sagaing, Bago and Yangon regions produce quality sugar with large volumes.

184

# More than 700 acres of butter bean planted in Kanbalu Township

**Kanbalu August 11**

A total of 775 acres of croplands has been placed under butter bean in Kanbalu Township of Sagaing Region this monsoon, according to Township Agriculture Department.

Local farmers planted 775 acres of butter bean against the target of 800 acres this monsoon in 2024-25 season.

U Myo Zaw, Head of Kanbalu Township Agriculture Department said: "Local farmers have planted 775 acres of butter bean this monsoon. They are trying hard to meet the target cultivation. The bean plants are thriving in the township. Farmers cultivate butter bean due to fetching good prices."

Some farmers grow butter bean as mixed crop but the majority of farmers plant such a bean separately.

Agricultural staff help local farmers increase pre-acre yield of crops, use quality strains of crops, make natural fertilizers and pesticides.

206


A butter bean plantation.

# Job fair held by Chinese companies attracts local graduates in Botswana

**Gaborone August 11**

Eight Chinese companies held a job fair in Botswana on Friday, attracting about 200 applicants from various universities.

This event is organized by the Confucius Institute at the University of Botswana (UB) in partnership with the Chinese Enterprises Association in Botswana as well as the Careers and Counselling Center at UB.

"With the deepening of bilateral practical cooperation between China and Botswana, many Chinese companies are building infrastructure projects such as roads, bridges, water supply, and networks in Botswana, bringing local jobs," said Fan Yong, Chinese ambassador to Botswana.

It is hoped that jobseekers will find satisfactory jobs and Chinese companies will find the talents they need to achieve a win-win situation, Fan said.

Richard Tabulawa, deputy vice chancellor of UB, expressed his appreciation to the Confucius Institute for actively organizing the on-campus job fair.

Tabulawa voiced his wish that the job fair could become an annual event, offering more job opportunities and attracting more students and media coverage.

Mogomotsi Maphenduka, 32, graduated from Gaborone University College of Law. He worked in a Chinese company from 2022 to 2023 and is now pursuing Chinese studies at the Confucius Institution at UB.

Xinhua


Local graduates talk with a staff member of a Chinese company at a job fair held in University of Botswana in Gaborone, Botswana, Aug. 9, 2024.

# Kenyan police pursue al-Shabab militants after attack in border region

**Mandera August 11**

Kenyan security forces have launched a manhunt for al-Shabab militants who killed a government official on Saturday before hijacking and fleeing with his official car in Mandera County which borders Somalia.

Mandera County Commissioner Henry Ochako who confirmed the incident on Sunday said that the militants ambushed and killed the official at 3 p.m. local time at Kamor area in Mandera town before fleeing with his vehicle.

Ochako said a woman who was in the car jumped out of the moving vehicle and escaped.

Abdikadir Baricha, Mandera deputy director of Enforcement and head of the County Installation, said the vehicle was later driven towards the Somalia border by suspected al-Shabab militants.

Baricha said in a security alert that the current security situation in Mandera town is unpredictable and called on the county ministries and departmental heads to advise the drivers under their command.

"I urge the county drivers to remain vigilant and report any suspicious activities to the relevant authorities," he said, noting that it is imperative that all county drivers prioritize safety protocols and restrict unnecessary parking of county vehicles in towns.

The incident comes barely a week after security forces conducted operations in northeast Kenya to flush out the al-Shabab militants from the region.

Since the Kenyan military crossed into Somalia in 2011, several attacks believed to have been carried out by al-Shabab militants have occurred in Mandera, Wajir, and Garissa counties of northeastern Kenya.

Xinhua

# Traveller number high at Taungthaman Lake and Bridge starting from first week of August


Local and foreign tourists riding boats in Taungthaman Lake.

**Bogale August 11**

Number of travellers to Taungthaman Lake and Bridge resurged starting from the first week of August, said U Soe Win, secretary of the bridge maintenance committee.

Taungthaman Bridge among other significant destinations in Mandalay catches interest of local and foreign travellers. At present, number of travellers to Taungthaman Lake and Bridge are on the rise starting from the first week of August.

"Travellers at home and abroad visit Taungthaman Lake and Bridge. At present, they take relaxation by riding boat in the lake. As now is time of rising water level in the Ayeyawady River, water level in the lake is also high," he explained.

More than 1,000 travellers at home and abroad visited the bridge and lake per day in the last week of July. Now, number of travellers surges to more than 2,000 per day starting from the first week of August.

Taungthaman Bridge is built of 1,086 posts. Local and foreign travellers visit the lake to enjoy sunset beauties by boat. So, more than 50 boats are giving services to the guests. 184

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Kyunhla Township locals cultivate 7,302 acres of rain-fed oilseed crops

**Kyunhla August 11**

A total of 7,302 acres of oilseed crops have been planted in Kyunhla Township, Kantbalu District, Sagaing Region, during this year's rain crop planting season, according to statistics from the Department of Agriculture for Kyunhla Township.

In the 2024-2025 rain crops planting season, 7,314 acres of oilseed crops are planned to be planted in Kyunhla Township, and 7,302 acres have been planted since May this year.

"We are working to reach the target area. As for oil crops, we are in a successful position," said Daw Myint Myint Yee, head of the Department of Agriculture for Kyunhla Township.

The locals planted 7,243 acres of peanuts, 11 acres of sesame, and 48 acres of sunflowers this year.

In the 2024-2025 rain crops planting season, 7,223 acres of peanuts, 20 acres of sesame, and 71 acres of sunflowers were planned to be planted.

The department has been providing knowledge to oil crop farmers in Kyunhla Township on how to expand acreage, how to grow using GAP methods, how to grow good varieties, and how to grow varieties with good yields. 206


An oil crop plantation.

# Indaw Township finishes cultivation of corns

**Indaw August 11**

Indaw Township Agriculture Department mentioned that a total of 950 acres of corns has been planted in the township of Sagaing Region this monsoon.

Local farmers have so far planted 950 acres of corns exceeding the target of 500 acres in Indaw Township this monsoon.

U Thein Khaing, Head of Township Agriculture Department said: "Local farmers have grown 950 acres of corns exceeding the target of 500 acres. Our department disseminates agricultural techniques to local farmers to boost production."

In 2024-25 monsoon, the township planned to grow 61 acres of maize and local farmers are growing the plants.

Agricultural officials conduct training courses to local farmers for growing maize and corns, field demonstration, prevent pests and FAW and use traditional pesticides.

The township yields more than 50 baskets of maize per acre, costing K500,000 per acre whereas local farmers produce 15,000 pieces of corns per acre, spending more than K500,000 per acre. 206


A corn plantation.

# More than 37,000 acres of various oil crops planted in Sagaing Township

**Sagaing August 11**

The statistics of Sagaing Township Agriculture Department stated that a total of 37,891 acres of various oil crops have been planted in Sagaing Township of Sagaing Region this monsoon.

In 2024-25 season, the township earmarked cultivation of 46,146 acres of oil crops but local farmers have so far planted 37,891 acres against the target.

U Zaw Oo, Head of the township Agriculture Department said, "We have earmarked cultivation of more than 46,000 acres of oil crops in Sagaing Township but local farmers have grown more than 37,000 acres against the target cultivation. They are striving for meeting the target sown acreage."

This year, Sagaing Township has cultivated 6,135 acres of groundnut, 24,725 acres of sesame and 7,031 acres of sunflower.

This monsoon, the township earmarked 9,148 acres of groundnut, 24,632 acres of sesame and 12,366 acres of sunflower, totalling 46,146 acres.

This year, staff of township Agriculture Department trained local farmers to expand sown acreage of oil crops and use GAP system and quality strains of crops.

Moreover, agricultural staff inspected crop plantations whether farmers weed and prevent pests. 206

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အီရန်နိုင်ငံက ကိုယ်ပျောက်ခရုဇ်ဒုံးကျည်သစ်ကို ရေတပ်သို့ လွှဲပြောင်းပေးအပ်ခဲ့




အီရန်နိုင်ငံသည် ကိုယ်ပျောက်နည်းပညာ ပေါင်းစပ်အသုံးပြုထားသည့် ရေတပ်သုံး ခရုဇ်ဒုံးကျည်သစ် တစ်မျိုးကို ရေတပ်သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ခရုဇ်ဒုံးကျည်သစ်များသည် အီရန်နိုင်ငံ တော်လှန်ရေးအစောင့်တပ်ဖွဲ့ (IRGC) ရေတပ်သို့ တပ်တော်ဝင်အသုံးပြုနိုင်ခဲ့ပြီဖြစ်ရာ ရေဒါရှောင်လွှဲနိုင်သော စွမ်းရည်များနှင့် ဖျက်သင်္ဘောများ အပါအဝင် ရေတပ်သင်္ဘောကြီးများကို တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိသော အဖျက်စွမ်းအားပြင်း ထိပ်ဖူးများတပ်ဆင်အသုံးပြုထားကြောင်း သိရသည်။

မကြာသေးမီက အီရန်နိုင်ငံသည် ရေတပ်သုံး ခရုဇ်ဒုံးကျည်စွမ်းရည်တွင် သိသာထင်ရှားသော တိုးတက်ဖွံ့ဖြိုးမှုများ လုပ်ဆောင်နိုင်ခဲ့ပြီး ကိုယ်ပျောက်စွမ်းရည်နှင့် တိကျသော အဖျက်စွမ်းအားတို့တွင် အဆင့်မြှင့်တင်ထားသည့် ခရုဇ်ဒုံးကျည် မော်ဒယ်အသစ်များကို ထုတ်ဖော်ပြသခဲ့သေးသည်။ အရေးပါသောတိုးတက်မှုများထဲမှတစ်ခုမှာ ဉာဏ်ရည်တု(AI) နည်းပညာကို Abu Mahdi ခရုဇ်ဒုံးကျည်တွင် ပေါင်းစည်းအသုံးပြုနိုင်ခြင်းဖြစ်သည်။ အကွာအဝေး ကီလိုမီတာ ၁၀၀၀ ကျော် တိုက်ပွဲဝင်နိုင်သော အဆိုပါဒုံးကျည်ကို ပစ်လွှတ်ပြီးနောက် အဝေးထိန်းစနစ်ဖြင့် လမ်းညွှန်နိုင်စေရန် ဒီဇိုင်းထုတ်ထားသည်။ ၎င်းသည် အီရန်၏ လက်နက်တိုက်တွင် ကြောက်မက်ဖွယ်ကောင်းသည့် ဒုံးကျည်အမျိုးအစားတစ်ခု ဖြစ်လာခဲ့သည်။ AI နည်းပညာသည် ထိုခရုဇ်ဒုံးကျည်၏ လက်ရှိဒုံးကျည်ကာကွယ်ရေးစနစ်များကို ရှောင်လွှဲနိုင်စေကာ ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းနှင့် ဒုံးကျည်၏ ရှင်သန်ရပ်တည်နိုင်စွမ်းကို သိသိသာသာ မြှင့်တင်ပေးထားနိုင်ခဲ့သည်။ အီရန်ရေတပ် ယခုလက်ခံရရှိခဲ့သော ရေတပ်သုံး ခရုဇ်ဒုံးကျည်သစ်မှာလည်း Abu Mahdi ဖြစ်နိုင်သည်။ မည်သည့်ခရုဇ်ဒုံးကျည်အမျိုးအစားသစ် လက်ခံရရှိခဲ့သည်ကိုမူ အီရန်နိုင်ငံက အသေးစိတ်ထုတ်ဖော်ပြောကြားထားခြင်း မရှိကြောင်း သိရသည်။

Abu Mahdi အပြင် အီရန်နိုင်ငံသည် Talaeieh နှင့် Nasir မော်ဒယ်များကဲ့သို့ အခြားသော ခရုဇ်ဒုံးကျည်အမျိုးအစားသစ်များကို မိတ်ဆက်ပေးခဲ့ပြီးဖြစ်သည်။ အဆိုပါဒုံးကျည်များကို တိကျပဲ့ထိန်းဒုံးများအဖြစ် ဖော်ပြထားခဲ့ပြီး ရေဒါရှောင်လွှဲနိုင်မှု အဆင့်မြှင့်စွမ်းရည်များ အသုံးပြုထားကြောင်း သိရသည်။ ၎င်းတို့တွင် ပေါက်ကွဲအားမြင့်မားသော ထိပ်ဖူးများအသုံးပြုထားပြီး ရန်သူ့လေကြောင်းရန် ကာကွယ်ရေးစနစ်များက ထောက်လှမ်းမရနိုင်စေရန် ဒီဇိုင်းထုတ်ထားသည့်အတွက်ကြောင့် ဖျက်သင်္ဘောများကဲ့သို့ ရေတပ်သင်္ဘောကြီးများကို တိုက်ခိုက်နစ်မြှုပ်နိုင်စွမ်းရှိကြောင်း သိရသည်။

အီရန်သည် ရေဒါထောက်လှမ်းမှုကို ရှောင်ရှားရန် ဒီဇိုင်းထုတ်ထားသော ကိုယ်ပျောက်စွမ်းရည်များ တပ်ဆင်ထားသည့် AI-guided Abu Mahdiခရုဇ်ဒုံးကျည်ကဲ့သို့ ခေတ်မီဆန်းသစ်သော ဒုံးကျည်စနစ်များကို တီထွင်လျက်ရှိသည်။ အဆိုပါ ဒုံးကျည်များသည် အစ္စရေး၏ ကာကွယ်ရေးစနစ်များအတွက် ကြီးမားသောစိန်ခေါ်မှုတစ်ရပ် ဖြစ်လာစေသည်။

အဆိုပါ အီရန်ထုတ် ရေတပ်သုံး ဒုံးကျည်များ၏ တိုက်ပွဲဝင်နိုင်စွမ်းတွင် စစ်ဆင်ရေး အကွာအဝေးကို အဆင့်မြှင့်တင်နိုင်ပြီး မဟာဗျူဟာမြောက် အချက်အချာနေရာများကို ပစ်မှတ်ထားတိုက်ခိုက်နိုင်သည်။ အထူးသဖြင့် ကုန်သွယ်ရေးနှင့် စစ်ရေးလှုပ်ရှားမှုများအတွက် ရေလမ်းကြောင်းများအပေါ် မှီခိုနေရသည့် အစ္စရေးနိုင်ငံအတွက် ခြိမ်းခြောက်မှုပင်ဖြစ်သည်။ အဆင့်မြှင့်တင်ထားသော အကွာအဝေးနှင့် ကိုယ်ပျောက်အင်္ဂါရပ်များသည် အဆိုပါ ဒုံးကျည်များကို Iron Dome၊ Arrow နှင့် David's Sling ကဲ့သို့သော အစ္စရေး၏ အဆင့်မြင့်လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်များကို ကျော်လွှားနိုင်စေကာ အစ္စရေး၏ ခုခံနိုင်စွမ်းကို ထိခိုက်လာနိုင်ခြေရှိကြောင်း သိရသည်။

**Iran Delivers to its Naval Forces New Stealth Cruise Missile Undetectable to Enemy Radars** ကိုဘာသာပြန်ဆိုထားပါသည်။

## အမေရိကန်က ယူကရိန်းသို့ စစ်ရေးအကူအညီများ ထပ်မံပေးပို့သွားမည်ဟု ကြေညာ



အမေရိကန်နိုင်ငံသည် ယူကရိန်းသို့ စစ်ရေးအကူအညီများ ထပ်မံပေးပို့မှုအဖြစ် အမေရိကန်ဒေါ်လာ ၁၂၅ သန်းတန်ဖိုးရှိ ဒုံးကျည်များနှင့် ခဲယမ်းများပေးပို့မည်ဟု ပင်တဂွန်စစ်ဌာနချုပ်က ကြေညာခဲ့ကြောင်း ရုရှားနိုင်ငံပိုင် RT သတင်းဌာနက ဩဂုတ် ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားနိုင်ငံ၏ ယူကရိန်းအထူးစစ်ဆင်ရေး မစတင်မီ ခြောက်လအလို ၂၀၂၂ ခုနှစ် ဩဂုတ်လကတည်းက ယူကရိန်းကို ပေးအပ်ခဲ့သည့်အကူအညီများတွင် ၆၃ ကြိမ်မြောက် အကူအညီဖြစ်ကြောင်း အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက မှတ်ချက်ပြုခဲ့သည်။

ယူကရိန်း၏ အရေးကြီးသော လုံခြုံရေးနှင့် ကာကွယ်ရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် အမေရိကန်နိုင်ငံက Stinger လေယာဉ်ပစ်ဒုံးကျည်များ ဦးစားပေး ပို့ဆောင်သွားမည်ဟုသိရသည်။ ထို့ပြင် High Mobility Artillery Rocket Systems (HIMARS) အတွက် ခဲယမ်းများ၊ ၁၅၅ မီလီမီတာနှင့် ၁၀၅ မီလီမီတာ အမြောက်များအတွက် ခဲယမ်းများ၊ Javelin၊ AT-4 နှင့် TOW တင့်ဖျက်ဒုံးများ၊ လက်နက်ငယ်ကျည်များ၊ ဖောက်ခွဲရေးပစ္စည်းများ၊ ဘက်စုံသုံးရေဒါများ၊ Humvee လူနာတင်ယာဉ်များနှင့် အပိုပစ္စည်းကိရိယာများပါဝင်ကြောင်း ပင်တဂွန်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ စစ်လက်နက်ပစ္စည်းများ ဝန်ဆောင်မှု၊ လေ့ကျင့်သင်တန်းပေးရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

နောက်ဆုံးပေးအပ်ခဲ့သည့် အကူအညီပက်ကေ့ချ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ စစ်လက်နက်ပစ္စည်းခဲယမ်းများပါဝင်ခဲ့ပြီး ဇူလိုင်လကုန်တွင် လွှဲပြောင်းပေးပို့ခဲ့သည်။ အမေရိကန်နိုင်ငံ ပင်တဂွန်စစ်ဌာနချုပ်မှ ကိုယ်တိုင်တရားဝင်ထုတ်ပြန်ချက် ကိန်းဂဏန်းများအရ အမေရိကန်နိုင်ငံသည် ယူကရိန်းသို့ ၂၀၂၂ ခုနှစ်မှ ယခုထိ အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၂ ဘီလီယံတန်ဖိုးရှိ စစ်ဘက်အကူအညီများ ပေးအပ်ထားခဲ့ကြောင်း သိရသည်။

ယခုသီတင်းပတ် အစောပိုင်းတွင် ယူကရိန်းသည် ရုရှားနိုင်ငံ Kursk နယ်စပ်ဒေသသို့ တပ်ရင်းများစွာစေလွှတ်၍ နယ်စပ်ဖြတ်ကျော်ဝင်ရောက်ကာ ကျူးကျော်စစ်များ ဆင်နွှဲလာခဲ့သည်။ ကျူးကျော်သူ ယူကရိန်းများသည် အမြောက်များ၊ လက်နက်ငယ်များနှင့် ဒရုန်းများဖြင့် အရပ်ဘက်၊ စစ်ဘက်မခွဲခြားဘဲ အရပ်သားများကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်ဟု ရုရှားဘက်က ပြောကြားထားကြောင်း သိရသည်။

ဩဂုတ် ၉ ရက်တွင် ယူကရိန်းဒရုန်းများသည် Kurchatov မြို့ရှိ Kursk Nuclear ဓာတ်အားပေးစက်ရုံကို ပစ်မှတ်ထား တိုက်ခိုက်လာသည့်အတွက် အဆိုပါမြို့တွင် လျှပ်စစ်ဓာတ်အားကို ခေတ္တဖြတ်တောက်ပစ်ခဲ့ရသည်။

အဆိုပါ ယူကရိန်းတို့၏ နယ်စပ်ဖြတ်ကျော်တိုက်ခိုက်မှုကြောင့် အနည်းဆုံး အရပ်သား ငါးဦး သေဆုံးပြီး ၂၁ ဦးဒဏ်ရာရရှိခဲ့ကြောင်း ရုရှားနိုင်ငံအာဏာပိုင်များက ပြောကြားခဲ့သည်။ ရုရှားရှိ ကာကွယ်ရေးဝန်ကြီးဌာနက ကျူးကျော်ဝင်ရောက်လာသူ ယူကရိန်းတပ်ဖွဲ့ဝင်များအနက် တပ်ဖွဲ့ဝင်အင်အား ၁၀၀၀ ခန့်နှင့် သံချပ်ကာယာဉ် အစီးရေ ၁၀၀ ကျော်ဆုံးရှုံးခဲ့ကြကြောင်း ထုတ်ပြန်ထားသည်။

**US to send more military aid to Ukraine** ကိုဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၁၅၃၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျွန်းလှ ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၁၅၃၅ ကေထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် ပဲစင်းငုံ ၁၁၅၄၁ ကေ စိုက်ပျိုးရန် လျာထားပြီး မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၅၃၅ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ ပဲစင်းငုံ ၁၁၅၄၁ ကေစိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၁၅၃၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံ စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လည်း ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲစိုက်ပျိုးကြပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်တောင်သူများကို ရွက်ဖျန်းမြေဩဇာဝယ်ယူမှုသက်သာစေရန်အတွက် ယူရီးယားနှင့်လက်ချားပေါင်းစပ်သုံးစွဲသည့် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီထံမှ သိရသည်။ (၂၀၆)

# ကျွန်းစုမြို့နယ် ကပကျေးရွာ၌ Smart Village စီမံကိန်း ဆောင်ရွက်နိုင်ရေး စစ်ဆေး

**ကျွန်းစု ဩဂုတ် ၁၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခေတ်မီစံပြကျေးရွာများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ကပကျေးရွာ၌ Smart Village စီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်တင်စိုးနှင့် တာဝန်ရှိသူများက ကပကျေးရွာ၌ Smart Village စီမံကိန်းရန်ပုံငွေကျပ် ၄၇ ဒသမ ၅ သန်းဖြင့် ကျေးရွာတွင်း လမ်းအရှည် ပေ ၄၁၀၊ အကျယ် ကိုးပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း၊ အလျား ပေ ၄၀၊ အနံ ၂၄ ပေ၊ အမြင့် ၁၁ ပေရှိ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းနှင့် အလျား ကိုးပေ၊ အနံ ခုနစ်ပေ ခြောက်လက်မ၊ အမြင့် ခြောက်ပေရှိ အမှိုက်မီးရှို့ကန်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြေနေရာရရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျွန်းစုမြို့နယ် ကပကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်း(Smart Village) ဖြင့် ကျေးရွာအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၂၄၀၊ လူ ၁၂၇၃ ဦးတို့၏ လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်ကြောင်း မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်တင်စိုးက ပြောပြ၍ သိရသည်။

**အထွေး**

# မင်းဘူးမြို့နယ် ပေါင်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပဉ္စမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက ပေါင်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ပေါင်းကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများ လိုအပ်သည့် ငွေကြေးအရင်းအနှီးရရှိစေရန် ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကော်မတီဝင်များထံ ကျေးရွာမတည်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များက ပေါင်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၄ ဦးကို ရန်ပုံငွေကျပ် ၂၆၇ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀ ကို ငွေကျပ် ၅၇ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၁၆ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၄၀ ကို ကျေးရွာမတည်ရန်ပုံငွေကျပ်သိန်း ၃၄၀ ကို ထုတ်ချေးပေးခဲ့ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းထံမှ သိရသည်။ **ဇင်မာ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၁-၈-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၇၀၀၀/၁၇၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၃၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၀၂၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၂၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၇၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ၏ မျက်နှာစုံညီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် လာအိုနိုင်ငံသို့ထွက်ခွာ



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

ရန်ကုန် ဩဂုတ် ၁၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ဩဂုတ် ၁၂ ရက်မှ ၁၃ ရက်ထိကျင်းပမည့် အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ၏ မျက်နှာစုံညီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်ရန် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့မှ လာအိုနိုင်ငံသို့ လေကြောင်းခရီးဖြင့်ထွက်ခွာရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံအမျိုးသားလွှတ်တော်အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ခရီးစဉ်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်နန္ဒာဟ္မွန်း (အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်၏ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်)နှင့် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ လိုက်ပါသွားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လယ်ယာကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများ၏လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့် စိုက်ပျိုးမွေးမြူရေးအခြေခံလယ်ယာကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများ၏ လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေးကြိုးပမ်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သာယာကုန်းကျေးရွာအုပ်စု တောင်သူ ဦးဖြိုးအောင်၏ ဆီထွက်သီးနှံ မိုးမြေပဲစိုက်ခင်းကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒေသခံမိုးမြေပဲစိုက်တောင်သူများနှင့်တွေ့ဆုံကာ တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရေးအတွက် ဌာန၊ တောင်သူနှင့် ပုဂ္ဂလိကတို့ ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားပြီး တောင်သူများကို ဟင်းသီးဟင်းရွက်မျိုးစေ့များ ပေးအပ်သည်။

ယင်းနောက် တပ်ကုန်းမြို့နယ် ကံကြီးမွေးမြူရေးဇုန်ရှိ မွေးမြူရေးတောင်သူ ဦးတွမ်ခင်ဝင်း(Fun Hwa Co.,Ltd)၏ နို့စားနွားမွေးမြူရေးခြံ၌ ဒေသနွားနှင့် နို့စားနွားအကောင် ၂၀၀ ခန့် မွေးမြူထားရှိမှု၊ နို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးနေမှုကို ကြည့်ရှုအားပေးသည်။

အလားတူ ကံကြီးမွေးမြူရေးဇုန်ရှိ Win Family Co.,Ltd ၏ အသားတိုးနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်တွင် ကံကြီးမွေးမြူရေးဇုန်အတွင်း မွေးမြူရေးလုပ်ငန်းဆောင်ရွက်လျက်ရှိကြသည့် မွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ အသားကဏ္ဍတိုးတက်ထုတ်လုပ်နိုင်ရေး၊ ဇုန်အတွင်း သတ်မှတ်ကောင်ရေပြည့်မီအောင် မွေးမြူနိုင်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ လုပ်ငန်းခွင်ဆောင်ရွက်သူများ ကူးစက်ရောဂါကင်းစင်ရေး၊ တစ်ကိုယ်ရည်သန့်ရှင်းရေးအလေးထားဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် တပ်ကုန်းမြို့နယ် ရွှေမြို့အထူးမွေးမြူရေးဇုန်ရှိ မွေးမြူရေးသုတေသနဦးစီးဌာန မွေးမြူရေးသုတေသနစခန်း(ရွှေမြို့)သို့ သွားရောက်ပြီး ဒေသနွားမများကို နို့စားနွားမျိုးအဖြစ် မျိုးမြှင့်သားစပ်၍ သားပေါက်နှုန်းနှင့် ကြီးထွားနှုန်းသုတေသနပြုခြင်း၊ ဒေသနှင့်ကိုက်ညီသည့် ထုတ်လုပ်မှုကောင်းမွန်သော ဒေသ အသားစား၊ ဥစားကြက်မျိုးရရှိရေး မျိုးမြှင့်သားစပ်ခြင်း သုတေသနလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးကာ သုတေသနတွေ့ရှိချက်များကို လက်တွေ့အသုံးချနည်းပညာအဖြစ် မွေးမြူသူတောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးပေးဝေရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရွှေမြို့) ဘဲဥဖောက်စက်နှင့် မျိုးဘဲဥသိုလှောင်ခန်းများကိုလည်းကောင်း၊ ဒေသနွားမျိုးထိန်းမျိုးပွားခြံနှင့် ဘဲမွေးမြူရေးခြံကိုလည်းကောင်းကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ရှေ့ဖုံးမှအဆက်**

သီလဝါဆိပ်ကမ်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊MITT ဆိပ်ကမ်းနှင့် အခြားဆိပ်ကမ်းတံတား ကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာကိစ္စရပ်များကိုလည်းကောင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ရေကြောင်းကုန်သွယ်မှုသည် နိုင်ငံ့လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောရိုးမဏ္ဍိုင်ဖြစ်၍ ရေကြောင်းကုန်သွယ်မှုများ လွယ်ကူအဆင်ပြေချောမွေ့စေရန် အစိုးရဌာနအဖွဲ့အစည်းများက လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပံ့ပိုးပေးနေသကဲ့သို့ ဆိပ်ကမ်းအာဏာပိုင်နှင့်အတူ လက်တွဲဝန်ဆောင်မှု ပေးနေကြသည့် ပုဂ္ဂလိကဆိပ်ကမ်းတံတားများ၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးပါသဖြင့် နိုင်ငံတကာနှင့်ဒေသတွင်း ဖြစ်ပေါ်ပြောင်းလဲမှုများကို မျက်ခြည်မပြတ်စောင့်ကြည့်လေ့လာသုံးသပ်ပြီး အစိုးရ-ပုဂ္ဂလိကအကျိုးမျှတစွာဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို အလေးထားဆောင်ရွက်ကြရန် မှာကြား၍ လိုအပ်သည်များကိုပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ MITT ဆိပ်ကမ်းတံတား၏ ကုန်သေတ္တာနှင့် အထွေထွေကုန်စည်ကိုင်တွယ်နိုင်မှုနှင့် ဆိုက်ကပ်လာသည့် သင်္ဘောများပေါ်မှ ဓာတ်မြေသြဇာများချယူနေမှု၊ Wilmar Myanmar ဆိပ်ကမ်းတံတား၌ စားသုံးဆီနှင့် ကောက်ပဲသီးနှံကိုင်တွယ်နိုင်မှုနှင့် သင်္ဘောများပေါ်သို့ ပြောင်းဆန်ပို့ကုန်များတင်ဆောင်နေမှု၊ Thilawa MPA International Terminal(TMIT) ဆိပ်ကမ်းတံတား၏ ကုန်သေတ္တာနှင့် အထွေထွေကုန်စည်ကိုင်တွယ်နိုင်မှု၊ ပီတောက်ရွှေဝါကုမ္ပဏီစက်သုံးဆီဆိပ်ခံတံတား၏ စက်သုံးဆီချယူဖြန့်ဖြူးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် သန်လျင်မြို့ရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် အစည်းအဝေးခန်းမတွင် ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့၊ သင်ကြားရေးဌာနမှူးများ၊ ဆရာ၊ဆရာမများနှင့်တွေ့ဆုံကာ နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီသော ရေကြောင်းပညာရပ်များသင်ကြားပို့ချ၊ လေ့ကျင့်ပေးနိုင်ရေး၊ တက္ကသိုလ်သို့လာရောက်ပညာသင်ကြားနေကြသည့် ကျောင်းသား၊ ကျောင်းသူများနေထိုင်မှု၊ သင်ကြားမှု၊ လေ့ကျင့်မှုတို့တွင် အဆင်ပြေချောမွေ့စေရေး၊ အမျိုးသားရေးစိတ်ဓာတ်ပြည့်ဝသည့် အနာဂတ်မျိုးဆက်သစ်များအဖြစ် ပျိုးထောင်ပေးနိုင်ရေးကိုမှာကြားပြီး တက္ကသိုလ်၏ ခေတ်မီစာကြည့်တိုက်၌ စီစဉ်ပေးထားသော e-Libraryစနစ်၊ စာအုပ်စာတမ်းများထိန်းသိမ်းကိုင်တွယ်မှု စနစ်များနှင့် ရေကြောင်းဆိုင်ရာလေ့ကျင့်ရေး Simulator ခန်း၏ လက်တွေ့လေ့ကျင့်သင်ကြားမှုစနစ်တို့ကိုကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးတွင် ရန်ကုန်မြို့၌ အခြေစိုက်သော ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများမှ အကြီးအမှူးများနှင့် တာဝန်ရှိသူများကို တွေ့ဆုံ၍ ဝန်ထမ်းများအားလုံး နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံပြီး ဝန်ထမ်းကျင့်ဝတ်နှင့်အညီ တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်နိုင်ကြရေး၊ ရုံးခန်းများ၊ ရုံးအဆောက်အအုံနှင့် ရုံးပတ်ဝန်းကျင်တို့ကို သန့်ရှင်းသပ်ရပ်၊ စနစ်တကျရှိစေရေး၊ မျိုးဆက်သစ်ဝန်ထမ်းငယ်များကိုလည်း ဌာန၏ဘာသာရပ်ဆိုင်ရာစာတမ်း၊ စာပေများကို ဖတ်ရှု၊ လေ့လာဆည်းပူးမှတ်သား၍ အရည်အချင်း ပိုမိုပြည့်ဝသူများဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရေး၊ ဌာန၏ လုပ်ငန်းတာဝန်များကို အဖွဲ့စနစ် (Team Work)ဖြင့် ဖြေရှင်းဆောင်ရွက်တတ်စေရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်တထောင်မြို့နယ်ရှိ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးသို့ရောက်ရှိရာ တာဝန်ရှိသူများက Integreted Vessel Monitoring and Tracking System ဆိုင်ရာ တင်ပြမှုအပေါ် အခြားဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အကျိုးရှိစွာအသုံးချရေးမှာကြားပြီး ဝန်ထမ်းများကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်သည်။

ဆက်လက်၍ ပုဇွန်တောင်မြို့နယ်ရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ရောက်ရှိပြီး ရုံးအဆောက်အအုံနှင့် ရုံးခန်းများ၊ ပုဇွန်တောင်ချောင်းကမ်းပါးတွင် ဌာနပိုင်ရေကြောင်းပြရေယာဉ်များနှင့် သောင်တူးသင်္ဘောများ လွှန်းတင်ပြင်ဆင်နိုင်ရေး တိုးချဲ့တည်ဆောက်နေသည့် ဘိုးပိုင်အခြေပြု သံကူကွန်ကရစ် လွှန်းကျင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စက်မှုကုန်ကြမ်းသီးနှံ ဝါဝယ်ယူရရှိရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မြေပြင်ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဩဂုတ် ၁၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် စပယ်ကျေးရွာအုပ်စု ပွဲ့ကိုင်ရွာတောင်ကွင်း၌ စိုက်ပျိုးဖြစ်ထွန်းနေသည့် တောင်သူ ဦးတင်ကို၏ ဘီ-၃၁ စပ်မျိုးဝါများ စိုက်ပျိုးထားရှိမှု၊ဝါများခူးဆွတ်နေမှုနှင့် ထွက်ရှိမှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းမှ ထွက်ရှိသည့် ဝါများကိုဝယ်ယူနိုင်ရေး အတွက် စီမံဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ထို့ပြင် ဝါများကိုကြိတ်ခွဲနိုင်ရေးအတွက် ဝါကြိတ်စက်များကိုလည်း အဆင်သင့်လည်ပတ်ကြိတ်ခွဲနိုင်ရန် ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ထွက်ရှိလာသည့် ဝါဂွမ်းများမှ တစ်ဆင့် ချည်မျှင်ထုတ်လုပ်ခြင်း၊ ပိတ်များရက်လုပ်ခြင်း၊ အဝတ်အထည်ထုတ်လုပ်ခြင်း လုပ်ငန်းများကို အဆင့်အလိုက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် ဈေးကွက်ခိုင်မာမှုရှိသည့်ဝါများကို စိုက်ကေများတိုးချဲ့၍ စိုက်ပျိုးစေလိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပျော်ဘွယ်မြို့ရှိ အောင်ကမ္ဘာ ဝါအဝယ်ဒိုင်သို့ရောက်ရှိပြီး ဝါဈေးကွက်အခြေအနေ၊ ဝယ်ယူရရှိမှု၊ ယခုနှစ်တွင် ထွက်ရှိမည့် ဝါအရည်အသွေးအခြေအနေတို့ကိုမေးမြန်း၍ ဝါအဝယ်ဒိုင်အတွင်း ဝါများ သိုလှောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရမည်းသင်းခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက စက်မှုလုပ်ငန်းများ၊ MSME များ၏ ပကတိအခြေအနေမှန်များကိုသိရှိနိုင်ရေးအတွက် လုပ်ငန်းခွင်အရောက် ကွင်းဆင်းစစ်ဆေးရန်နှင့် လုပ်ငန်းများနှင့်ပတ်သက်၍ အတွင်းကျကျသိရှိအောင်ဆောင်ရွက်ရန်၊ ကွင်းဆင်းဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းရှင်များ၏အခက်အခဲများကိုသိရှိပြီး ဖြေရှင်းဆောင်ရွက်ပေးနိုင်သည့် နည်းလမ်းများကိုပါရရှိနိုင်၍ အလေးအနက်ထား ဆောင်ရွက်ရန်မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ TBL Limited ၏ ဝါမျိုးစေ့များထုတ်လုပ်နိုင်ရေးအတွက် သုတေသနပြုစမ်းသပ်စိုက်ပျိုးထားသည့် ဝါစိုက်ကွင်းသို့ ရောက်ရှိစစ်ဆေးပြီး စက်မှုဝန်ကြီးဌာနရှိ ချည်မျှင်စက်ရုံများတွင် ၁/၄၀ ချည်များထုတ်လုပ်ရန်အတွက်သာ ဒီဇိုင်းရေးဆွဲထုတ်လုပ်ထားပြီးဖြစ်သော်လည်း ယခုအခါ ၂/၈၀ ချည်များကိုလည်း ဈေးကွက်လိုအပ်ချက်များနှင့်အညီ ထုတ်လုပ်လျက်ရှိကြောင်း၊ ၂/၈၀ ချည်များထုတ်လုပ်ရန်အတွက် ဝါဂွမ်းများရှိ အမျှင်အရှည်များသည် သတ်မှတ်ထားသည့် အတိုင်းအတာများရှိရမည်ဖြစ်ကြောင်း၊ ယခုသုတေသနပြုလုပ်ပြီးထုတ်လုပ်ထားသည့် ဝါမျိုးစေ့များဖြင့် စိုက်ပျိုး၍ ထွက်ရှိလာသည့် အမျှင်ရှည်သောချည်မျှင်ရှည်ဝါများသည် ၁/၄၀ နှင့် ၂/၈၀ ချည်များကို ထုတ်လုပ်နိုင်၍ တောင်သူများကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးနိုင်ရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်ကြရန်နှင့် အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားကာ TBL–KTK–1 ဝါမျိုးစေ့များဖြင့် စမ်းသပ်စိုက်ပျိုးထားရှိမှုအခြေအနေများကို လှည့်လည်အားပေးကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပျဉ်းမနားခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ခရိုင်ဦးစီးဌာနမှူးက ခရိုင်အတွင်းရှိ စက်မှုလုပ်ငန်းများကို ပုဂ္ဂလိကစက်မှုမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးခဲ့မှု၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဖြည့်ဆည်းဆောင်ရွက်နေမှုနှင့် MSME အဖွဲ့ဝင်ကတ်များထုတ်ပေးခဲ့မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုနယ်မြေ(နေပြည်တော်) စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးဌာနမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရောဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ရေဘေးအန္တရာယ်ကာကွယ်ရေးနှင့် ကမ်းပြိုကမ်းစားခြင်းကြောင့် တာတမံများရေတိုက်စားခြင်းကို ကာကွယ်ထိန်းသိမ်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၁**

ဧရာဝတီဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ရေဘေးအန္တရာယ်ကာကွယ်ရေးနှင့် ကမ်းပြိုကမ်းစားခြင်းကြောင့် တာတမံများ ရေတိုက်စားခြင်းကို ကာကွယ်ထိန်းသိမ်းဆောင်ရွက်ရေးဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing ဖြင့် ပြုလုပ်သည်။



အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဦးဗစ်တာ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ဌာနခွဲအသီးသီးမှ ညွှန်ကြားရေးမှူးများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ယခုနှစ် ဇူလိုင်လဆန်းမှစ၍ ဧရာဝတီမြစ်ရေမြင့်တက်ခြင်း၊ ဒေသတွင်းနေရာအနှံ့ မိုးများစွာရွာသွန်းခဲ့ခြင်းကြောင့် မြို့များ၏ စိုးရိမ်ရေမှတ်အထက်ကျော်လွန်ရောက်ရှိခဲ့ပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ခြင်း၊ ရေဘေးကာကွယ်ရေး တာများတွင် ရေကင်းများချထားမှုနှင့် အရေးပေါ်ထိန်းသိမ်းပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ခြင်း၊ တာတမံများ ကျိုးပေါက်မှုမဖြစ်ပေါ်စေရန် ဆောင်ရွက်ခဲ့သည့် အခြေအနေများနှင့် လာမည့်မိုးလယ်၊ မိုးနှောင်းနှင့် မိုးလွန်ကာလတို့တွင် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးက ဟင်္သာတမြို့နယ် အိပ်ပျက်ကျေးရွာအုပ်စု ဖောင်ဆိပ်ရွာအနီးဖြစ်ပေါ်နေသည့် ကမ်းပြိုကမ်းစားမှုဖြစ်စဉ်များ၊ ရေဘေးကာကွယ်ရေးအတွက် ဖြတ်တာများ နှစ်အလိုက်ပြောင်းလဲဆောင်ရွက်ခဲ့ရမှုများ၊ ကမ်းပြိုကမ်းစားမှုလျော့နည်းသက်သာစေရေး ဆောင်ရွက်သင့်သည့်နည်းလမ်းများ၊ ယခုနှစ်ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများအပေါ် အရေးပေါ်ဆောင်ရွက်ခဲ့ရသော လုပ်ငန်းများနှင့် ပြန်လည်ပြင်ဆင်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဦးဗစ်တာက ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ရေဘေးကာကွယ်ရေးတာများ တည်ဆောက်ခဲ့မှုများနှင့် မှတ်တမ်းများ၊ လက်ရှိဆောင်ရွက်မှုအခြေအနေများ၊ ရေဘေးကာကွယ်ရေးတာများမြှင့်တင်ခြင်း၏ အကျိုးဆက်များ၊ ရေဘေးကာကွယ်ရေးတာများရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို အကြံပြုရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးချက်များစပ်လျဉ်း၍ ဒုတိယဝန်ကြီးက ဧရာဝတီမြစ်ကြောင်းပြောင်းလဲစီးဆင်းမှုကြောင့် မြစ်ကမ်းပါးရေတိုက်စားမှုကိုလျှော့ချနိုင်ရေးအတွက် ဆက်စပ်သည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်မှုအနည်းဆုံးဖြင့် ရေရှည်အကျိုးရှိစေနိုင်ရေး ဆောင်ရွက်သင့်သည့် နည်းလမ်းနှင့်လုပ်ငန်းများ၊ ပွင့်လင်းရာသီတွင် တာတမံများတောင့်တင်းခိုင်မာအောင် ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်သောလုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မြစ်ကမ်းပါးရေတိုက်စားမှုကြောင့် ရေဘေးကာကွယ်ရေးတာတမံများ ပျက်စီးကျိုးပေါက်၍ မြို့ရွာများနှင့် စိုက်ပျိုးမြေများ ရေကြီးရေလျှံမှုအန္တရာယ်မဖြစ်စေရန် နှစ်စဉ်မိုးရာသီမတိုင်မီလိုအပ်သောဖြတ်တာများ၊ ပန်းတာများကိုအချိန်မီတည်ဆောက်ခြင်း၊ တည်ဆောက်ပြီးတာတမံများကြံ့ခိုင်မှုရှိစေမည့် လုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ ဧရာဝတီမြစ်ကမ်းပါးရေတိုက်စားမှုကာကွယ်ခြင်း လုပ်ငန်းများကိုလည်း ဆက်စပ်ဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အိမ်ပြင်ပဒ္ဒထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ဆဋ္ဌသင်္ဂါယနာမူပိဋကတ်သုံးပုံပါဠိတော်ကျမ်းများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် ဩဂုတ် ၁၁**

ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ကို၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ခင်မောင်စိုးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ Thatluang သံဃနာယက တိပိဋ္ဋကကျောင်းတိုက်၌ ကျင်းပသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆက်ကပ်လှူဒါန်းသည့် ဆဋ္ဌသင်္ဂါယနာမူပိဋကတ်သုံးပုံပါဠိတော်ကျမ်းများ လှူဒါန်းခြင်းအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ လာအိုနိုင်ငံသံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး Most Ven Maha Bounma Simmaphomနှင့် ကြွရောက်လာကြသည့် သံဃနာယကအဖွဲ့ဝင် ဆရာတော်ကြီးများက ဆုတောင်းမေတ္တာပို့သကြပြီး ပြည်ထောင်စုဝန်ကြီးက လှူဒါန်းရသောရည်ရွယ်ချက်နှင့်ပတ်သတ်၍ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံသည် ဗုဒ္ဓဘာသာနိုင်ငံများဖြစ်သည့်အပြင် ရိုးရာယဉ်ကျေးမှု သမိုင်းကြောင်းနောက်ခံများလည်း တူညီသည့်အတွက် လာအိုနိုင်ငံ ဘုန်းတော်ကြီးကျောင်းများနှင့်သာသနာ့တက္ကသိုလ်များတွင် အသုံးပြုရန်အတွက် ရည်ရွယ်လှူဒါန်းရခြင်းဖြစ်ပါကြောင်း၊ယခုကဲ့သို့လှူဒါန်းရခြင်းသည် ထေရဝါဒဗုဒ္ဓသာသနာ အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရန်အတွက်လည်းကောင်း၊ နှစ်နိုင်ငံကဏ္ဍာပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှု တည်တံ့ခိုင်မြဲစေရန်ဖြစ်ပါကြောင်း တင်ပြလျှောက်ထားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီး၊ လာအိုနိုင်ငံဆိုင်ရာမြန်မာစစ်သံမှူး(ကြည်း၊ရေ၊လေ)နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဆဋ္ဌသင်္ဂါယနာမူပိဋကတ်သုံးပုံပါဠိတော်ကျမ်းများ၊ လှူဖွယ်သဃ်္ကန်းများအား ဆက်ကပ်လှူဒါန်းခဲ့ကြပြီး လာအိုနိုင်ငံသံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ကြီးနှင့်ကြွရောက်လာကြသည့် ဆရာတော်ကြီးများက မေတ္တာပို့သာခုအနုမောဒနာတရားမြွက်ကြားခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လာအိုနိုင်ငံ ဗီယန်ကျင်းမြို့ Thatluangသံဃနာယကတိပိဋကကျောင်းတိုက်တွင် နိုင်ငံတော်အကြီးအကဲများ လှူဒါန်းထားသည့် ဗုဒ္ဓဆင်းတုတော်များနှင့် သာသနိကအဆောက်အအုံများကို လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါအခမ်းအနားသို့ လာအိုအမျိုးသားဖွံ့ဖြိုးရေးတပ်ဦးမှဒုတိယဥက္ကဋ္ဌ Mr. Dr.Chanpheng Sudthivong၊ လာအိုနိုင်ငံသတင်းအချက်အလက်၊ ယဉ်ကျေးမှုနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Mr.Phosy Keomanivongနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် လာအိုနိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြရာ လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ စစ်သံမှူးနှင့်မြန်မာသံရုံးမှတာဝန်ရှိသူများက လာအိုအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြပြီး ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နေပြည်တော်ရှိ ဝန်ထမ်းအိမ်ရာများကို ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၁**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ဒုတိယဝန်ကြီး ဦးသန့်စင်နှင့်အတူ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စွမ်းအင်ဝန်ကြီးဌာန၏ အမှုထမ်း၊ အရာထမ်းအိမ်ရာများနှင့် အပျို၊ လူပျိုဆောင်များကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက အိမ်ရာများ၊ အဆောင်များတွင် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ နေထိုင်သွားရန်၊ ဝန်ထမ်းများအနေဖြင့် မိမိတို့နေထိုင်သည့် အဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ပိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားရန်၊ ကျန်းမာရေးနှင့် ညီညွတ်စေရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားစေရေးအတွက် မိမိတို့နေထိုင်ရာ အဆောက်အအုံများ၏ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးကို ရုံးအားလပ်ရက်၊ ရုံးပိတ်ရက်များတွင် စုပေါင်းဆောင်ရွက်သည့် အလေ့အကျင့်များ၊ မိမိတို့နေထိုင်သည့်တိုက်ခန်းများ၏ သန့်ရှင်းရေးအမြဲမပြတ်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များရှိအောင်ဆောင်ရွက်ကြရန်၊ အိမ်ရာများတွင် မီးဘေးနှင့် လျှပ်စစ်အန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှ အမြဲမပြတ်ကြီးကြပ်စစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းပေးရန်ဖြစ်ကြောင်းနှင့် အိမ်ရာလုံခြုံရေးအတွက် လုံခြုံရေးသတိဖြင့် အလေးထားဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နေပြည်တော်ရှိ ဝန်ထမ်းအိမ်ရာများနှင့်အဆောင်များရှိ ဝန်ထမ်းများ၏စားဝတ်နေရေး အဆင်ပြေမှုရှိစေရေး၊ ရေ၊ မီး၊ မိလ္လာစနစ်များ ကောင်းမွန်မှုရှိစေရေးနှင့် ယခုမိုးတွင်းကာလတွင် ဖြစ်ပေါ်တတ်သော ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လေ့ရှိသည့် အိမ်ရာအချို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၊ဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ စားဝတ်နေရေး၊ ပညာရေးနှင့် ကျန်းမာရေးအခြေအနေများအားမေးမြန်း၍ လိုအပ်သည်များ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**





# ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်၌ ပဉ္စမအကြိမ် ဒါနဥပပါရမီစုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၁**

ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ဂေါပကအဖွဲ့ ရုံးဝန်ထမ်းများနှင့်ဘုရားဖူးလာပြည်သူများပဉ္စမအကြိမ် ဒါနဥပပါရမီစုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါစေတီတော်ဆိပ်ကမ်းလုပ်သားပေါင်းစုံခမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် အလှည့်ကျသဘာပတိဂေါပကအဖွဲ့ဝင် ဦးအောင်မြတ်က သွေးလှူဒါန်းပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ဝမ်းသာပီတိစကားပြောကြားသည်။

ထို့နောက် အမျိုးသားသွေးလှူဌာနမှ ဒေါက်တာသန္တာကသွေးလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် သွေးလှူဒါန်းကြမည့် စေတီတော်ဂေါပကရုံး ဝန်ထမ်းများနှင့် ဘုရားဖူးလာသွေးလှူရှင်ပြည်သူများအား အမျိုးသားသွေးလှူဌာနမှ တာဝန်ခံဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက သွေးအမျိုးအစားခွဲပေးခြင်း၊ ကျန်းမာရေးဆိုင်ရာစစ်ဆေးပေးခြင်းတို့ကို ကူညီဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဂေါပကရုံးဝန်ထမ်းများနှင့် ဘုရားဖူးလာပြည်သူများ သွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးကြသည်။

ယနေ့သွေးလှူဒါန်းကြသည့် သွေးလှူရှင်များကို စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ တီရှပ်အင်္ကျီများ၊ အလှူရှင်များက အအေး၊ ကြက်ဥ၊ ဒွက်ပျောသီး၊နွားနို့စသည့်အာဟာရအစားအစာများ၊ အမျိုးသားသွေးလှူဌာနမှ သံဓာတ်အားဆေးစသည်တို့ကိုပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

**☆ ရွှေတံဆိပ်ဆွတ်ခူးမှ**

မှတ်တမ်းဝင်ခဲ့သည်။

ငွေတံဆိပ်ကို ဟန်စီလိုက်၊ကြေးတံဆိပ်ကို လင်ကျီယူတို့က ဆွတ်ခူးနိုင်ခဲ့ပြီး လိုင်ဒီယာကိုသည် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ပြီးနောက် အိုလံပစ်အားကစားပွဲတော်မှ အနားယူပြီဖြစ်ကြောင်း ကြေညာခဲ့သည်။

ယခုနှစ်တွင်အောင်မြင်မှုများရရှိရန် ရုန်းကန်ခဲ့ရသည့် လိုင်ဒီယာကိုသည် လက်ကျန် LPGA Tourများတွင် ပိုမိုအာရုံစိုက်သွားမည်ဖြစ်ပြီး PGA Tourများတွင် အောင်မြင်မှုမရရှိသေးသည့်အခြေအနေမှ ရုန်းထွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လိုင်ဒီယာကိုသည် နယူးဇီလန်နိုင်ငံအတွက် အိုလံပစ်ပြိုင်ပွဲတွင် သုံးကြိမ်ဆက် ရွှေတံဆိပ်ရယူပေးနိုင်ခဲ့ပြီးနောက် နိုင်ငံအတွက် တာဝန်ကျေပွန်နိုင်ပြီဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ပဲခူးမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေကြီးရေလျှံဖြစ်ပေါ်ခဲ့သည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ဆရာ၊ ဆရာမများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

**နေပြည်တော် ဩဂုတ် ၁၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေဘေးအန္တရာယ်ရှိသည့် နေရာများမှ ပဲခူးမြို့ရှိ ပုညကာရီဆုတောင်းပြည့်စာသင်တိုက်သို့ ယာယီရွှေ့ပြောင်းနေထိုင်နေသည့် ရေဘေးသင့်ပြည်သူများကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးစကားပြောကြားပြီး ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် အမှတ်(၁၀) အခြေခံပညာ အထက်တန်းကျောင်း၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးကာ ဆရာ၊ ဆရာမများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပဲခူးမြို့နယ် မုန်တိုင်ကျေးရွာအုပ်စု သနပ်ပင်မြို့နှင့် ကဝမြို့နယ်တို့ရှိ မိုးစပါးရေကြီးနစ်မြုပ်တောင်သူများကို သီးခြားစီသွားရောက်တွေ့ဆုံရာ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက မိုးစပါးရေကြီးနစ်မြုပ်မှုများကို ရှင်းလင်းတင်ပြသည်။

၎င်းနောက်ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တိုင်းမှူးတို့က မိုးစပါးရေကြီးနစ်မြုပ်တောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများ အသီးသီးထောက်ပံ့ပေးအပ်ပြီး မိုးစပါးပြန်လည်စိုက်ပျိုးမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝ)**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် မိုးစပါးရေကြီးနစ်မြုပ်တောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်စဉ်။

# ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ နှစ်ဦးကို အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်

**ရန်ကုန် ဩဂုတ် ၁၁**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့သည် သက်ဆိုင်ရာ နိုင်ငံသံရုံးများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံ ရီရတ်ဒ်မြို့တွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မသီတာအောင်နှင့် မခင်မြတ်နိုးဝင်းတို့ကို အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ယူအေအီးနိုင်ငံရှိ ရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးဌာန၊ အလုပ်သမားရေးရာနှင့်စပ်လျဉ်းသည့် ဌာနများသို့ ယူအေအီးနိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံဘက်မှ ပို့ဆောင်သူများ၊ ဒူဘိုင်းဘက်မှ အေဂျင်စီများထံ ဆက်သွယ်၍ ကာယကံရှင်များ နေရပ်သို့ ပြန်လည်ထွက်ခွာနိုင်ရေးဆောင်ရွက်ပေးရန် ညှိနှိုင်းပေးခြင်းနှင့် နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသူများအတွက် သက်သေခံလက်မှတ်များ ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာနိုင်ငံသူနှစ်ဦးမှ မသီတာအောင်သည် ဩဂုတ် ၉ ရက်တွင် ဒူဘိုင်း-ရန်ကုန်ခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီး မခင်မြတ်နိုးဝင်းသည် ဩဂုတ် ၁၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဒူဘိုင်း-ရန်ကုန်ခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ယနေ့ည ၁၀ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့သည်။

ယူအေအီးနိုင်ငံတွင် အခက်အခဲများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုကို အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့ကို လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မစ္စမာကျားအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဩဂုတ် ၁၂**

မစ္စမာကျားအား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စမာကျားသည် ၁၉၆၇ ခုနှစ် နိုဝင်ဘာလတွင် တရုတ်နိုင်ငံ ယုံးဂျီမြို့ ရှန်ရှီးပြည်နယ်တွင် မွေးဖွားခဲ့ပြီး တက္ကသိုလ်ဘွဲ့ရတစ်ဦးဖြစ်ပါသည်။ ၎င်းသည် ၁၉၉၁ ခုနှစ်မှစတင်၍ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် စတင်ထမ်းဆောင်ခဲ့ပြီး ဌာနချုပ်နှင့် ပြည်ပရှိ တရုတ်သံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်များထမ်းဆောင်ခဲ့သည်။ ၎င်းသည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဦးစီးဌာနတွင် သံအရာရှိနှင့် တတိယအတွင်းဝန်အဖြစ် ၁၉၉၂ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိလည်းကောင်း၊ တတိယအတွင်းဝန်နှင့် ဒုတိယအတွင်းဝန်အဖြစ် ၁၉၉၈ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးအဖြစ် ၂၀၀၅ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိလည်းကောင်း အသီးသီးတာဝန်များ ထမ်းဆောင်ခဲ့သည်။ ပြည်ပတာဝန်ထမ်းဆောင်မှုများအဖြစ် ၁၉၉၅ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ရန်ကုန်မြို့အခြေစိုက် တရုတ်သံရုံးတွင် တတိယအတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၀၁ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံအခြေစိုက် တရုတ်သံရုံးတွင် ဒုတိယအတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ဂျပန်နိုင်ငံအခြေစိုက် တရုတ်သံရုံးတွင် ဒုတိယအတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၀၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ စင်ကာပူနိုင်ငံအခြေစိုက် တရုတ်သံရုံးတွင် ပထမအတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၃ ခုနှစ်အထိ ဗြိတိန်နိုင်ငံနှင့် မြောက်အိုင်ယာလန်နိုင်ငံအခြေစိုက် တရုတ်သံရုံးတွင် သံမှူးအဖြစ်လည်းကောင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ မလေးရှားနိုင်ငံအခြေစိုက် တရုတ်သံရုံးတွင် သံမှူးနှင့် သံမှူးကြီးအဖြစ်လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ၂၀၁၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ် စန်းရှမြို့တွင် ဒုတိယမြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၉ ခုနှစ်မှ ယနေ့အထိ အိန္ဒိယနိုင်ငံအခြေစိုက် တရုတ်သံရုံးတွင် သံမှူးကြီးနှင့် သံအမတ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ **(သတင်းစဉ်)**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၅၉၄၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဩဂုတ် ၁၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဩဂုတ် ၁၂ ရက်မှ ၁၈ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၅၉၄၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## ဆွမ်း

(ယမန်နေ့မှအဆက်)

ဒုတိယကျော်အောင်စံထားဆရာတော်ဘုရားကြီးက ဆဝဆွဲပသတ်ကား "ပူလောင်ထိုးဆွပ်၊ ကျီးငှက်ခွပ်၍၊ ဖပ်ဖပ်သွေးစို" စသည်ဖြင့် ထိုးဆွပ်သည်၊ ကိုက်ဆွပ်သည်ဆိုသော အရာထင်၏။ ထိုးဆွသည်၊ ဆိတ်ဆွသည် ဟူသောအနက်နှင့် သဘောတူသင့်၏"ဟု ဝေါဟာရတ္ထပကာသနီကျမ်းတွင် ရှင်းပြတော်မူခဲ့ပါသည်။

ဆွံ။ ။ ဆွံဟူသောဝေါဟာရသည် ယခုခေတ်မြန်မာဘာသာ၊ မြန်မာစာပေတွင် အသုံးနည်းသောဝေါဟာရဖြစ်ပါသည်။ သို့ရာတွင် ရှေးအခါကမူ ဆွံဟူသောဝေါဟာရကိုသာ သုံးသည်ကို တွေ့ရသည်။ ပျို့ကဗျာလင်္ကာများတွင် ဆွံအသုံးများကိုသာ တွေ့ရသည်။(ဆွံဟူသောဝေါဟာရနေရာတွင် ဆွံ့ဟု ယခုအခါအသုံးတွင်ကျယ်သည်။)

ဆွံ ကို စိမ်း၊ မမှည့်မရင့်၊ မကျက်နပ်၊ မရင်းနှီး၊ စိမ်းကားဟူသော အနက်တို့ဖြင့် သုံးသည်။

"မစိမ်းမဆွံ၊ မရွံ့မထိတ်၊ ခြသေ့်စိတ်သို့" (ကိုးခန်း*၃၃)

"မစိပ်မဆွံ၊ စာရေးတံ၊ ရေနံမသုတ်ဘဲ" (ကဝိ*၃၀၇)

ဆွံ - ကို စကားတုံ့ဆိုင်းသည့်အနက်၊ အ သည့်အနက်ဖြင့်သုံးသည်။

"မင်းဖြစ်ကြောက်ရွံ့၊ လွတ်အောင်ကြံ၍ အဆွံသောလား"(သုတသောမ*၆၃)

ဆွံ - ကို ခြေလက်တုံ့ဆိုင်း၊ မလှုပ်ရှားနိုင်အနက်ဖြင့်သုံးသည်။

"အာသာဆက်ဆံ၊ ခြေဆွံနှင့် ရည်ငံချစ်မြူ" (ဆုတောင်း*၆၇)

"မကျက်စိမ်းဆွံ၊ စဆွံတစ်ထွေ၊ နှုတ်ခြေလက်ဆွံ"(ဆကာရန္တ*၉)

"နင်းကျီးနင်းကျွံ၊ ခြေလက်ဆွံ၊ ချွံချွံမသွားဘဲ" (ကဝိ*၂၈၉)

ဆွံ-စဆွံစရပ်။

"အလျားအနံ၊ သည်စဆွံ၊ သံဆယ့်ကိုးတောင်ခွဲ (ကဝိ*၃၀၅)

"မကျက်စိမ်းဆွံ၊ စဆွံတစ်ထွေ၊ နှုတ်ခြေလက်ဆွံ(ဆကာရန္တ*၉)

ဆွံ၏အနက်ရင်းကိုသိလိုလျှင်'ဆုံ'ဟူသောဝေါဟာရနှင့် ဆုပ် ဟူသောဝေါဟာရတို့တွင်ရှာ၍ သိနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် 'ဆွံ'နှင့် 'ဆုံ'၊ 'ဆုံ' နှင့် 'ဆုပ်'ကို အနက်တူကြသောကြောင့်ဖြစ်သည်။ ဆွံ=ဆုံ၊ ွ = ု ။ ဆွံ၊ ဆုံ။ တို့၏ အနက်မှာ ပေါင်းဆုံစုရုံးသည့်အနက်ဖြစ်သည်။

စိမ်းဆွံဆိုသည်မှာ အစိမ်းခါတ်၊ အစိုခါတ်ကိန်းအောင်းဆုံစည်းသည့်အနက်ဖြစ်သည်။

နှုတ်ဆွံသည်၊ ခြေလက်ဆွံသည်။ စကားထစ်သည် စသည်တို့မှာ ခန္ဓာကိုယ်ရှိဆိုင်ရာအကြောအခြင် စသည်တို့ ဆုံစည်း၊ ဆိုင်းဖွဲ့ချုပ်ထို၊ ဆုပ်ဆွဲဆုပ်ကိုင်သည့် အနက်ပင်ဖြစ်သည်။

စဆွံဆိုသည်မှာ စရပ်(ဇရပ်)၏ အမည်တစ်မျိုးဖြစ်သည်။ စရပ်(ဇရပ်)၏ ပရိယာယ်ပင်ဖြစ်သည်။ အသုံးပြုပုံခွဲခြားကွဲပြားသည်ကိုစွဲ၍ အမည်ကွဲသည်ဟု မှတ်ယူနိုင်ပါသည်။ စဆွံဆိုသည်မှာ လူအများဆုံသည့် နေရာ၊ စုသည့်နေရာ၊ စည်းဝေးသည့် နေရာဖြစ်၍ စရပ်(ဇရပ်)ဆိုသည်မှာ လူအများ(ခရီးသွား) စသည်တို့ ရပ်နားရာ၊ နာခိုရာဖြစ်ပါသည်။ စရပ်(ဇရပ်)တွင် အထူးသဖြင့် ခရီးသွားများ နားခိုရပ်နားအပန်းဖြေကြ၍ စဆွံတွင် လူအများဆုံစည်းစုရုံးစည်းဝေး တရားနာကြပါလိမ့်မည်။

ဆွံ့။ ။ ဆွံ့ကို မြန်မာအဘိဓာန်တွင် ၁။ ကိုယ်လက်အင်္ဂါမစွမ်းမသန်ဖြစ်သည်။၂။ စကားထစ်သည်ဟူ၍ အဓိပ္ပာယ်ဖွင့်ပြပါသည်။ စကားမပြောနိုင်ဖြစ်သည်ကိုမူ ဆွံ့အသည်ဟု ဆိုထားပါသည်။

ရှေးအခါက အမြစ်မပါသော ဆွံဟူသော ဝေါဟာရကိုသာသုံး၍ အမြစ်ပါသော ဆွံ့ဟူသော ဝေါဟာရကို မသုံးခဲ့ဟုဆိုရပါမည်။ ရှေးပျို့ကဗျာလင်္ကာတို့တွင် ဆွံ့ဟူသောအသုံးကို မတွေ့ရပါ။ ဆွံအသုံးများကိုသာ ပြပါသည်။ ဒုတိယကျော်အောင်စံထားဆရာတော်ဘုရားကြီးက သူ၏ ဝေါဟာရတ္ထပကာသနီကျမ်း (၁၁၃၁ ခုနှစ်ပြီး)တွင် "ဆဗျည်း ဝဆွဲ သေးသေးတင် အမြစ်ကားမတင်"(အသုံးမရှိ)ဟု ဆိုခဲ့ပါသည်။

ဆွံနှင့် ဆွံ့တို့တွင် ဆွံကို ယခုခေတ်မသုံး၊ ရှေးခေတ်ကသုံးသည်။ ဆွံ့ကို ရှေးခေတ်ကမသုံး၊ ယခုခေတ်သုံးသည်ဟု ဆိုရပါမည်။ မည်သို့ပင်ဖြစ်စေ ဆွံနှင့် ဆွံ့တို့ အနက်တူကြပါသည်။ ဆုံ၊ ဆုံ့၊ ဆုပ် အနက်များနှင့် ဆက်နွှယ်စဉ်းစားလျှင် အဖြေထွက်ပါသည်။ ဆုံစည်းသည့်အနက် ဆုံ့ဆည်းသည့်အနက်၊ ဆုပ်ကိုင်၊ ဆုပ်ဆိုင်း၊ ဆုပ်ထိုင်းသည့် အနက်များပင်ဖြစ်ပါသည်။ အသုံးပြုသူတို့နှုတ်တကျသလို ပြောဆိုသုံးနှုန်းခဲ့ကြခြင်းဖြစ်သည်ဟု ဆိုရပါမည်။ မြန်မာဘာသာစကား မြန်မာစာ၏သဘောသဘာဝ၊ ဥပဒေသအရဆိုသော် ဆွံနှင့်ဆွံ့သည် အနက်ရင်းတူသည်။ သို့ရာတွင် ဆွံသည် ဆွံ့ထက်အနက်အားကြီးသည်ဟု ဆိုရပါမည်။

ဆွမ်း။ ။ သုံးသံတွဲစနစ်၊ တက်ကျသံစနစ်အရသော် ဆွမ်းသည် ဆွံ၊ ဆွံ့တို့ထက် အနက်အားကြီးသည်။ ဆွံသည် မူလသံ မူလနက်ဖြစ်ပြီး ဆွံ့သည် အားနည်းသောအသံဖြစ်ပြီး အားနည်းသောအနက်ကိုဟောသည်။ ဆွမ်းသည် အားကြီးသောအသံ၊ အဆုံးသံဖြစ်၍ အားကြီးသောအနက်၊ အဆုံးစွန်အနက်ဖြစ်သည်။ ဆွံ၊ ဆွံ့၏အနက်သည် ဆုံကာမျှ၊ ပေါင်းကာမျှဖြစ်သော်လည်း ဆွမ်း၏အနက်မှာ ဆုံကာမျှ၊ ပေါင်းကာမျှထက် ကျော်လွန်၍ ပေါင်းရုံးရောနှောသည့်အနက်အထိ သက်ရောက်ပါသည်။ ဤသို့ဖြင့် ဆွမ်းသည် ပေါင်းရုံးရောနှောနေသောအရာကိုခေါ်သည်ဟု အဖြေထွက်ပါသည်။

မည်သို့ပေါင်းရုံးရောနှောသနည်း။ ရဟန်းတို့ဆွမ်းခံသောသပိတ်အတွင်း ပေါင်းရုံးရောနှောကြပါသည်။ ရဟန်းတို့သည် သပိတ်ကိုအသုံးပြု၍ ဒါယကာ ဒါယိကာမများအိမ်တွင် ဆွမ်းခံကြရပါသည်။ ဒါယကာ ဒါယိကာမများသည် ရဟန်းတော်များ၏ သပိတ်တွင်းသို့ ထမင်း၊ ဟင်း၊ သစ်သီး စသည်တို့ လောင်းထဲ့၍ လှူဒါန်းကြပါသည်။ သပိတ်တွင်းတွင် ပေါင်းရုံးရောနှောနေသော အစာအားလုံးသည် ဆွမ်းများဖြစ်ကြပါသည်။ ဤသို့ဖြင့် ထမင်းသည်လည်းဆွမ်း၊ ဟင်းမျိုးစုံသည်လည်း ဆွမ်း၊ နွားနို့လည်း ဆွမ်း၊ သစ်သီးလည်းဆွမ်း ဖြစ်ကြလေတော့သည်။ အမှန်စစ်စစ် သပိတ်အတွင်းလောင်းလှူပြီးမှ သပိတ်အတွင်းရောက်ရှိပြီးမှ ဆွမ်းဖြစ်ပါသည်။ သို့ရာတွင် ယခုအခါ သပိတ်အတွင်းသို့ထည့်လောင်းလှူဒါန်းသည်ဖြစ်စေ၊ အပြင်တွင် ပန်းကန်စသည်ဖြင့် ထည့်၍ လှူဒါန်းသည်ဖြစ်စေ အထူးသဖြင့် ထမင်း၊ ဟင်း၊ သစ်သီး၊ နွားနို့ စသည်တို့ကိုလည်း ဆွမ်းဟုပင်ခေါ်ဆိုကြပါသည်။

ဤတွင် ပါဠိဝေါဟာရတည်ဆောက်ပုံကို လေ့လာကြည့်လျှင် ပါဠိဝေါဟာရ"ပိဏ္ဍပါတ"နှင့် မြန်မာဝေါဟာရ ဆွမ်းတို့၏ တူညီသော သဘောကို တွေ့နိုင်ပါသည်။ T.W. Rhys Davis ၏ Pali–English Dictionary တွင် ပိဏ္ဍနှင့် ပိဏ္ဍပါတကို အဓိပ္ပာယ်ခွဲပြထားသည်ကို တွေ့ရပါသည်။ ယင်းအဘိဓာန်တွင် ပိဏ္ဍ"piṇḍa ကို –n. a lump of food esp of alms, alms given as food ဟူ၍လည်းကောင်း၊ ပိဏ္ဍပါတ"Piṇḍapatā ကို food received in the alms–bowl(of the bhikkhu) ဟူ၍လည်းကောင်း ပြထားပါသည်။ ဆရာကြီး ဦးဖေမောင်တင် (၁၉၂၀ ပြည့်နှစ် ပါဠိပါမောက္ခမောင်ထင်ဘဝက) ပြုစုခဲ့သော The Student's Pali–English Dictionary တွင် Piṇḍa– n. a lump,ball,mass, morsel, food ဟု အဓိပ္ပာယ်ဖွင့်ပြ၍ Pindapata ကို n– alms–food, lumps of food received in the alms–bowl of a monk ဟူ၍ ဖွင့်ပြခဲ့ပါသည်။

အထက်ပါအဘိဓာန်များ၏ အဓိပ္ပာယ်ဖွင့်ပြချက်များအရ ပိဏ္ဍဟူသည်မှာ အတုံးအခဲ၊ အလုံးအခဲ၊ အလုတ်၊ စားဖွယ်(မြန်မာ့ဓလေ့တွင် ထမင်း) ဖြစ်၍ ပိဏ္ဍပါတသည်သာ သပိတ်တွင်းရောက်ရှိ ပေါင်းရုံးနေသောစားဖွယ် "ဆွမ်း"ဖြစ်ကြောင်း ထင်ရှားပါသတည်း။ ။

[ပိဏ္ဍ = Piṇḍa=ထမင်း။

ပိဏ္ဍပါတ = Piṇḍapatā=ဆွမ်း။]

မြန်မာစာကိုချစ်မြတ်နိုးတတ်ပါစေ။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လုံ့ဆော်၊ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကိုလူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကိုအကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရသိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်း ခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Thant ZinAung" Facebookအကောင့်ပိုင်ရှင်ဖြစ်သူရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အမှတ်(၈)ရပ်ကွက်နေ သန့်ဇင်အောင်အား နံနက် ၁နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "Ma Ma Moe" Face–book အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အမှတ်(၃) ရပ်ကွက်နေ မေနွယ်မိုး(ခ) ပို့ပို့အား ည ၆ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကိုဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၅၀၁)

## ရေဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ပြည်သူတို့အသိပေးနှိုးဆော်ချက်

ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ အချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း (သို့) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သောဘေး အန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ၊

(စ) သက်ဆိုင်ရာ အစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်းမဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများမစားပါနှင့်၊

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီဖွင့်လှစ်ထားရှိသည့် Hot–Line ဖုန်းများဖြစ်သော ၀၆၇–၃၄၀၄၆၆၆၊ ၀၆၇– ၃၄၀၄၇၇၇ တို့သို့ဆက်သွယ်၍ အကူညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာထားသည်။

## ကိုဗစ် - ၁၉ ရန်ပုံငွေမှ ချေးငွေပေးဆပ်ရန်ကျန်ရှိနေသည့် ကုမ္ပဏီ၊ လုပ်ငန်းများ ချေးငွေ အရင်းနှင့်အတိုးများ အမြန်ဆုံးပြန်လည်ပေးဆပ်ရန် အသိပေးကြေညာ

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သောစီးပွားရေးလုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်း တစ်နှစ်(အတိုးနှုန်း တစ်ရာခိုင်နှုန်း)ဖြင့် ၂၀၂၀ ပြည့်နှစ် ဧပြီလမှစတင်၍ ချေးငွေများ ထုတ်ချေးခဲ့ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်း သုံးနှစ်ပြည့်မြောက်ကျော်လွန်ခဲ့ပြီးဖြစ်သည့် ကုမ္ပဏီ၊ လုပ်ငန်းများကို ၂၀၂၄ ခုနှစ် ဇွန် ၃၀ ရက်ထိ ချေးငွေ အရင်းနှင့်အတိုးများအား အမြန်ဆုံးပြန်လည်ပေးဆပ်ရန် ၂၀၂၄ ခုနှစ် ဇွန် ၆ ရက်တွင် အသိပေးကြေညာခဲ့ပါသည်။

ချေးငွေအပြေအကျေပေးဆပ်ပြီးသူများကို ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

သို့ဖြစ်ပါ၍ ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးက ကိုဗစ်- ၁၉ ရန်ပုံငွေမှ ချေးငွေပေးဆပ်ရန်ကျန်ရှိနေသည့်-

(၁) အလီလီပေးဆပ်နေသည့် ကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် အမြန်ဆုံးအပြေအကျေပြန်လည်ပေးဆပ်ရမည်ဖြစ်ပါကြောင်း၊

(၂) အတိုးကိုသာပေးသွင်းထားသည့် ကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် အရင်းနှင့်အတိုးကို တစ်ပေါင်းတည်းအမြန်ဆုံးပြန်လည်ပေးသွင်းရန်ဖြစ်ကြောင်း၊

(၃) အတိုး၊ အရင်းလုံးဝမပေးဆပ်သည့် ကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် အချိန်မီလာရောက်ပေးဆပ်ခြင်းမရှိပါက လုပ်ငန်းတစ်ခုချင်းအား နိုင်ငံပိုင်သတင်းစာများမှ ထုတ်ပြန်အသိပေးခြင်း၊ စီမံခန့်ခွဲမှုနည်းလမ်းအရအရေးယူခြင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

## မိုးအခြေအနေနှင့် မိုးရွာရက်

**နေပြည်တော် ဩဂုတ် ၁၁**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမှုထက် ပိုနိုင်ပြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇ ရက်မှ ၁၀ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၃ ရက်မှ ၆ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။



## စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၁၉ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၁၉ ဒသမ ၈ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ခြောက်သိန်းဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၁၉ ဘီလီယံတန်ဖိုးရှိဘိန်းဖြူ ၁၉ ဒသမ ၈ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ခြောက်သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၇ ရက် နံနက် ၉ နာရီတွင် ကလေးမြို့နယ် ကလေးဝမြို့ အမှတ်(၁)ရပ်ကွက် ကလေးဝ-ကလေးသွားကား လမ်းတွင် မြင့်ဇော် မောင်းနှင်ပြီး မင်းခန့်ကျော်(ခ)ကိုကို လိုက်ပါလာသည့် FUSO ခြောက်ဘီးခရီးသည်တင်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၂ ဒသမ ၁၉ ဘီလီယံတန်ဖိုးရှိ ပလတ်စတစ်ဆပ်ပြာခွက် ၁၉၈၀ ဖြင့်ထည့်လျက် ဘိန်းဖြူ ၁၉ ဒသမ ၈ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ခြောက်သိန်းသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၈-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၅၀ | ၂၈၃၀ | ၂၈၀၅ | ၂၇၆၀ | ၂၈၃၀ | ၂၈၄၅ | ၂၈၅၅ | ၂၈၁၀ | ၂၉၃၅ | ၂၉၆၅ | ၂၈၂၀ | ၂၈၃၅ | ၂၈၆၅ | ၂၈၅၅ | ၂၈၇၀ | ၃၂၇၀ | ၄၅၅၀ |
| 95 Ron | ၂၈၉၀ | ၂၉၇၀ | ၂၉၄၅ | ၂၉၀၀ | ၂၉၇၀ | ၂၉၈၅ | ၂၉၉၅ | ၂၉၅၀ | ၃၀၇၅ | ၃၁၀၅ | ၂၉၆၀ | ၂၉၇၅ | ၃၀၀၅ | ၂၉၉၅ | ၃၀၁၀ | ၃၄၁၀ | ၄၆၅၀ |
| HSD (500 ppm) | ၂၄၅၀ | ၂၅၃၀ | ၂၅၁၀ | ၂၄၆၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၁၅ | ၂၆၄၀ | ၂၆၇၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၅၅ | ၂၅၇၀ | ၂၉၇၅ | ၄၅၅၀ |
| HSD (50 ppm) | ၂၉၄၅ | ၃၀၂၅ | ၃၀၀၀ | ၂၉၅၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၀ | ၃၀၀၅ | ၃၁၃၅ | ၃၁၆၅ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၅ | ၃၀၅၀ | ၃၀၆၅ | ၃၄၆၅ | ၄၅၅၀ |
| HSD (10 ppm) | ၂၉၄၅ | ၃၀၂၅ | ၃၀၀၀ | ၂၉၅၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၀ | ၃၀၀၅ | ၃၁၃၅ | ၃၁၆၅ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၅ | ၃၀၅၀ | ၃၀၆၅ | ၃၄၆၅ | ၄၅၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၀၀ | ၂၆၈၆ |
| 95 Ron | ၂၇၃၆ | ၂၈၂၄ |
| HSD (500 ppm) | ၂၃၁၁ | ၂၃၈၇ |
| HSD (50 ppm) | ၂၇၉၀ | ၂၈၇၅ |
| HSD (10 ppm) | ၂၇၉၀ | ၂၈၇၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၁**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် တရုတ်နိုင်ငံထုတ် Fake Fur Fabric မီတာ၁၁၅၀၀၊ Article of Use–Screen Net ခြင်လုံဇကာ ကီလိုဂရမ် ၃၀၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၃၃၀၀၀၀ ကိုလည်းကောင်း၊ ရန်ကုန်လေဆိပ် (ကုန်လှောင်ရုံ)၌ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်တင်ပြနိုင်ခြင်းမရှိသည့် အိန္ဒိယနိုင်ငံထုတ် Bacillus ClausilSpore Suspension ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး ၁၀ ဘူးနှင့် ကိုရီးယားနိုင်ငံထုတ် Flash Lamp မီးအိမ်နှစ်ခု အပါအဝင် ကုန်ပစ္စည်း ၃၂ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၀၀၀၀ ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ ကျိုင်းတုံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် 100% Polyester ကီလိုဂရမ် ၁၇၀၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၉၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၃၇၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၈ ရက်တွင် ပုသိမ်ခရိုင်နှင့် မြောင်းမြခရိုင်အတွင်း၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် ၄၂၀၊ ဓာတ်ဆီဂါလန် ၃၅၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၅၆၄၄၀ ကိုလည်းကောင်း၊ ဩဂုတ် ၉ ရက်တွင် ဖျာပုံခရိုင်အတွင်း၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် ၇၀၊ ဓာတ်ဆီ ၆၅ ဂါလန်၊ ဆီပန့် သုံးလုံး အပါအဝင် ဆက်စပ်ပစ္စည်းလေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၈၂၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၆၃၈၄၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းအနီး၌ လိုင်စင်မဲ့ Toyota BB မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၉ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဗလမင်းထင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်အနီး၌ မော်တော်ယာဉ် ခြောက်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထွက် စက်သုံးဆီ ဒီဇယ်ဆီဂါလန် ၁၃၆၅၀၊ ကြက်သွန်ဖြူ ကီလိုဂရမ် ၁၄၀၀၀၊ စားတော်ပဲ ကီလိုဂရမ် ၂၄၀၀၀၊ Semi-Refined Paraffin Wax ကီလိုဂရမ် ၄၀၀၀၊ Solar Panel 600 W ၂၁၆ ချပ်၊ Hydraulic Hose မီးကြိုး ကီလိုဂရမ် ၄၅၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၆၈၂၀၀၀၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Turck ငါးစီးနှင့် I Zone Oil Bowser ဆီသယ်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၁၈၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံ စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် K-Broad Wireless Speaker ၃၁ လုံးအပါအဝင် ကုန်ပစ္စည်းသုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃၈၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၃၈၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲမှ ၁၇ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၇၂၀၈၄၄၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)











**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အင်္ဂလန်နိုင်ငံတွင် မျိုးသုဉ်းလုနီးပါးမျိုးစိတ်အဖြစ်သတ်မှတ်ထားသော ကွန်းခရက်ခ်ငှက်များ ပြန်လည်ကျက်စားလျက်ရှိ



**လန်ဒန် ဩဂုတ် ၁၁**

အင်္ဂလန်နိုင်ငံတွင် မျိုးသုဉ်းလုနီးပါးမျိုးစိတ်အဖြစ် သတ်မှတ်ထားသော ကွန်းခရက်ခ်ငှက်များသည် ယခုအခါ အင်္ဂလန်နိုင်ငံ ကျွန်းများပေါ်တွင် ပြန်လည်ကျက်စားလျက်ရှိကြောင်း ယနေ့ သတင်းများအရ သိရသည်။

ယခုအခါ ခေတ်မီစိုက်ပျိုးနည်းစနစ်များ ပြောင်းလဲလာမှု၊ ရာသီဥတု ဖောက်ပြန်လာမှုများကြောင့် အဆိုပါငှက်များ၏ အစာအရင်းအမြစ်များ ရှားပါးလာခြင်း၊ စိုက်ပျိုးမြေ ချဲ့ထွင်ခြင်းများကြောင့် နေထိုင်ရာအသိုက်အမြုံများရှားပါးလာခြင်း စသည့်အကျပ်အတည်းများကြောင့် တဖြည်းဖြည်း မျိုးသုဉ်းလုနီးပါးစာရင်းဝင်ငှက်မျိုးစိတ်များ ဖြစ်လာကြောင်း သိရသည်။

အင်္ဂလန်နိုင်ငံ၏ နေ့ဖော့ကောင်တီ ကမ်းရိုးတန်းများတွင် ကွန်းခရက်ခ်ငှက်များ ပြန်လည်ရောက်ရှိ ကျက်စားလာသည်ကို တွေ့ရသဖြင့် ၎င်းတို့ကို ထိန်းသိမ်းကာကွယ်မှုများပြုလုပ်ရန် သိပ္ပံပညာရှင်များ ကြိုးစားလျက်ရှိသည်။

၂၀၂၁ ခုနှစ်မှစ၍ ကွန်းခရက်ခ်ငှက်အကောင်ရေ ၁၀၀ ကို စနစ်တကျမွေးမြူထားပြီး ဘေးမဲ့တောများထဲသို့ လွှတ်ပေးခဲ့သော်လည်း တရားမဝင်ဖမ်းဆီးမှုများနှင့် အလွန်အကျွံ ဖမ်းဆီးမှုများကြောင့် သိသာသည့်ကောင်ရေတိုးပွားလာမှုမရှိသေးကြောင်း၊ ၂၀၂၂ခုနှစ်က ကောက်ယူထားသည့် အချက်အလက်များအရ ကွန်းခရက်ခ်ငှက်ကောင်ရေသည် ကမ္ဘာတစ်ဝန်းတွင် ၉၀၀ ခန့်သာရှိသည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံပူးပေါင်း၍ ကျွန်းနိုင်ငံငယ်များအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာသိုလှောင်ရုံများ တည်ဆောက်ပေးသွားမည်

**ကင်ဘာရာ ဩဂုတ် ၁၁**

ပစိဖိတ်သမုဒ္ဒရာပိုင်းဒေသ အတွင်းတည်ရှိသော ကျွန်းနိုင်ငံငယ်များတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် သဘာဝဘေးအန္တရာယ်များဖြင့်ရင်ဆိုင်နေရသဖြင့် ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ သိုလှောင်ရုံများ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ဩစတြေးလျအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အထူးသဖြင့် Pacific Ring of Fire ဇုန်အတွင်းတည်ရှိသော ကျွန်းနိုင်ငံငယ်များအတွက် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ သိုလှောင်ရုံများကို ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့ပူးပေါင်း၍ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ပါက လိုအပ်သော အသုံးအဆောင်ပစ္စည်းများ၊ စားနပ်ရိက္ခာများကို အဆိုပါသိုလှောင်ရုံများအတွင်း သိုလှောင်ပေးထားမည်ဖြစ်ပြီး အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးမှုများပြုလုပ်ပေးသွားနိုင်ရေးအတွက် ရည်ရွယ်၍ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းအတွက် ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့ပူးပေါင်းပြီးဩစတြေးလျဒေါ်လာ ၄၂ဒသမ၆သန်းသုံးစွဲပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါကျွန်းနိုင်ငံငယ်များတွင် သယ်ယူပို့ဆောင်ရေးကဏ္ဍ အခက်အခဲများရှိနေပြီး သဘာဝဘေးအန္တရာယ်ကျရောက်ပါက လိုအပ်သောအစားအသောက်နှင့် ဆေးဝါးများကို အချိန်မီပေးပို့နိုင်ရန်မှာ အခက်အခဲရှိနေကြောင်း၊ သိုလှောင်ရုံများတည်ဆောက်ထားပါက သက်ဆိုင်ရာနိုင်ငံအလိုက်မှ သဘာဝဘေးဒဏ်သင့်ပြည်သူများကို အထောက်အပံ့ပစ္စည်းများ အချိန်နှင့်တစ်ပြေးညီ ပေးပို့ကူညီပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat



# ဂရိနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုအများအပြားဖြင့် ရင်ဆိုင်ကြုံတွေ့ရနိုင်

**အေသင် ဩဂုတ် ၁၁**

ဂရိနိုင်ငံတွင် ရာသီဥတုလွန်ကဲမှုများဖြစ်ပေါ်နေပြီး အပူချိန်မြင့်တက်မှုကြောင့် လာမည့်ရက်သတ္တပတ်အတွင်း တောမီးလောင်ကျွမ်းမှုအများအပြားဖြင့် ရင်ဆိုင်ကြုံတွေ့ရနိုင်ကြောင်း Climate Crisis and Civil Protection ဝန်ကြီး ကီကီလီယက်စ်က ပြောကြားခဲ့သည်ဟု ယနေ့သတင်းအများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုများသည် ဩဂုတ် ၁၅ ရက်၌ စတင်ဖွယ်ရှိနေပြီး ဂရိမီးသတ်တပ်ဖွဲ့ဝင်များကလည်း ဒေသအလိုက် မီးသတ်ဝန်ထမ်းအင်အား စုဖွဲ့မှုများနှင့် မီးငြိမ်းသတ်ရေးအထောက်အကူပြုပစ္စည်းများကို စုဆောင်းမှုများ လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

"လာမဲ့ ရက်သတ္တပတ်အတွင်းမှာ အပူချိန်တွေမြင့်တက်လာမယ်လို့ သိရတယ်။ အပူချိန်မြင့်တက်မှုကြောင့် နေရာအနှံ့အပြားမှာ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်လာနိုင်တယ်။ ပုံမှန်ဆိုရင် ဒီကာလကတော့ ဂရိနိုင်ငံမှာ တောမီးလောင်ကျွမ်းမှုတွေဖြစ်ပေါ်လေ့ရှိတဲ့ ကာလတစ်ခုဖြစ်တယ်။ ဒီနှစ်မှာတော့ တောမီးလောင်ကျွမ်းမှုအခြေအနေ ပိုဆိုးလာနိုင်ပါတယ်။ ဒါကြောင့် ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ကာကွယ်ပေးနိုင်ဖို့ သက်ဆိုင်ရာဌာနအလိုက် လိုအပ်တဲ့ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားဖို့လိုအပ်တယ်။ မီးသတ်တပ်ဖွဲ့ဝင်တွေအပြင် ရဲတပ်ဖွဲ့နဲ့တပ်မတော်ကိုလဲ တောမီးလောင်ကျွမ်းမှုဖြစ်ပွားလာရင် ပါဝင်ကူညီပေးသွားဖို့ အကူအညီ တောင်းခံထားပြီးဖြစ်ပါတယ်"ဟု ဝန်ကြီးကီကီလီယက်စ်က ပြောကြားခဲ့သည်။

လေတိုက်နှုန်းများလည်း မြင့်တက်နေခြင်းကြောင့် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားလာပါက အချိန်တိုအတွင်း တစ်နေရာမှ တစ်နေရာသို့ လျင်မြန်စွာကူးစက်လောင်ကျွမ်းနိုင်သည့်အခြေအနေဖြစ်ကြောင်း၊ မိုးရွာသွန်းမှုများဖြစ်ပေါ်လာနိုင်သည့် အလားအလာမရှိသော်လည်း ရေရှားပါးသည့်အခြေအနေမျိုးဖြင့် ရင်ဆိုင်ရဖွယ်မရှိကြောင်း ဝန်ကြီးကီကီလီယက်စ်က ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# အမေရိကန်နိုင်ငံရှိ ယာကီမာမြစ်ဝှမ်းတွင် အပူလှိုင်းဖြတ်သန်းမှုနှင့် ရေခန်းခြောက်မှုများ ဖြစ်ပေါ်လာနိုင်

**ဝါရှင်တန် ဩဂုတ် ၁၁**

အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ်အတွင်းရှိ ယာကီမာမြစ်ဝှမ်းတစ်လျှောက် ဒေသများတွင် လာမည့်ရက်သတ္တပတ်အတွင်း အပူလှိုင်းဖြတ်သန်းမှုများ ဖြစ်ပေါ်လာနိုင်ပြီး ရေခန်းခြောက်မှုများလည်း ဖြစ်ပေါ်လာနိုင်ကြောင်း U.S. Geological Survey အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ပြီးခဲ့သည့် ဇူလိုင် ၁၂ ရက်ကလည်း ယာကီမာမြစ်ဝှမ်းတစ်လျှောက် အပူချိန်မြင့်တက်မှု ဖြစ်ပေါ်ခဲ့ပြီး လာမည့်ရက်သတ္တပတ်အတွင်း အဆိုပါအပူချိန်မြင့်တက်မှုအခြေအနေအတိုင်း ထပ်မံမြင့်တက်ဖွယ်ရှိနေခြင်းဖြစ်ကြောင်း၊ အပူချိန်မြင့်တက်မှုများ ဖြစ်ပေါ်လာခဲ့ပါက ယာကီမာမြစ်ဝှမ်းအတွင်းရှိ ငါးမျိုးစိတ်များနှင့်အခြားသော ရေနေသတ္တဝါများ အောက်ဆီဂျင် ပြတ်တောက်မှုများဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း၊ ဇူလိုင် ၁၂ ရက်က အပူချိန်မြင့်တက်မှုကြောင့် ယာကီမာမြစ်ဝှမ်းအတွင်း ဆယ်လမွန်ငါး ၇၅ ကောင် သေဆုံးမှုဖြစ်ပွားခဲ့ပြီး လာမည့်ရက်သတ္တပတ်အတွင်း ဖြစ်ပေါ်လာနိုင်သော အပူလှိုင်းနှင့် အပူချိန်မြင့်တက်မှုများကြောင့် အလားတူဖြစ်စဉ်မျိုး ထပ်မံရင်ဆိုင်ရဖွယ်ရှိနေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်လတုန်းက ယာကီမာမြစ်ဝှမ်းမှာ ဆယ်လမွန်ငါးတွေ အောက်ဆီဂျင်ပြတ်တောက်ပြီး အလိုအလျောက်သေဆုံးမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ လာမဲ့ရက်သတ္တပတ်အတွင်းမှာလဲ အပူလှိုင်းဖြတ်သန်းမှုနဲ့ အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်လာနိုင်တာကြောင့် အလားတူဖြစ်စဉ်မျိုး ထပ်မံရင်ဆိုင်ရနိုင်တယ်။ အထူးသဖြင့် အပူချိန်မြင့်တက်ပြီး ရေခန်းခြောက်လာနိုင်တဲ့အခြေအနေနဲ့လဲ ရင်ဆိုင်ရနိုင်တဲ့အတွက် အခြားရေနေသတ္တဝါတွေအတွက်လဲ အခက်တွေ့နိုင်တယ်။ လိုအပ်တဲ့ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်ထားဖို့ လိုအပ်ပါလိမ့်မယ်"ဟု Yakama Nation Fisheries ငါးလုပ်ငန်းအဖွဲ့အစည်း၏မန်နေဂျာ ဂျိုးဘလေ့ဂတ်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : Sai Sat

# ဂါနာနိုင်ငံတွင် မိုးခေါင်ရေရှားမှုနှင့် အပူလွန်ကဲမှုကြောင့် ကိုကိုးစိုက်ခင်းများ၌ ကပ်ပါးပိုးကျရောက်သဖြင့် အထွက်နှုန်းကျဆင်း

**အက်ခရာ ဩဂုတ် ၁၁**

ဂါနာနိုင်ငံတွင် မိုးခေါင်ရေရှားမှုနှင့် အပူလွန်ကဲမှုကြောင့် ကိုကိုးစိုက်ခင်းများ၌ ကပ်ပါးပိုးကျရောက်သဖြင့် ခေါင်ညွှန့်ညှိုးရောဂါဖြစ်ပွားပြီး အထွက်နှုန်းကျဆင်းနေကြောင်း ဩဂုတ် ၁၀ ရက် သတင်းများအရ သိရသည်။

မကြာသေးမီက စစ်တမ်းကောက်ယူထားသော အချက်အလက်များအရ ကမ္ဘာ့ဒုတိယအကြီးဆုံး ပဲစိုက်ပျိုးသည့်နိုင်ငံဖြစ်သောဂါနာသည် ကပ်ပါးပိုးကြောင့် ကိုကိုးပင်များတွင်ဖြစ်သည့်ခေါင်ညွှန့်ညှိုးရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ခြင်း မရှိသေးကြောင်း၊ ကပ်ပါးပိုးများသည် ကိုကိုးပင်များ၏အရွက်များ၊ အဖူးများနှင့် အပွင့်များကို ကိုက်ဖြတ်စားသုံးလိုက်သဖြင့် ခေါင်ညွှန့်များညှိုးကာ အထွက်နှုန်းကျဆင်းလာကြောင်း၊ အဆိုပါကပ်ပါးပိုးများ ဖျက်ဆီးမှုကြောင့် ကိုကိုးပင်များသည် ငါးနှစ်မှ ၁၀ နှစ်အကြာတွင် လုံးဝခြောက်သွေ့သွားကြောင်း ကိုကိုးရောင်းဝယ်ရေးကုန်သည်များနှင့် စိုက်ပျိုးရေးကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု၊ မိုးခေါင်ရေရှားမှုနှင့် အပူချိန်လွန်ကဲမှုများကြောင့် ဂါနာနိုင်ငံတွင် ကိုကိုးအထွက်နှုန်းသည် ၂၀၂၁ ခုနှစ်မှစပြီး သုံးရာသီဆက်တိုက် အထွက်နှုန်းကျဆင်းခဲ့သည့်အပြင် ယခုနှစ်တွင်လည်း ကပ်ပါးပိုးကျရောက်ခြင်းကြောင့် အထွက်နှုန်း ပိုမိုကျဆင်းလာကြောင်း၊ လာမည့်နှစ်တွင် အထွက်နှုန်းတိုးရန် မျှော်မှန်းထားသော်လည်း ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုက ကိုကိုးစိုက်တောင်သူများအတွက် စိုးရိမ်ဖွယ်ရာပြဿနာတစ်ရပ် ဖြစ်နေသေးကြောင်း ဂါနာနိုင်ငံ စိုက်ပျိုးရေးကျွမ်းကျင်သူများ၏ ပြောကြားချက်အရ သိရသည်။

Ref : Russia Today

Trs : KZ

ဝတ္ထုတိုကဏ္ဍ

# မနှောင်းသေးသော မိုက်နှောင်တ

ဇင်မင်းစိုး(ဗိုလ်ကလေး)



(၁)

ငွေးဝင်းတို့နေသည့် အုန်းတောစံပြကျေးရွာသည် ရွာကြီးတစ်ရွာဖြစ်သည်။ အထက်တန်းကျောင်းထိ ရှိပြီး ကျေးလက်ဆေးပေးခန်းလည်းရှိသည်။ ရွာလယ်လမ်းမကြီးက အလွန်ကျယ်ဝန်းကောင်းမွန်လှပြီး သရက်၊ ကုက္ကို၊ အုန်းပင်၊ ငှက်ပျောတို့ဖြင့် အရိပ်ကောင်းလှပြီး နေချင့်စဖွယ်ကောင်းလှ၏။

ငွေးဝင်းတို့အိမ်သည် အထက်တန်းကျောင်းနှင့် အလွန်မဝေးဘဲ နီးနီးလေးဖြစ်သည်။ ငွေးဝင်းတို့ အဖေနှင့်အမေသည် တောသူတောင်သားများဖြစ်ကြပြီး လယ်ယာလုပ်ငန်းကိုသာ အဓိကအားထားလုပ်ကိုင်ကြသည်။ သို့သော် သားသမီးများကိုတော့ ပညာတတ်ဖြစ်အောင် ကျောင်းထားပေးသည်။

ငွေးဝင်းက အငယ်ဆုံးသားဖြစ်ပြီး မိခင် ဒေါ်အေးရွှေ၏ အချစ်ရဆုံးသားလည်းဖြစ်သည်။ ငယ်စဉ်ကတည်းက အစ်ကို၊ အစ်မများနှင့် ရန်ဖြစ်စကားများတိုင်း အမေက ငွေးဝင်းဘက်ကဖြစ်သည်။

"မင်းတို့ကွယ် ကိုယ့်ညီလေး တစ်ယောက်ထဲရှိတယ်။ ဒါကို မတည့်ကြဘူး။ တစ်ဝမ်းထဲဆင်းတဲ့ ညီအစ်ကိုမောင်နှမတွေပဲ၊ ဖေးဖေးမမရှိကြပေါ့"

အမေက ထိုသို့အလိုလိုက်လေ ငွေးဝင်းက ဆိုးလေဖြစ်သည်။ အဖေကတော့ ထိုသို့မဟုတ်။ ရိုက်ဆုံးမသည်။ အလိုမလိုက်။ ငွေးဝင်းကို အဖေရိုက်လျှင် အစ်ကို၊ အစ်မများပါ အေးအေးဆေးဆေးမနေရ။ အမေက ပတ်ပြီးဆူပူလေသည်။

ငွေးဝင်းက ရှိုက်သံသဲ့သဲ့ဖြင့်ငိုလေ အမေက သူဝယ်ထားသည့်မုန့်များကျွေးပြီး ချော့မော့လေဖြစ်၏။ မည်သို့ပင်ဆိုစေ ငွေးဝင်း၏ငယ်စဉ်ဘဝသည် အလိုလိုက်မှုများ၊ ဆိုးနွဲ့မှုများဖြင့် ကြီးပြင်းခဲ့ရသည်။

(၂)

ငွေးဝင်း ကျောင်းစတက်သည့်အရွယ်ရောက်တော့ အမေက သူ့ကိုကျောင်းလိုက်ပို့သည်။ ငွေးဝင်းက ကျောင်းမတက်ချင်တာရော၊ အမေနှင့်မခွဲနိုင်တာရောကြောင့် ငိုလေသည်။ အမေပြန်တော့ နောက်ကပြေးလိုက်သည်။ ဆရာမက အတင်းဆွဲသည်။

"အဒေါ်ပြန်တော့။အဒေါ့်ကလေးကိုထားခဲ့လိုက်"

ဆရာမက ငွေးဝင်းကို အတင်းဆွဲခေါ်ပြီး ကျောင်းတံခါးပိတ်သည်။ ငွေးဝင်းတစ်ယောက် အမေနှင့်ခွဲရပြီအသိဖြင့် ငိုယိုကာကျန်ခဲ့သည်။ ပြန်သွားသည့် ဒေါ်အေးရွှေတစ်ယောက် ဟန်ပြသာပြန်ပြီး ငွေးဝင်းမမြင်နိုင်သည့်နေရာမှ ငွေးဝင်းကို ကြည့်နေသည်။ ငွေးဝင်းတစ်ယောက် ငိုလို့မောသွားတော့ ဆရာမ၏ချော့မြူမှုနှင့် အခြားကျောင်းသားများနည်းတူ ကဗျာရွတ်၊ စာအံလုပ်လာသည်။ ထိုအချိန်ကျမှ မိခင်ဒေါ်အေးရွှေ ပြန်ခဲ့သည်။

ကျောင်းတက်ချိန် ငွေးဝင်းတစ်ယောက် ညီအစ်ကိုမောင်နှမများကြား နှာတစ်ဖျားသာ အခွင့်အရေးရလေသည်။ ထမင်းစားလျှင် အစ်ကို၊ အစ်မများ ဟင်းနှစ်တုံးရလျှင် ငွေးဝင်းက သုံးတုံးရသည်။ ဟင်းတစ်တုံးကို ထမင်းအောက်တွင် ဝှက်ပေးတတ်သော အမေ့အကြောင်းကို အစ်ကို၊ အစ်မများက သိနှင့်ပြီးဖြစ်၏။

ငွေးဝင်းတစ်ယောက် နောက်ရက်များတွင် အမေကျောင်းလိုက်ပို့စရာမလိုတော့။ သူ့အစ်ကို၊ အစ်မများနှင့် ကျောင်းလိုက်ပြီဖြစ်သည်။

အမေက ပိုက်ဆံနှစ်ရွက်ကို အင်္ကျီမှာလုံးပြီး သားရေကွင်းနှင့် ချည်ပေးလိုက်၏။ ကျပျောက်မည်စိုးသောကြောင့်ဖြစ်သည်။

လွယ်အိတ်ကလေး ဘေးတစောင်းလွယ်ပြီး အစ်ကို၊ အစ်မများလက်ကလေးဆွဲကာ ထွက်သွားသည့် ကျောင်းသားကလေးငွေးဝင်းကို မျက်စိတစ်ဆုံးကြည့်ရင်း ဒေါ်အေးရွှေ စိတ်မကောင်းဖြစ်ရသည်။ စတင်ခွဲခွာခြင်းဆိုသည့်အသိကြောင့် ရင်ထဲတွင် ဟာတာတာဖြစ်မိသည်။

"အမေမရှိရင် သား ဘယ်သူနဲ့နေရမှာလဲ"ဆိုသည့် စကားတတ်သောငွေးဝင်းအပေါ် အရာရာ စိတ်မချဖြစ်နေခြင်းက အခြားတစ်ဖက်ကို တွန်းပို့သလိုဖြစ်နေသည်ကိုတော့ ဒေါ်အေးရွှေ သတိမထားမိပေ။

(၃)

အချိန်ကာလများ အလီလီပြောင်းလဲခဲ့ပြီဖြစ်သည်။ ငွေးဝင်းအစ်ကိုက ကျောင်းပြီး၍ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ စာရေးဝင်လုပ်သည်။ အစ်မဖြစ်သူကတော့ ရွာကျောင်းလေးမှာပင် ကျောင်းဆရာမတာဝန် ထမ်းဆောင်ခွင့်ရရှိလေသည်။

ငွေးဝင်းတစ်ယောက်မှာသာ မိခင်၏အလိုလိုက်မှုကြောင့် ဆိုးပေတေလေကာ အထက်တန်းကျောင်းသားဘဝမှာပင် စာမေးပွဲခဏခဏကျ၍ ကျောင်းထွက်ပြီး အိမ်အလုပ် ဝိုင်းကူလုပ်ရသည်။

ဖခင်ကြီးဆုံးပါးပြီးနောက်ပိုင်း အစ်ကိုကြီးနှင့် အစ်မကြီးတို့ အိမ်ထောင်အသီးသီးကျကာ သူ့အိုးသူ့အိမ်ဖြင့် အိုးခွဲနေထိုင်ကြ၏။

အငယ်ဆုံးသား ငွေးဝင်းတစ်ဦးသာ အမေနှင့်ကျန်ရစ်ပြီး လယ်ယာလုပ်၊ ငါးဖမ်း၊ မြူးထောင်လုပ်နေ၏။ ညနေကျလျှင်တော့ အရက်လေးတထွေထွေနှင့် ဘဝကို အဓိပ္ပာယ်မဲ့စွာ ဖြတ်သန်းနေလေသည်။

မိခင်ဒေါ်အေးရွှေက ဆုံးမလျှင် သားအမိနှစ်ဦး ကတောက်ကဆတ်ဖြစ်ရပြန်သည်။ အရာရာ သူသိသူတတ်ဖြင့် ဆရာလုပ်တတ်သည်။ ရွာအတွင်း၌လည်း မကြာခဏရန်ဖြစ်လေ့ရှိသည်။ ရန်ဖြစ်တိုင်းလည်း သူက ဦးအောင်လုပ်သည်။ ဒေါ်အေးရွှေက နောက်ကလိုက်၍ဖြေရှင်းရသည်။ မုဆိုးမ ဒေါ်အေးရွှေ တစ်ယောက် သားလည်းဆုံးမ မရသည့်အပြင် ရွာအတွင်းတွင်ပါ မျက်နှာပျက်စရာများနှင့်နေ့စဉ်နီးပါး ကြုံတွေ့ရသည်။

နောက်ဆုံးမပြောနိုင်တော့ပေ။ ကံတရားအရ၊ ဝဋ်ကြွေးအရဟူ၍သာ တရားဖြင့် ဖြေသိမ့်နေရလေတော့၏။

**❖ ငွေးဝင်း အရာတစ်ခုကို တွေ့မြင်ခဲ့ရပြီဖြစ်သည်။ ထိုအရာမှာ အခြားမဟုတ်။ မိဘမေတ္တာပင်ဖြစ်လေသည်။ ကိုယ့်အလှည့်ကျမှ သိမြင်ရသော မိဘမေတ္တာဖြစ်သည်။ ပထမအချက်က ခွေးမကြီး၏ ခွေးကလေးများအပေါ်ထားသော မိဘမေတ္တာဖြစ်သည်။ ဒုတိယအချက်က သားငယ်အပေါ်ထားသည့် သူ၏မိဘမေတ္တာဖြစ်သည်။ တတိယအချက်မှာ သူ့အပေါ်ထားသည့် မိခင်ဒေါ်အေးရွှေ၏ မိဘမေတ္တာဖြစ်လေသည်။ ထိုအချက်များနှင့်အတူ သူ့အပြစ်များအတွက် မနှောင်းသေးဘူး ဆိုသောအသိတရားရပြီး ပြင်ဆင်နိုင်သေးသည့်အချက်ကိုပါ သတိမူမိသည်။ ❖**

(၄)

ရာသီစက်ဝန်းကြီးက ချားရဟတ်ပမာအစဉ်လိုက်တာဝန်မပျက်လည်ပတ်နေလေသည်။ ယခုဆိုလျှင် ငွေးဝင်းတစ်ယောက် ရွာအတွင်းက ယဉ်လှဆိုသည့် မိန်းကလေးနှင့်အိမ်ထောင်ကျ၍ သားတစ်ယောက်ပင် ထွန်းကားနေလေပြီ။

မယဉ်လှက တစ်ကောင်ကြွက်၊ အဒေါ်နှင့် အတူနေထိုင်သူဖြစ်၏။

"ယဉ်လှ သားရော"

"တော့်သား ခြံထဲမှာကစားနေတယ်။ အမေက ရွာဦးကျောင်း ဆွမ်းသွားပို့တယ်"

ဇနီးဆီက အဖြေရပြီး ငွေးဝင်း ရေနွေးကြမ်းသောက်နေလေသည်။ ညက များသွားလို့ထင်သည်။ ခေါင်းထဲမကြည်လင်။

"အား အဖေရေ၊ သားကို ခွေးကိုက်တယ် ဟီး ဟီး"

သားငယ်၏ စူးစူးဝါးဝါးအော်ခေါ်ပြီး ငိုသံကြောင့် ငွေးဝင်း အိမ်အောက်ပြေးဆင်းခဲ့၏။ ယဉ်လှလည်း မီးဖိုချောင်က ပြေးထွက်လာသည်။ ခွေးမှာ သားပေါက်နေသောခွေးဖြစ်သည်။ သားက ခွေးပေါက်ကလေးများအလယ်တွင် ငိုနေ၏။

သားငယ်၏ငိုသံကြောင့် ငွေးဝင်း အုတ်ခဲကျိုးကောက်ကိုင်ကာ လှမ်းပစ်လိုက်သည်။

"ကဲကွာ"

"ဂိန် ဂိန်"

ငွေးဝင်းပစ်လိုက်သည့် အုတ်ခဲကျိုးကြောင့် ခွေးမခေါင်းကိုထိကာ သွေးများထွက်၍ နာကျင်စွာဖြင့်ထွက်ပြေးလေသည်။ သို့သော် ဝေးဝေးမပြေး။ သူ့ကလေးများကို ငွေးဝင်းလုပ်မည်စိုးသဖြင့် ခပ်လှမ်းလှမ်းမှ ထိုးဟောင်သတိပေးနေလေသည်။ အိမ်က မွေးထားသည့် ခွေးဖြစ်ပြီး ငွေးဝင်းကို အလွန်ခင်သော ခွေးလည်းဖြစ်သည်။

"ကိုငွေးဝင်း ခွေးက ငုံလိုက်တာပါတော်။ တော့်သားက သူ့သားသမီးသွားကိုင်တော့ သားဇောနဲ့ ခြောက်လှန့်လိုက်တာဖြစ်မှာပါ။ ကျုပ် ကျေးလက်ဆေးပေးခန်းကို လိုလိုမည်မည်သွားပြလိုက်အုံးမယ်။ တော် ဟင်းအိုးခဏကြည့်ထားအုံး"

ယဉ်လှ ကလေးခေါ်ပြီးထွက်သွားသည်။ ငွေးဝင်း လုပ်ပြီးမှ စိတ်မကောင်းဖြစ်မိသည်။ ခဏအကြာ ယဉ်လှနှင့်သားလေးတို့ ပြန်လာသည်။

"ဘာမှမဖြစ်ပါဘူးတော်။ ကလေးက လန့်သွားတာပါ။ ဆရာမ ဆေးပေးလိုက်ပါတယ်"

ဇနီးစကားကြောင့် ငွေးဝင်းစိတ်အေးရသည်။

"လာ သား အဖေ့ဆီကို"

ငွေးဝင်း ကလေးကိုချီရင်း ခုနက ခွေးမိသားစုဆီ ဆင်းလာခဲ့သည်။ ခွေးမကြီးက ခွေးကလေးများကို နို့တိုက်ရင်း ငွေးဝင်းကိုတွေ့တော့ နားရွက်ကုပ်ကာ အမြီးယမ်းနေလေသည်။

စာမျက်နှာ ၂၅ သို့ ➤

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၁၁၁၁၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၁၁၁၁၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၁၅၆၄၁ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၁၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ဆီထွက်သီးနှံစုံ ဧက ၁၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် ယခုနှစ် ဆီထွက်သီးနှံ စိုက်ပျိုးပြီးစီးမှု အနေဖြင့် မြေပဲ ၁၀၄၉၉ ဧက၊ နှမ်း ဧက ၉၀၊ နေကြာ ၅၂၂ ဧက စုစုပေါင်း ၁၁၁၁၁ ဧကဖြစ်ကြောင်း သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ စိုက်ပျိုးရန် လျာထားမှုအနေဖြင့် မြေပဲ ၁၅၀၂၁ ဧက၊ နှမ်း ၉၁ ဧက၊ နေကြာ ၅၂၉ ဧက စုစုပေါင်း ၁၅၆၄၁ ဧကဖြစ်ကြောင်း သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် ဆီထွက်သီးနှံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး စသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# မောက်မယ်မြို့နယ် ရွာသစ်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မောက်မယ် ဩဂုတ် ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော် ဆောင်ရွက်မည့် ရွာသစ်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာမာထွေးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာမာထွေးနှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ရွာသစ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

➤ စာမျက်နှာ ၂၄ မှအဆက်

"သား ဟိုဘက်အိမ်ကကိုကိုတို့နဲ့ သွားဆော့ချေ"

သားငယ်ကို အောက်ချပေးလိုက်ပြီး ယဉ်လှဆီက နန္ဒင်းမှုန့်တောင်းကာ ခွေးမခေါင်းက သွေးထွက်သောနေရာကို နန္ဒင်းမှုန့်သိပ်ပေးလိုက်၏။ ခွေးမနှင့် ခွေးကလေးများက ငွေးဝင်းကိုကြည့်နေပုံမှာ သနားစရာပင်။

ငွေးဝင်း အရာတစ်ခုကို တွေ့မြင်ခဲ့ရပြီဖြစ်သည်။ ထိုအရာမှာ အခြားမဟုတ်။ မိဘမေတ္တာပင်ဖြစ်လေသည်။ ကိုယ့်အလှည့်ကျမှ သိမြင်ရသော မိဘမေတ္တာဖြစ်သည်။

ပထမအချက်က ခွေးမကြီး၏ ခွေးကလေးများအပေါ်ထားသော မိဘမေတ္တာဖြစ်သည်။ ဒုတိယအချက်က သားငယ်အပေါ်ထားသည့် သူ၏မိဘမေတ္တာဖြစ်သည်။ တတိယအချက်မှာ သူ့အပေါ်ထားသည့် မိခင် ဒေါ်အေးရွှေ၏မိဘမေတ္တာဖြစ်လေသည်။

ထိုအချက်များနှင့်အတူ သူ့အပြစ်များအတွက် မနှောင်းသေးဘူးဆိုသောအသိတရားရပြီး ပြင်ဆင်နိုင်သေးသည့်အချက်ကိုပါ သတိမူမိသည်။

(၅)

ယနေ့ကား ပြာသိုလပြည့်နေ့ဖြစ်လေသည်။ အမေများနေ့ဖြစ်သဖြင့် အစ်ကို၊ အစ်မတို့မိသားစုများက မုန့်ပုံး၊ ဖယောင်းတိုင်ထုပ်၊ အမွှေးတိုင်ထုပ်များနှင့်အတူ အမေ့ကိုကန်တော့ရန် ရောက်ရှိနေကြသည်။

ငွေးဝင်းတို့မိသားစုလည်း အသင့်ဝယ်ထားသည့် သစ်သီးများ၊ ဖယောင်းတိုင်ထုပ်၊ အမွှေးတိုင်ထုပ်များ လင်ပန်းထဲထည့်ကာ ကန်တော့ရန်နေရာယူကြလေသည်။ အားလုံးကန်တော့ပြီးသည့်အခါ အမေက ဆုပေးသည်။

"ယခုဘဝမှသည် ဘဝတိုင်းဘဝတိုင်း သံသရာအဆက်ဆက် ဝဋ်ကြွေးကင်းတဲ့ဘဝများနဲ့ နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတိုနဲ့ ရလွယ်ရောက်လွယ် မျက်မှောက်ပြုနိုင်ကြသူများဖြစ်ကြပါစေကွယ်"

"ပေးတဲ့ဆုနဲ့ပြည့်ပါရစေ အမေ"

အားလုံးက တညီတညွတ်တည်းဆန္ဒပြုကြသည်။

"အမေ သားမှားခဲ့တာတွေအတွက် ဝန်ချတောင်းပန်ပါတယ်။ သား ဒီနေ့ကစပြီး မဆိုးမမိုက်တော့ပါဘူး။ သား အသိတရားရနေပါပြီ အမေ"

ငွေးဝင်း လက်အုပ်ချီပြီးကန်တော့လိုက်တော့ ဒေါ်အေးရွှေနှင့် ညီအစ်ကိုမောင်နှမများက အံ့သြဝမ်းသာပျော်ရွှင်ကြသည်။

အားလုံးက ဘာကြောင့်လို့မသိကြပေမဲ့ ယဉ်လှကတော့ ရိုးတိုးရိပ်တိပ် သဘောပေါက်သည်။

ဒေါ်အေးရွှေကတော့ တရားသမားပီပီ ရွာဦးကျောင်းဆရာတော်မြွက်ကြားသည့်စကားတစ်ခွန်းကိုသာ ပြန်သတိရလေသည်။

"သတ္တဝါတွေက ကျွတ်ချိန်တန်မှ ကျွတ်တာ။ ကျွတ်ချိန်မတန်ဘဲ ချွတ်လို့မရဘူး။ ကျွတ်ချိန်တန်ရင်လည်း သူ့ဘာသာ အလိုလိုကျွတ်ကြတာပဲ။ ဒါကို မှတ်ထားကြကွဲ့"

မည်သို့ပင်ဆိုစေကာမူ သားယောကျ်ားလေးမွေးထားသော ငွေးဝင်းအဖို့ အချိန်မီရရှိခဲ့သည့် နောင်တတရားတို့ကို သိမြင်ရင်း မနှောင်းသေးသော မိုက်နောင်တအတွက် ကြိုတင်ပြင်ဆင်ခွင့်ရရှိခဲ့လေတော့သည်။

## မုဒိတာအလံ စိုက်ထူကြ

\- လူနဲ့လူ နှစ်ကိုယ်ကြား
အပိုစကား မဆိုလျှင်၊
ကြည်လင်စွာ ချိုအပြုံး
နှလုံးဖြူစင်၊
မြတ်တရားဖြင့် ကောင်းမှုဆင်
ပေါင်းစုအသွင် ကိုယ်၊ နှုတ်၊ စိတ်၊
သမိုင်းဂုဏ် ထိန်ကာလင်းတယ်
သန့်ရှင်းအတိတ်။

\- မုဒိတာ ရင်လွှာဖိတ်ပါမှ
ထိတ်လန့်မှု ကင်းပါသည်၊
မနာလို ဝန်တိုမှု
မပြုရပ်တည်၊
ဖယ်ကာရှင်းကြ မစ္ဆရိယမည်
စိတ်ကြည်လို့ လန်းဆန်း၊
မေတ္တာကို အစဉ်သလို့
ဝေငှရွှင်လန်း။

\- သောကမကြွယ် စိတ်အေးချမ်း
လျှောက်သောလမ်း ဖြောင့်တန်းနေ၊
ကိုယ်သာထက် ပီတိပွား
စိတ်ထားလှစေ၊
အကျိုးမပေး စိတ်ယုတ်တွေ
ရှောင်ကြဉ်ပေ ဖြတ်ထုတ်ကြ၊
မုဒိတာအလံ
စိုက်ထူကြ ဆင်ယင်ထူးပါမှ
ကြည်နူးဘဝ။ ။

**ဈာန်လေး(ပညာရေး)**

# မြဝတီမြို့နယ် မယ်ထော်သလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ ဩဂုတ် ၁၁**

ကရင်ပြည်နယ် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ မြဝတီမြို့နယ် မယ်ထော်သလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်း၊ မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မယ်ထော်သလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်းက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မယ်ထော်သလေးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၁၃ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁ ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀ ကို ငွေကျပ် ၂၄ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သန်း ၄၀ ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်းထံမှ သိရသည်။

**ကိုသက်**

# ကျွန်တော်ပြည်သူ့စစ်မှုထမ်း (၂)

ဇန်ညို

**❖ လေ့ကျင့်ရေးသည် သူတစ်ခုတည်း ထီးတည်းကြီးနေသည်မဟုတ် စစ်ဆင်ရေးနှင့်ကား တစ်ဆက်တစ်စပ်တည်းပင်ဖြစ်သည်။ လေ့ကျင့်ရေးအားနည်းသွားလျှင် စစ်ဆင်ရေးတွင် အားနည်းတတ်သည်မို့ ယခုလို လေ့ကျင့်ရေးအချိန်တွင် စနစ်တကျကုန်စင်တတ်မြောက်အောင် လေ့ကျင့်ရမည်ဖြစ်သည်။ သို့မှသာ စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရသည့် အချိန်တွင် စစ်ဆင်ရေးတာဝန်ကို ပြည့်ပြည့်ဝဝနှင့် တာဝန်ကျေကျေ ထမ်းဆောင်နိုင်မည်ဖြစ်သည်။ ❖**

နိုင်ငံတော်ကာကွယ်ရေးအတတ်ပညာကို အခြားပြည်သူ့စစ်မှုထမ်းများနည်းတူ တတ်မြောက်ချင်၍ ကြိုးစားလေ့ကျင့်ခဲ့သည်။ မောတော့မောတာပေါ့ ဒါပေမဲ့ မမောဘူးဆိုသလိုပါပဲ။ ငါ့နိုင်ငံတော်အတွက်၊ ငါ့နိုင်ငံသားအတွက်၊ ငါ့တပ်မတော်အတွက်ဟူသော စိတ်က ရင်မှာရှိနေသည်။

**မီးနာမှ သံကောင်းမည်**

လေ့ကျင့်ရေးသင်တန်းကွင်းအနား၌ ထောင်ထားသည့်ဆိုင်းဘုတ်က ဆောင်ပုဒ်စာသားသည် ကိုယ့်ကိုပြောနေသကဲ့သို့ခံစားရသည်။ တကယ်တော့ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ် (၁) နှင့် (၂) သာမက ရှေးကနောင်တော်စစ်သည်များကိုပါ ရည်ညွှန်းမှန်းသိသော်လည်း ကိုယ့်ကိုအထူးသဖြင့် ရည်ညွှန်းနေသည်ဟုထင်နေမိသည်။ အကြောင်းက လေ့ကျင့်ရေးဆင်းနေစဉ် တစ်ခါတစ်ခါစိတ်အားက လျော့ကျသွားတတ်ရာ ထိုဆိုင်းဘုတ်နားရောက်သည်နှင့် အားပြန်သွင်းပြီး အားပြည့်သွားသလိုခံစားရသည်။ ကိုယ်ဆိုသည့် သံများကောင်းအောင် သင်တန်း၏ လေ့ကျင့်ရေးဆိုက်များအလိုက်က မီးနာအောင်ဆောင်ရွက်ပေးနေကြသည်ကို အမီလိုက်ရန်လိုနေသည်ကို ခပ်ထင်းထင်းကြီးတွေ့နေရသည်။ စိတ်ရောလူရောပြင်ဆင်၍ လေ့ကျင့်ရေးများကို ပီပီပြင်ပြင်လိုက်နိုင်ရန် ကိုယ့်ကိုယ်ကိုယ်သံပတ်တင်းထားရပေသည်။

**စစ်သည်တော်ဟောင်းတစ်ဦး၏ ပြောကြားချက်**

လေ့ကျင့်ရေးနှင့်ပတ်သက်ပြီး စစ်သည်တော်ဟောင်းတစ်ဦး၏ ပြောကြားချက်ကိုလည်း ဆောင်ပုဒ်တစ်ခုအနေနှင့်တွေ့ရသည်။ ဆောင်ပုဒ်တွင် "ငါ့သားများစစ်ထဲဝင်ရင်လေ သူ့ကိုပြောလိုက်စမ်းပါကွာ။ စစ်တပ်ဆိုတာ အမှန်သာလိုက်နာနိုင်ရင် တကယ့်ယောကျ်ားမြတ် ဖြစ်စေနိုင်တဲ့တရားတွေကို သင်ကြားပေးတဲ့ကျောင်းကြီးပေါ့"ဟု ဆိုထားသည်။ ယခုအိပ်ရာထချိန်မှစ၍ အိပ်ရာဝင်ချိန်ထိ လေ့ကျင့်ပေးနေမှုများသည် တကယ့်ကို စည်းနှင့်ကမ်းနှင့် တိုက်ရည်ခိုက်ရည်၊ ဖွဲ့လုံ့လဝီရိယနှင့် ပြည့်စုံသည့် ယောကျ်ားကောင်း ယောကျ်ားမြတ်များကို မွေးထုတ်ပေးနေသည်မှာ မျက်မြင်ကိုယ်တွေ့ပင်ဖြစ်သည်။ စစ်သားဆိုတာကလည်း ၂၄ နာရီ တာဝန်ရှိနေသူများ ပီပီ ယခုလိုမျိုးနေထွက်နေဝင် လေ့ကျင့်နေရမှသာ ပြည့်စုံမည်ဟုဆိုရပေမည်။

**PT**

Physical Training က စစ်သည်များတွင်သာ မဟုတ် လူပုဂ္ဂိုလ်အားလုံးနှင့် အကျုံးဝင်သော်လည်း PT ဆိုသည်နှင့်စစ်သားများ နံနက်၊ ညနေလေ့ကျင့်သည့် လေ့ကျင့်ခန်းဟုသာ စွဲမှတ်ကြသည်။ ထို PT ကြီးနှင့် နဖူးတွေ့ဒူးတွေ့ကြုံရခါစတွင် အိပ်ရာထချိန် နံနက် ၆ နာရီနှင့် PTချိန် ၆ နာရီ မိနစ် ၃၀ တို့သည် အိပ်ရေးမက်သော ကျွန်တော်အတွက် များစွာခက်ခဲပြီး ကိုယ်လက်များနာကျင်သော်လည်း ယခုအခါ လုပ်နေကျအလုပ်လိုဖြစ်လာသည်။ မိုးဦးလေဦးတွင် PT ချိန်၌ မိုးရွာနေလျှင် တန်းဖြုတ်ခရာရှည် နှစ်ချက်သည် ဆက်လက်အိပ်ခွင့်ရသဖြင့် အတော်ပင်ဖိမ်ကျလှကာ နံနက် ၇ နာရီ မိနစ် ၃၀ တန်းမစီမီတွင် နံနက်စာစားရန် အချိန်ကိုက်ထကြရ၍ အဖိုးတန်အချိန်လေးကိုရကြကာ ပျော်ရွှင်မိကြသည်။ နံနက်တန်းစီပြီးသည်နှင့် သတ်မှတ်အချိန်ဇယားအတိုင်း သင်တန်းခန်းမ၊ စစ်ရေးပြကွင်း၊ လက်နက်ငယ်၊ လက်နက်ကြီးလေ့ကျင့်ရေးနေရာ စသည်ဖြင့် နံနက်စာထမင်းစားတန်းဖြုတ်ချိန် ၁၁ နာရီထိ လေ့ကျင့်ရပေသည်။

**ပဲဆိပ်တက်**

ထမင်းစားပြီးချိန်လေးသည် ပဲဆိပ်တက်ချိန်ဟုဆိုသည်။ ထိုအချိန်သေးသေးလေးတွင် သင်တန်းသားများအခေါ် ရှော့ခရာခေါ် ခဏတာအိပ်စက်ခြင်းလုပ်ရသည်မှာ ဘာနှင့်မှမလဲနိုင်သော အချိန်လေးဖြစ်သည်။ ထိုပဲဆိပ်သည် နေ့ခင်းသင်တန်းချိန်သို့ ဆက်ခါပါသွားတတ်ရာ သင်တန်းဆရာများ၏ နည်းမျိုးစုံဖြင့် အိပ်ချင်စိတ်ဖြေဖျောက်ရန်အတွက် အပြစ်ပေးတတ်သဖြင့် အတန်းပတ်ပြေးခြင်း၊ ကွင်းပတ်ပြေးခြင်းကအစ ခုန်နည်း၊ လှိမ့်နည်းမျိုးစုံတို့ဖြင့် အားပေးခံကြရသည်။ ထိုသို့ဖြင့် မွန်းလွဲ ၁ နာရီမိနစ် ၃၀ တွင် လက်ဖက်ရည်သောက်ကြရာ၌ အိပ်ချင်စိတ်တို့ နိဗ္ဗူတံကြရလေသည်။ ထိုပဲဆိပ်တက်သည့် အချိန်လေးကို ဆရာများက ကမ္ဘာပေါ်တွင် အလေးလံဆုံးသောပစ္စည်းကို မတင်ထားကြရသည့် အချိန်ဟု ပြောဆိုကြသည်။ ဆရာများပြောသည့် အရာသည် သင်တန်းသားတို့၏ မျက်ခွံပင်ဖြစ်သည်။

**အရေးကြုံလျှင် သက်လုံကောင်းဖို့**

ဝရိုမှသာ ဝိလုပ်၍ရမည်ဖြစ်သောကြောင့် အခြေခံစစ်ရေးပြမှသည် လက်နက်ငယ်၊ လက်နက်ကြီး၊ စစ်နည်းဗျူဟာအပါအဝင် ဒရုန်းစစ်ဆင်ရေးထိ လေ့ကျင့်နေရသည်။ နေ့မအားညမအား စာတွေ့လက်တွေ့လေ့ကျင့်နေမှုကြောင့် ဝလုံးလေးနည်းနည်း ပြည့်၍ ဝိုင်းလာနေပြီဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ပညာတစ်ရပ်သည် အမြဲလေ့ကျင့်နေမှသာ ထွန်းသစ်တောက်ပြောင်နေမည်ဖြစ်၍ အားသွန်ခွန်စိုက်လေ့ကျင့်နေရသည်။ ထိုကာကွယ်ရေးအတတ်ပညာတတ်မြောက်မှသာ ချစ်သောနိုင်ငံကို ကာကွယ်နိုင်မည်ဖြစ်သည်။ ယခုလည်း လက်ဖက်ရည်သောက်ပြီးသည်နှင့် သင်တန်းချိန် နှစ်ချိန်ဆက်တက်ကာ ညနေ ၃ နာရီ မိနစ် ၃၀ တွင်သင်တန်းဆင်းကာ ညနေ ၄ နာရီတွင် PT ပြေးရ ပေသည်။ PT ကလည်း ပြေးခြင်း၊ ခုန်ခြင်း၊ ကြိုးတက်ခြင်းအပြင် ကွန်ဘက်ပီတီ (Combat PT ) သာမက လုံ့စွပ်ထိုး၊ မြန်မာ့ရိုးရာအခြေခံသိုင်းပညာများပါ သင်ကြားရသည်။

**ကိုယ်ပိုင်အချိန်လေးများ**

ညနေ ၄ နာရီ ၄၅ မိနစ်ချိန် PT ပြီးရင် ညနေတန်းစီချိန် ၅ နာရီ မိနစ် ၃၀ ကြားက ကိုယ်ပိုင်အချိန်ကလေးပေါ့။ အချိန်နည်းသော်လည်း သူငယ်ချင်းများနှင့် ဘော်လီဘောပုတ်၊ ခြင်းခတ်ဖြစ်ကြသည်။ ကိုယ်ပိုင်အချိန်လေးက နောက်ထပ်နှစ်ချိန်ရှိသေးသည်။ ညနေတန်းစီ ထမင်းစားပြီး Night Study ည ၇ နာရီမတိုင်မီ ကြားချိန်လေးဖြစ်သည်။ များသောအားဖြင့် Night Study အတွက် ပြင်ဆင်ခြင်းနှင့် နောက်တစ်နေ့အတွက်ယူနီဖောင်း အစရှိသည့်ပစ္စည်းများကို ပြင်ဆင်ကြသည်။ မပြီးလျှင် Night Study တန်းဖြုတ်ချိန် ည ၈ နာရီနှင့် မီးပိတ်ချိန် ၉ နာရီကြားထဲဖြစ်သည်။ မီးပိတ်ချိန်နှင့် နံနက်အိပ်ရာထချိန်ကြားသည် အိပ်စက်အနားယူချိန်ဖြစ်သည်။ အချိန်သည် လူ၏တန်ဖိုး၊ လေ့ကျင့်မှုသည် စစ်သားတန်ခိုးမဟုတ်ပါလား။

**သံမဏိစိတ်ဓာတ်**

PT ပြေးရင်း သံပြိုင်ဆိုရသည့် လေ့ကျင့်ရေးဆောင်ပုဒ်များရှိသည်။ ထိုအထဲတွင် "ဘာလုပ်နေလဲ" ဆိုသည့် ဆောင်ပုဒ်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ထိုဆောင်ပုဒ်က "ဘာလုပ်နေလဲ"တိုင်ပေးလျှင် တပ်စု (Squad)ထဲက "လေ့ကျင့်နေတယ်" ဖြေရသည်။ "ဘယ်သူ့အတွက်လဲ"ဆိုလျှင် တပ်စုက "ပြည်သူ့အတွက်ပဲ"ဟု ဖြေရသည်။ "ဘာစိတ်ဓာတ်လဲ"ဆိုလျှင် "သံမဏိစိတ်ဓာတ်၊ သံမဏိစိတ်ဓာတ်၊ သံမဏိစိတ်ဓာတ်"ဟုဖြေရသည်။ ထို့နောက် "အမှတ်စဉ် အမှတ်စဉ် အမှတ်စဉ်ဆို"ဟုဆိုလျှင် "၁၂၃၄ ၁၂၃၄ ပြည်သူ့စစ်သား၊ ပြည်သူ့စစ်သား၊ ပြည်သူ့စစ်သား"ဟုဖြေရသည်။ PT ပြေးရင်း ချွေးသံရွှဲရွှဲနှင့် သံပြိုင်ဆိုရသည့် လေ့ကျင့်ရေးဆောင်ပုဒ်သည် အမှန်တကယ်တော့ ညွှန်ကြားချက်တစ်ခုပင်မဟုတ်ပါလား။ လေ့ကျင့်ရေးကို သံမဏိစိတ်ဓာတ်ဖြင့် ပြည်သူ့စစ်သားများက ပြည်သူအတွက်ဆောင်ရွက်ရမည်ဟုဆိုလိုသည်။ ယခုလည်း လေ့ကျင့်ရေးကို သံမဏိစိတ်ဓာတ်ဖြင့် ဆောင်ရွက်လျက်ရှိနေသည်။

**လေ့ကျင့်ရေးသည် စစ်ဆင်ရေး**

လေ့ကျင့်ရေးသည် သူတစ်ခုတည်း ထီးတည်းကြီးနေသည်မဟုတ် စစ်ဆင်ရေးနှင့်ကား တစ်ဆက်တစ်စပ်တည်းပင်ဖြစ်သည်။ လေ့ကျင့်ရေးအားနည်းသွားလျှင် စစ်ဆင်ရေးတွင် အားနည်းတတ်သည်မို့ ယခုလို လေ့ကျင့်ရေးအချိန်တွင် စနစ်တကျ ကုန်စင်တတ်မြောက်အောင် လေ့ကျင့်ရမည်ဖြစ်သည်။ သို့မှသာ စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရသည့် အချိန်တွင် စစ်ဆင်ရေးတာဝန်ကို ပြည့်ပြည့်ဝဝနှင့် တာဝန်ကျေကျေ ထမ်းဆောင်နိုင်မည်ဖြစ်သည်။ သည်နေရာတွင် စိတ်ဓာတ်ကလည်း ခိုင်ကျည်ရန်လိုသည်။ ထို့ကြောင့်ပင် လေ့ကျင့်ရေးကို သံမဏိစိတ်ဓာတ်ဖြင့်ဆောင်ရွက်ပြီး စစ်မြေပြင်ရောက်သည်ထိ ဤစိတ်ဓာတ်ဖြင့် ရင်ကိုမြေကတုတ်၊ ဆူးခလုတ်ကို မွေ့ရာပမာ သဘောထားဆောင်ရွက်ရမည်ဖြစ်သည်။ လေ့ကျင့်ရေးသည်ပင်လျှင် အားကိုးအားထားရာ တန်ခိုးရှင်မို့ ယခုချိန်တွင် မိမိတို့ကိုပို့ချသမျှ သင်ခန်းစာ၊ လေ့ကျင့်ခန်းများကို မိမိတို့က အပတ်တကုပ် လေ့ကျင့်နေကြရခြင်းဖြစ်သည်။

**ပြည့်ခလုတ် ပြည့်ရန်စွယ်**

အမိနိုင်ငံတော်သည် ဒုတိယကမ္ဘာစစ်တွင် စစ်တလင်းဖြစ်ခဲ့သည့်အပြင် ထိုမတိုင်မီကလည်း အင်္ဂလိပ်ကျူးကျော်စစ်ကို သုံးကြိမ်တိုင်တိုင် ခံစားခဲ့ရသည်။ ထိုမျှမကသေးဘဲ လွတ်လပ်ရေးရအောင် တပ်မတော်ကစွမ်းဆောင်ခဲ့သော်လည်း လွတ်လပ်ရေးနှင့်အတူ ရောင်စုံသူပုန်တို့ဖြစ်ပေါ်ခဲ့ရာ ထူပြောလာသော စစ်မက်တို့ကို တပ်မတော်သည် ပြည်သူနှင့်လက်တွဲ၍ အသက်ကိုပဓာနမထားဘဲ ပြည့်ခလုတ် ပြည့်ရန်စွယ်များကို တိုက်ခိုက်ခဲ့ကြရသည်။ နိုင်ငံ၏ လွတ်လပ်ရေးသက်တမ်းနှင့်အမျှ တိုက်ခိုက်ခဲ့သည်ကတစ်ပိုင်း၊ သူပုန်စပေါ်ကတည်းက ငြိမ်းချမ်းရေးရယူသည့်နည်းဖြင့် တိုက်ခိုက်ခဲ့သည်ကတစ်ပိုင်း ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း လက်နက်ကို စွဲကိုင်ထားလိုသူ ပြည့်ခလုတ် ပြည့်ရန်စွယ်တို့ကြောင့် အောင်မြင်မှုနှင့် ဝေးခဲ့ကြရသည်။ တိုက်ပွဲ၊ စစ်ပွဲတို့ဖြစ်ပွားလေလေ နိုင်ငံ၏တိုးတက်မှုတို့ နှောင့်နှေးလေလေဖြစ်သည်။ ထိုမီးကိုကူပြီး ငြိမ်းသတ်ရန်ကတော့ အမောင်တို့ ပြည်သူ့စစ်မှုထမ်းများလည်း တစ်နိုင်ဝန်ထမ်းရန် ဖြစ်လာခဲ့ချေပြီ။

**နိုင်ဝန်ထမ်းဖို့**

အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို စောင့်ထိန်းပြီး အမိနိုင်ငံ၏ ကျေးဇူးသစ္စာစောင့်သိသူတစ်ဦးအနေဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရန်အတွက် ကိုယ့်ကိုယ်ကိုယ်ဆန္ဒပြု၍ တပ်မတော်သားတစ်ဦးအဖြစ်ခံယူရန်အတွက် အတော်အတန်တော့ ထုသားပေသားရနေပြီဖြစ်သည်။ "လာစမ်းဟဲ့ မေ့သား၊ အမယ်မင်း ထွားလိုက်တာ၊ စစ်သားကြီး လုံးလုံး၊ ဗိုလ်မှူးကြီးရှုံးလောက်ရဲ့၊ ပခုံးနဲ့လက်ပြင်၊ ကြောခြင်ကသံချောင်း၊ တစ်နှစ်တွင်းမှာ၊ ချက်ချင်းပဲပြောင်းရော့၊ ကောင်းလိုက်ပေ့မေ့သား၊ ဤဇမ္ဗူတစ်လူရှားလောက်ရဲ့"ဆိုသည့် ဆရာဇော်ဂျီ၏ ရှေးခေတ်ပုဂံပြည်ကဗျာထဲက ဇာတ်ဆောင်လိုဖြစ်လာအောင် ဆက်ကြိုးစားရပေဦးမည်။ မည်သို့ပင်ဆိုစေကာမူ အမိနိုင်ငံတော်က အားထားရသည့် ကျောက်ကောင်းတစ်စွေ၊ ဓားကောင်းတစ်လက်ဖြစ်အောင် စွမ်းဆောင်သွားမည်ဟု သန္နိဋ္ဌာန်ချရင်း မနက်ဖြန်ရောင်နီနှင့်အတူ ရောက်ရှိလာမည့်စစ်ရေးသင်ခန်းစာများတွင် စိတ်ကိုပိုမိုနှစ်၍ ကြိုးစားသွားရပေတော့မည်။

**ကိုးကား**


၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ

၂။ ၂၄-၅-၂၀၂၄ ထုတ် ရတနာပုံသတင်းစာ

# အကြောင်းအမျိုးမျိုးကြောင့် နေရပ်ဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

> **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# တန့်ဆည်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောနွေစပါး ၇၈၉၅ ဧက ရိတ်သိမ်းပြီးစီး



**တန့်ဆည် ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေစပါး ၇၈၉၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေစပါးများရိတ်သိမ်းမှုကို ယခုနှစ် ဇွန်လမှစ၍ ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၇၈၉၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၀ ဒသမ ၅၅ တင်းထွက်ရှိကြောင်း သိရသည်။

"တန့်ဆည်မြို့နယ် နွေသီးနှံစိုက်ပျိုးရာသီမှာ နွေစပါး ၇၈၉၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးတာ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိဖို့ ရိတ်သိမ်းပြီး စပါးတွေ အမိုးအကာအောက်အချိန်မီရောက်ရှိဖို့ စတဲ့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးဧက ၁၅၀၀၀ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှစ၍ ဧပြီလထိ စိုက်ပျိုးခဲ့ရာ ၇၈၉၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်အတွက် ပညာပေးခြင်း၊ သဘာဝဓာတ်မြေဩဇာ ပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရန် စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးစိုက်တောင်သူများအနေဖြင့် နွေစပါးနှင့် အခြားသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ ကြိုတင်ပြင်ဆင်ထားကြရန် နှိုးဆော်ထားကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မြိတ်မြို့နယ် ဝန်ဖို့ကျေးရွာ၌ RBF စီမံကိန်း လုပ်ငန်းများစစ်ဆေး

**မြိတ် ဩဂုတ် ၁၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝန်ဖို့ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ စစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဝန်ဖို့ကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အစုအဖွဲ့လေးဖွဲ့မှ CP ဝက်မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားခြင်းရှိ/မရှိ အခြေအနေများ၊ လအလိုက်ပေးပို့ရသည့်စာရင်းဇယားများပြည့်စုံမှုရှိ/မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်းပေးသွင်းစေလိုကြောင်း၊ စီမံကိန်း ရေရှည်တည်တံ့ခိုင်မြဲစေရန် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြိတ်မြို့နယ် ဝန်ဖို့ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)မှ ပထမနှစ်စက်ဝန်းတွင် စီမံကိန်းရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ဒုတိယနှစ်စက်ဝန်းတွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအစုအဖွဲ့လေးဖွဲ့မှ CP ဝက်ကောင်ရေ ၃၀ မွေးမြူခြင်းလုပ်ငန်းအတွက် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်းမှငွေကျပ် ၃၀ ဒသမ ၇၅ သန်း ထုတ်ချေးထားကြောင်း သိရသည်။

**ချိုလေး**

# ကလေးများအာဟာရဖွံ့ဖြိုးရေးအတွက် အရေးပါသောအစာအာဟာရ

ဩဂုတ်လသည် မိခင်နှင့် ကလေးများအတွက် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုများ ဆောင်ရွက်သည့် လတစ်လဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးပညာရှင်များက–

ဩဂုတ်လ၏ ပထမရက်သတ္တပတ်ကို မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်အဖြစ် လည်းကောင်း၊ ဒုတိယရက်သတ္တပတ်ကို ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အဖြစ်လည်းကောင်း၊ တတိယရက်သတ္တပတ်ကို ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အဖြစ်လည်းကောင်း၊ စတုတ္ထရက်သတ္တပတ်ကို အိုင်အိုဒင်းချို့တဲ့ရောဂါများပပျောက်ရေးရက်သတ္တပတ်အဖြစ်လည်းကောင်း သတ်မှတ်ထားကြသည်။

ယခုဖော်ပြမည့် ကလေးများအတွက် အရေးပါသောအစာအာဟာရဆောင်းပါးသည် ငါးနှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးစေရန်အတွက် ရည်ရွယ်၍ဖော်ပြလိုက်ပါသည်။

**အာဟာရမပြည့်ဝခြင်းနှင့် အာဟာရချို့တဲ့ခြင်း**

(က) အာဟာရမပြည့်ဝမှုကို ပုံစံအမျိုးမျိုးဖြင့် တွေ့ရနိုင်သည်။ အာဟာရမပြည့်ဝမှုဆိုသည်မှာ အာဟာရမပြည့်မီခြင်း၊ တစ်မျိုးတည်းကို အလွန်အကျွံစားသုံးမိပြီး အခြားအာဟာရဓာတ်တို့ကို ပြည့်မီအောင်မဖြည့်တင်းမိခြင်း စသည်ဖြင့် အကြောင်းအမျိုးမျိုးရှိနိုင်သည်။ အဝလွန်ခြင်းကလည်း အာဟာရမပြည့်ဝမှု တစ်ခုဖြစ်သည်။

(ခ) အာဟာရချို့တဲ့မှုဆိုသည်မှာ လုံလောက်သည့်အာဟာရ ပြည့်မီအောင်မရခြင်းကို ဆိုလိုသည်။ ထိုသို့ အာဟာရမပြည့်ဝခြင်းက အာဟာရချို့တဲ့မှုကို ဖြစ်စေပြီး ပြင်းထန်သော နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကို ကြုံတွေ့ခံစားရနိုင်သည်။

**အာဟာရချို့တဲ့မှုကိုဖြစ်စေသောအကြောင်းများ**

ကမ္ဘာတစ်ဝန်းရှိ ကလေးများတွင် အာဟာရချို့တဲ့မှုဖြစ်စေသည့် ပထမအချက်မှာ ဆင်းရဲမှုကြောင့်ဖြစ်သည်။ ဒုတိယအချက်သည် အစားအစာကြောင့်ဖြစ်သည်။ တတိယအချက်သည် အစားအစာများ၌ လုံခြုံဘေးကင်းမှု အားနည်းသောကြောင့်ဖြစ်သည်။ အခြားအကြောင်းရင်းများမှာ သန့်ရှင်းသည့်သောက်သုံးရေ မရရှိခြင်း၊ ထိရောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုမရရှိခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သည့် ရေဆိုးထုတ်စနစ်မရှိခြင်းတို့ကြောင့်လည်း ကလေးများတွင် အာဟာရမပြည့်မီမှုကိုခံစားကြရသည်။ ရာသီဥတုမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်းများကြောင့်လည်း အာဟာရချို့တဲ့မှုများကို ခံစားလာကြရသည်။ နောက်ထပ်အကြောင်းရင်းတစ်ရပ်မှာ မိခင်များက ကလေးကို ကောင်းကောင်း မစောင့်ရှောက်နိုင်ခြင်းကြောင့်ဖြစ်သည်။ ဤအကြောင်းရင်းသည် ဆင်းရဲ၊ ချမ်းသာနှင့်မဆိုင်ဘဲ ကလေးကို စားချင်တာစားဆိုပြီး လွှတ်ထားသည့်အတွက် ကလေးက အာဟာရမမျှခြင်း၊ အဝလွန်ခြင်းများဖြစ်လာသည်။

နောက်ဆုံးအချက်မှာ ကိုယ်ဝန်ဆောင်ချိန်၌ မိခင်က အာဟာရပြည့်ပြည့်ဝဝမရရှိခြင်းနှင့် ကိုယ်ဝန်ဆောင်စဉ်ကာလတစ်လျှောက်လုံး ကျန်းမာရေးစောင့်ရှောက်မှုမရရှိခြင်းတို့ကလည်း ကလေးများကို အာဟာရချို့တဲ့စေသည့် အကြောင်းရင်းများထဲက တစ်ခုဖြစ်သည်။

**ကလေးများအတွက် အစာအာဟာရ**

မြန်မာနိုင်ငံတွင် မိရိုးဖလာစားသောက်မှုပုံစံအရသော်လည်းကောင်း၊ လူမှုစီးပွားအခြေအနေအရသော်လည်းကောင်း နိစ္စဓူဝအစားအစာများတွင် ရသင့်ရထိုက်သည့်အာဟာရများ လုံလောက်စွာရရှိရန်လျော့နည်းနေသည်။ ကြီးထွားမှုဖွံ့ဖြိုးဆဲကလေးများအတွက် ၎င်းတို့ နေ့စဉ်စားသုံးသော အစာအာဟာရများထဲတွင် ဗီတာမင်အေ၊ ဗီတာမင်ဘီအုပ်စုများ၊ ဗီတာမင်စီ၊ ဗီတာမင်ဒီ၊ ကယ်လ်စီယမ်၊ သံဓာတ်၊ သတ္တုဓာတ် စသည့်ဗီတာမင်နှင့်သတ္တုဓာတ်များညီညွတ်မျှတရန် အထူးလိုအပ်သည်။ ထိုသို့ ပြည့်ဝနေစေရန်အတွက် အာဟာရရှိရှိ ကျွေးမွေးစောင့်ရှောက်သင့်သည်။



ကလေးများအတွက် အာဟာရဖြစ်စေသော ဓာတ်စာများမှာ ကြက်အသည်း၊ အမဲအသည်း၊ ပင်လယ်ငါးများ၊ နွားနို့၊ ဒိန်ချဉ်၊ ဒိန်ခဲ စသည့်နို့ထွက်ပစ္စည်းများ၊ ကွေကာအုပ်၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥအမျိုးမျိုး၊ အာလူး၊ မုန်လာဥနီ၊ ရွှေရောင်ကန်စွန်းဥ၊ ရွှေဖရုံသီး၊ ဟင်းနုနယ်၊ ဗိုလ်စားပဲသီး၊ သဘော်သီး၊ သရက်သီး၊ ဒူးရင်းသီး၊ ငှက်ပျောသီး၊ သံပရာသီး၊ ထောပတ်သီး၊ ပဲနီလေး၊ ပဲဝါလေး၊ မြေပဲ၊ ပဲပိစပ်၊ ပဲပြား၊ တိုဟူး၊ လူးဆပ်၊ ဂျုံ၊ ကောက်နှံအမျိုးမျိုး၊ ထမင်းနှင့် ထမင်းရည်၊ ငါးကြီးဆီ စသည်တို့ဖြစ်ကြသည်။

အမဲသားတွင် သံဓာတ်ပမာဏ ၂ ဒသမ ၉ မီလီဂရမ်ပါရှိသည့်အပြင် ကျန်းမာရေးကိုအထောက်အကူဖြစ်စေသော ပရိုတင်း၊ ဗီတာမင် ဘီ–၆၊ ဗီတာမင်စီနှင့် ဗီတာမင်ဒီဓာတ်တို့ ကြွယ်ဝစွာပါရှိနေကြသည်။ ကြက်သားတွင် သံဓာတ်ပမာဏ ၁ ဒသမ ၁ မီလီဂရမ်ပါရှိသည်။ ပင်လယ်ငါးဟင်းလျာများကို ရက်သတ္တပတ် တစ်ပတ်လျှင် အနည်းဆုံး သုံးရက်ခန့် စားပေးပါ။ ပင်လယ်ငါးထဲရှိ ဖက်တီးအက်စစ်များက အင်ဆူလင်ပမာဏကို ထိန်းညှိပေးသည့်အပြင် ဦးနှောက်ကို ကောင်းစွာအလုပ်လုပ်စေသည်။

အသားအစားထိုးအဖြစ် ခွန်အားပြည့်စေသော ကြက်ဥကို စားပေးသင့်သည်။ ကြက်ဥထဲတွင်လည်း အနီရောင်အသားကဲ့သို့ပင် လူ့ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော ပရိုတင်း၊ ဗီတာမင်များနှင့် သံဓာတ်များပါရှိနေသည်။ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ အနှစ်ကိုစားပါ။ ၎င်းဥများ၏အနှစ်ထဲတွင် ဦးနှောက်အတွက်အရေးကြီးသော ဗီတာမင်ဘီဓာတ်ပေါင်းစုပါဝင်နေသဖြင့် မှတ်ဉာဏ်လုပ်ဆောင်ချက်အတွက် ကောင်းကျိုးပြုသည်။ ဒိန်ချဉ်ကလည်း အနီရောင်အသားများကဲ့သို့ပင် အမိုင်နိုအက်စစ်ပါရှိနေ၍ ဒိန်ချဉ်တစ်ခွက် နေ့စဉ်သောက်ပေးသင့်သည်။

ပဲတောင့်ရှည်(ပဲသီး)၊ ဗိုလ်စားပဲသီး၊ ပဲလိပ်ပြာ၊ ကြယ်ပဲ စသည့်အစိမ်းရောင်ပဲသီးများတွင် သံဓာတ်၊ ဗီတာမင်ဘီနှင့်အမိုင်နိုအက်စစ်များအပြင် အနီရောင်အသားများတွင်သာတွေ့ရသော ပရိုတင်းဓာတ်များလည်း ပါရှိနေကြသဖြင့် အစိမ်းရောင်ပဲသီးများက လူကိုခွန်အားဖြစ်စေသည်။ ထို့ပြင် အမျှင်ဓာတ်ကြွယ်ဝသဖြင့် အစာခြေစနစ်ကောင်းမွန်စေကာ ကျန်းမာရေးနှင့် ညီညွတ်စေသည်။

ပဲနီလေးတွင် သံဓာတ် ၃ ဒသမ ၃ မီလီဂရမ်ပါရှိပြီး မပျော်ဝင်လွယ်သော အမျှင်ဓာတ်များပါရှိနေသဖြင့် ၎င်းကိုစားသုံးပြီးနောက် ဆာလောင်မွတ်သိပ်မှုမဖြစ်စေတော့ဘဲ အဆာခံစေသည်။ ပဲကတ္တီပါထဲတွင် သံဓာတ် ၂ ဒသမ ၆ မီလီဂရမ်ပါရှိပြီး ခွန်အားတိုးပွားစေသည့်အပြင် နှလုံးရောဂါဖြစ်နိုင်ခြေနည်းပါးအောင် ကူညီပေးသည်။ ပဲထောပတ်တွင် သံဓာတ် ၁ ဒသမ ၈ မီလီဂရမ်ပါရှိပြီး ခန္ဓာကိုယ်အကျိုးပြုသတ္တုဓာတ်နှင့် အင်ဇိုင်းကြွယ်ဝသည့် အစားအစာဖြစ်သည်။ မြေပဲတွင် ဗီတာမင်နှင့် ပရိုတင်းဓာတ်တို့ ကြွယ်ဝစွာပါရှိသည်။

အာလူးတစ်လုံးတွင် သံဓာတ် ၃ ဒသမ ၂ မီလီဂရမ်ပါရှိပြီး အာဟာရပြည့်ဝသောအစားအစာဖြစ်သည်။ ပန်းသီးထဲတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများအပြင် ဗီတာမင်စီနှင့် အမျှင်ဓာတ်များပါရှိသဖြင့် ခွန်အားကို တိုးပွားစေသည်။ အထူးသဖြင့် ပန်းသီးထဲရှိ Fructose ဓာတ်က ၎င်းကိုစားသုံးပြီးနောက် တစ်ခဏအတွင်းမှာပင် ကိုယ်ခံစွမ်းအားကို တိုးပွားလာစေသည်။ ပိုတက်စီယမ်ကြွယ်ဝသော ငှက်ပျောသီးက ခန္ဓာကိုယ်ကြွက်သားကို ကောင်းစွာတည်ဆောက်ပေးနိုင်၍ ခန္ဓာကိုယ်အတွက် အကောင်းဆုံး အဖော်မွန်ဖြစ်သည်။ ထို့ပြင် သစ်သီးမှရသော သဘာဝသကြားဓာတ်များဖြစ်ကြသည့် Fructose နှင့် Glucose များက ခွန်အားဖြစ်စေပြီး လန်းဆန်းတက်ကြွမှုကိုဖြစ်စေသည်။ ရွှေဖရုံစေ့တွင် ဗီတာမင်၊ ပရိုတင်းနှင့် ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသော အဆီဓာတ်များပါရှိနေသည့်အပြင် ခန္ဓာကိုယ်အတွက်မရှိမဖြစ် မဂ္ဂနီစီယမ်ဓာတ်လည်းပါရှိ၍ လူကို ခွန်အားဖြစ်စေသည်။ သဘာဝကြံရည်က ခွန်အားတိုးပွားစေပြီး မူးမော်ခြင်းကင်း၍ သွေးပေါင်ပြည့်စေသည်။

**ကိုယ်ခံအားကို ထိခိုက်စေသောအပြုအမူများ**

ကလေးများ၏ကိုယ်ခံအားကို ထိခိုက်စေသော အပြုအမူများမှာ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ အမြဲတမ်း အိပ်ရာထဲခွေပြီး ဂိမ်းဆော့နေခြင်း၊ အာဟာရပြည့်ဝအောင်မစားခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်သော မုန့်ပဲသရေစာများစားသောက်ခြင်း၊ ဆိုးဆေးပါသောအစားအစာများစားခြင်း၊ ရေသောက်နည်းခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုအားနည်းခြင်း၊ တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူရှိုက်ရခြင်းနှင့် စိတ်ဖိစီးမှုများခြင်းတို့ဖြစ်သည်။

ထို့ပြင် အစားရွေးလွန်းသော ကလေးငယ်များ၊ မွေးရာပါရောဂါရှိသော ကလေးငယ်များ၊ သရေစာနှင့် အသင့်စားအစာများကို လွန်ကြူးစွာစားသုံးသော ကလေးငယ်များမှာ အာဟာရလုံးဝမလုံလောက်တော့ပေ။ ထို့ကြောင့် ဆရာဝန်နှင့်တိုင်ပင်၍ ဗီတာမင်အားဆေးများကို ဖြည့်စွက်တိုက်ကျွေးပေးသင့်သည်။ ကလေးများကျန်းမာဖျတ်လတ်ဉာဏ်ရည်ထက်မြက်စေရန်အတွက် ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်စေသင့်သည်။

**ကလေးများအတွက် ဘေးဖြစ်စေသောအချိုဓာတ်နှင့် အချိုရည်များ**

ကလေးများ၏သဘာဝအရ အချိုအလွန်ကြိုက်ကြသည်။ ၂၁ ရာစုတွင် ကလေးကြိုက်သရေစာ အချိုမျိုးစုံတွေ့ရသည်။ သကြားစားများသော ကလေးများက သကြားအစားနည်းသည့် ကလေးများထက် ပို၍ အရပ်ပုလေ့ရှိကြသည်။ ကစီဓာတ်ကဲ့သို့ပင် သကြားဓာတ်ကလည်း ခန္ဓာကိုယ်တွင်း အင်ဆူလင်ပမာဏကိုမြင့်တက်စေပြီး ကောင်းမွန်စွာ ကြီးထွားဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေသည်။ ကလေးများကို သကြားမကျွေးရဟုမဆိုလိုသော်လည်း အတန်အသင့်မျှဖြစ်ရန် အရေးကြီးသည်။

ဂက်စ်ပါသောအချိုရည်များကို ခုံခုံမင်မင်သောက်သုံးလေ့ရှိသောကလေးများအတွက် သတ္တုဓာတ်များကို ဖြေဆေးအဖြစ် စားသုံးပေးရန် အရေးတကြီးလိုအပ်သည်။ နှမ်း၊ မြေပဲ၊ သီဟိုဠ်စေ့ကဲ့သို့သော အစေ့အဆန်များ၊ ပေါင်မုန့်ကဲ့သို့ ဂျုံပါဝင်မှုများသော အစားအစာများ၊ စပျစ်သီးခြောက်၊ တရုတ်ဆီးသီးခြောက်များတွင် သတ္တုဓာတ်ကြွယ်ဝစွာပါရှိသည်။

**ကလေးနှင့် အာဟာရချို့တဲ့လက္ခဏာ**

ကလေးများတွင် အာဟာရချို့တဲ့ကြောင်းပြသသည့်လက္ခဏာများမှာ သိသိသာသာပိန်လာခြင်း၊ ခေါင်းမူးပြီး မလှုပ်ရှားချင်ဖြစ်နေခြင်း၊ ပင်ပန်းလွယ်ခြင်း သို့မဟုတ် နုံးခွေခြင်း၊ အသားအရေဖျော့တော့ပြီး ခြောက်သွေ့ခြင်း၊ အရေပြားထိခိုက်လွယ်ခြင်း သို့မဟုတ် အရေပြားများအက်ကွဲလာခြင်း၊ သွားဖုံးသွေးယိုခြင်း၊ ကြွက်သားများ၊ အဆစ်များနာကျင်ခြင်း၊ အရိုးများအားနည်းခြင်းနှင့် အရိုးကျိုးလွယ်ခြင်း၊ တဖြည်းဖြည်း ပို၍ဗိုက်ဖောင်းလာခြင်း၊ ဗိုက်ပူနံကားပုံသဏ္ဌာန်ဖြစ်လာခြင်း၊ ကိုယ်တွင်းအင်္ဂါများကောင်းကောင်းအလုပ်မလုပ်ခြင်း၊ ကြီးထွားဖွံ့ဖြိုးမှုနှောင့်နှေးခြင်း၊ အသက်အရွယ်အလိုက်ရှိသင့်သည့် အရပ်ထက်ပုနေခြင်း၊ ရှိသင့်သည့်ကိုယ်အလေးချိန်ထက်နည်းနေခြင်း၊ မကြာခဏဖျားနာခြင်း၊ စိတ်ဖိစီးမှုများနေခြင်း၊ အင်ပျဉ်ထခြင်း သို့မဟုတ် အသားအရောင်ပြောင်းခြင်း၊ ဆံပင်ကျဲ၍ပါးခြင်းနှင့် ဆံပင်ကျွတ်လွယ်ခြင်း၊ လျှာကွဲနေခြင်း သို့မဟုတ် ရောင်နေခြင်း၊ အလင်းဒဏ်ကို မခံနိုင်ခြင်း၊ ကိုယ်အလေးချိန်များနေသော်လည်း ကလေးက ခဏခဏနေမကောင်းဖြစ်ခြင်း စသည်တို့ဖြစ်ကြသည်။

သို့ဖြစ်ရာ မိဘများအနေဖြင့် ကလေးများကို ပြုစုကျွေးမွေးရာတွင် အာဟာရပြည့်ဝသော အစားအစာများကို ရွေးချယ်ကျွေးမွေးကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။


ပေါက်ပေါက်

# ဗိုလ်လောင်းလျှောက်လွှာများ
# အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား ၁၇-၆-၂၀၂၄ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၁၅-၈-၂၀၂၄** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်**



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကို အားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



**ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံသို့ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း (Mask) တပ်ပါ။

## ပြည်ပထွက်ခွာလိုသူ ပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာလဝကမြို့နယ်ရုံးအားလုံး၌ ဥပဒေနှင့်အညီစိစစ်၍ အခမဲ့ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ရာတွင် ပြည်ပထွက်ခွာလိုသည့် ပြည်သူများအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သည့် လဝကမြို့နယ်ရုံးများ၌ UID နံပါတ်ဆောင်ရွက်ထုတ်ယူခဲ့ခြင်းမရှိဘဲ နယ်စပ်ဒေသများရှိ UID လုပ်ငန်းဆောင်ရွက်သည့်နေရာများ၌သာ UID နံပါတ်ရရှိရေးအတွက် အရေးတကြီးပြုလုပ်ဆောင်ရွက်လျက်ရှိကြသဖြင့် ယင်းနေရာ၌သာ လူစုလူဝေးများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုအချိန်နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပထွက်ခွာလိုသူ ပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝက မြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ UID နံပါတ် ကြိုတင်ထုတ်ယူဆောင်ရွက်ထားကြပါရန်နှင့် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/ eIDDept မှတစ်ဆင့် ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၉၇၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဟုမ္မလင်း ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၉၇၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟုမ္မလင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်သီးနှံဧက ၁၁၁၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၇၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဟုမ္မလင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၉၇၄ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက်ကေပြည့်မီအောင်စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးနေတယ်"ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ယခုနှစ် ဟုမ္မလင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊စိုက်ခင်းများမှ ထွက်ရှိလာသည့်ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

## မကွေးမြို့နယ် ရေငံကျေးရွာ၌ မြေသားရေကန်တူးဖော်နေမှု စစ်ဆေး

**မကွေး ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြေသားရေကန်တူးဖော်နေမှုအခြေအနေများကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်းခဲ့ သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရေငံကျေးရွာ၌ မြေသားရေကန်တူးဖော်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

မကွေးမြို့နယ် ရေငံကျေးရွာ၌ အလျားပေ ၁၄၀၊ အနံ ပေ ၁၀၀၊ အနက် ခုနစ်ပေရှိသော မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၁၃ ဒသမ ၈ သန်းအသုံးပြုပြီး ဌာနအင်ဂျင်နီယာစုဖွဲ့မှုဖြင့် ဇွန် ၁ ရက်မှစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ရေငံကျေးရွာရှိ အိမ်ခြေ ၁၆၆ အိမ်မှ လူဦးရေ ၆၅၂ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များပါ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးက ပြောပြ၍ သိရသည်။ **ကိုညို**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကြော်ငြာစာအမှတ်(၁/၂၀၂၄) (၂၀၂၄ ခုနှစ် ဩဂုတ်လ ၇ ရက်)

## လျှောက်လွှာခေါ်ယူခြင်း

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

- (က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့ (သတင်းအတတ်ပညာ)ဦးစားပေးမည်)
- (ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
- (ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- (က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။
- (ခ) ၂၀၂၄ ခုနှစ် ဇွန်လ(၃၀)ရက်နေ့တွင် အသက်(၂၈)နှစ်မကျော်လွန်စေရ။
- (ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- (ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင် ရယူနိုင်ပါသည်-

- (က) မြဝတီသတင်းစာတိုက်(နေပြည်တော်)
- (ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)
- (ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)
- (ဃ) ရတနာပုံသတင်းစာတိုက်

၄။ လျှောက်လွှာများ ကို ၇-၈-၂၀၂၄ ရက်မှ ၂၉-၈-၂၀၂၄ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ပြည်နယ်၊ မြို့ နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၉ ရက်နှင့် ၃၀ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| နေပြည်တော် | ဖုန်း - ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉-၂၅၀၀၀၀၈၅၄၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း - ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း - ၀၉-၆၈၈၈၈၃၅၅၈၊ ၀၉-၄၀၁၆၀၅၀၇၁ |

# မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ်ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

- (၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊
- (၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊
- (၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေးကြိုတင်စီမံထားရန်၊
- (၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသောခြံများအတွင်း စနစ်တကျမွေးမြူထားရှိရန်၊
- (၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊
- (၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊
- (၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊
- (၈) တိရစ္ဆာန်များကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါကဆေးကုသမှုအမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊
- (၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေး မပြည့်မီသည့်ဆီများ စားသုံးခြင်းတို့ကြောင့်-

- ➢ နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊လေဖြတ်ခြင်းစသည့်ကျန်းမာရေးဆိုင်ရာဆိုးကျိုးများစွာ ခံစားရစေပါသည်။
- ➢ ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

# ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နနွင်းဧက ၂၉၀၀ စိုက်ပျိုးပြီးစီး

**ကျုံပျော် ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ နနွင်းလျာထား ဧက ၂၉၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီ၌ နနွင်းဧက ၂၉၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် နနွင်းဧက ၂၉၀၀ အားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

''ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျုံပျော်မြို့နယ်တွင် နနွင်းဧက ၂၉၀၀ ထိစိုက်ပျိုးခဲ့ပါတယ်။ နနွင်းစိုက်တောင်သူတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာနဲ့ အခြားကူညီမှုတွေ ကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ လက်ရှိ နနွင်းဧက ၂၉၀၀ အားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နနွင်းကို ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်း ကောင်းမွန်စေဖို့၊ စိုက်ပျိုးနည်းစနစ်နဲ့ အခြားလိုအပ်တဲ့ ပံ့ပိုးမှုတွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်''ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ကျုံပျော်မြို့နယ်၌ ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီတွင် နနွင်းအပါအဝင် မိုးသီးနှံများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန်၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်၊ စိုက်ပျိုးထားသော နနွင်းစိုက်ခင်းများ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်နှင့် ရွက်လိပ်ပိုး၊ ရွက်ဖျက်ပိုး၊ ငမြှောင်တောင်ပိုး စသည့်ပိုးမွှားအန္တရာယ်များ မကျရောက်စေရန်၊ နနွင်းအထွက်နှုန်းကောင်းစေရန်၊ အရည်အသွေး ကောင်းမွန်စေရန် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းထံမှ သိရသည်။



**ကျော်ကျော်လင်း**

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်



မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

We Protect The Family

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၀၂၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၁၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၁၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ သလဲကုန်းကျေးရွာနေ ဦးသန်းဦး-ဒေါ်တွတ် တို့၏သားဖြစ်သူ **မောင်လှိုင်ထွန်းမြတ် (၉/ပသက(နိုင်) ၁၄၂၀၄၆)** သည် မိဘ၏ဆိုဆုံးမှုကို မနာခံဘဲ မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

ဒေါ်တွတ် (၉/ပသက(နိုင်)၀၁၁၀၂၄)

## ဖခင်အမည်မှန်

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အ.ထ.က(ခွဲ) လ-၅၊ Grade-10 တွင် ပညာသင်ကြားနေသော မစုနန္ဒာကို ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်ကိုကိုမင်း ဖြစ်ပါကြောင်း။

ဦးအောင်ကိုကိုမင်း (၉/စကတ(နိုင်)၀၈၆၅၉၆)

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မှတ်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဧပယျဩဒါနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ **လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး ပညာရည်မြင့်မားရေး၊ တိုင်းရင်းသား ညီအစ်ကိုအားလုံး စည်းလုံးညီညွတ်ရေးတို့သည် မိမိတို့ ဦးတည်ရမည့် အမျိုးသားရေးကိစ္စ၊ အမျိုးသားရေး အကျိုးစီးပွားပင်ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ကျရောက်သော (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန်လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## ပဲရစ်အိုလံပစ်အားကစားပွဲတော် အမျိုးသမီးဂေါက်သီးရိုက်ပြိုင်ပွဲတွင် နယူးဇီလန်ဂေါက်သီးရိုက်မယ် လိုင်ဒီယာကို ရွှေတံဆိပ်ဆုဆွတ်ခူး



ပဲရစ် ဩဂုတ် ၁၁

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်၌ ကျင်းပနေသည့် အိုလံပစ်အားကစားပွဲတော်၏ အမျိုးသမီး ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နယူးဇီလန်ဂေါက်သီးရိုက်မယ် လိုင်ဒီယာကို ရွှေတံဆိပ်ဆုဆွတ်ခူးခဲ့ကြောင်း သိရသည်။

လိုင်ဒီယာကိုသည် ၂၀၁၆ ခုနှစ် ရီယိုအိုလံပစ်အားကစားပွဲတော်၌ ငွေတံဆိပ်ဆု၊ ၂၀၂၀ တိုကျိုအိုလံပစ်အားကစားပွဲတော်၌ ကြေးတံဆိပ်ဆုနှင့် ယခုကျင်းပလျက်ရှိသည့် ပဲရစ်အိုလံပစ်အားကစားပွဲတော်၌ ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး အိုလံပစ်အားကစားပွဲတော်သုံးကြိမ်ဆက်တိုက်တွင် ဆုတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည့် ကစားသမားအဖြစ်

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

## မြစ်ရေအခြေအနေ

**၂၀၂၄ ခုနှစ် ဩဂုတ်လ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၃ ပေမှ ၄ ပေခန့်၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၂ ပေမှ ၃ ပေခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးဝမြို့တွင် ၁ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၁ ပေမှ ၃ ပေခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် ၂ ပေခန့် လက်ရှိရေမှတ်များထက်မြင့်တက်လာနိုင်ပြီး စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၁ ပေမှ ၃ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၂ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၁ ပေမှ ၂ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၃ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၁ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၁ ပေမှ ၃ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၁ ပေခန့် လက်ရှိမြစ်ရေမှတ်များအောက် ကျဆင်းလာနိုင်ကြောင်း သိရသည်။ (မိုး/ဇလ)

## စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၁၉ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၁၉ ဒသမ ၈ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ခြောက်သိန်းဖမ်းဆီးရမိ

စာမျက်နှာ- ၂၂



## ထူးခြားသည့် နေ့အပူချိန်များ (၁၁-၈-၂၀၂၄)

| | | | |
|---|---|---|---|
| ချောက် | ၄၀ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ် | ညောင်ဦး | ၃၈ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၄၀ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် | မန္တလေး | ၃၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၉ ဒသမ ၁ ဒီဂရီဆဲလ်စီးယပ် | ရွှေဘို | ၃၈ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၈ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ် | ရေဦး | ၃၈ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၈ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ် | ရန်ကုန် | ၃၄ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ် |

